# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၃)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (6-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၉၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံနှင့် နီကာရာဂွါသမ္မတနိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်သည့် ၅ နှစ်ပြည့်အထိမ်းအမှတ်အခါသမယတွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် ဩဂုတ် ၆

၂၀၂၅ ခုနှစ် ဩဂုတ် ၆ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နီကာရာဂွါသမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်သည့် ၅ နှစ်ပြည့်အထိမ်းအမှတ်အခါသမယတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နီကာရာဂွါသမ္မတနိုင်ငံ ပူးတွဲသမ္မတများဖြစ်ကြသည့် မစ္စတာဒန်နီရယ် အော်တီဂါ ဆာဗေဒရာနှင့် မစ္စရိုဆာရီယိုမူရီလိုတို့သည် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

(သတင်းစဉ်)

## ရန်ကုန်မြို့သို့ ရေငန်ထွက်ကုန်များ ဝင်ရောက်လျက်ရှိပြီး ပြည်ပပို့ကုန်အဖြစ် အအေးခန်းစက်ရုံများတွင် သိုလှောင်လျက်ရှိ



ရန်ကုန် ဩဂုတ် ၅

ရန်ကုန်မြို့သို့ ရေငန်ထွက်ကုန်များ ဝင်ရောက်လျက်ရှိပြီး ပြည်ပပို့ကုန်အဖြစ် သက်ဆိုင်ရာဆိပ်ကမ်းများမှ အအေးခန်းစက်ရုံများတွင် သိုလှောင်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ငါးဖမ်းစက်လှေအစီး ၅၀၀ ကျော်ရှိပြီး မုန်တိုင်းကာလ ပင်လယ်ပြင်လှိုင်းလေထန်ချိန်တွင် ငါးဖမ်းစက်လှေများ ကမ်းများ၌ တစ်ပတ်တာနားခိုခဲ့ကြသော်လည်း လက်ရှိတွင် ပင်လယ်ပြင်၌ ငါးဖမ်းစက်လှေအစီး ၃၅၀ ကျော် ငါး၊ ပုစွန် ဖမ်းဆီးလျက်ရှိကာ ဖမ်းဆီးရမိသည့် ငါး၊ ပုစွန်များကို ငါးသယ်စက်လှေများဖြင့် ရန်ကုန်မြို့ရှိ ဆိပ်ကမ်း ၁၀ ခုသို့ ပို့ဆောင်ပေးလျက်ရှိသည်။

စာမျက်နှာ ၁၆ ကော်လံ ၁

ကြည့်မြင်တိုင်စံပြငါးဈေးဆိပ်ကမ်းသို့ ပင်လယ်ရေထွက်ကုန်များ ဝင်ရောက်လာမှုကို တွေ့ရစဉ်။

**ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကျန်းမာရေး အခြေအနေနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်** စာမျက်နှာ- ၁၈

**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခန့်အပ်** စာမျက်နှာ- ၁၈

**ထိုင်းဘုရင့်လေတပ်မှ အုပ်အဆင့် အပြန်အလှန်လေ့လာရေး အဖွဲ့များနှင့် ဖျော်ဖြေရေးအဖွဲ့များ မြန်မာနိုင်ငံသို့လာရောက်** စာမျက်နှာ- ၁၉




ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၆ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင်၊ သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်သာယာရေးအတွက် သစ်တောသစ်ပင်များနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းသာယာစေရန်အတွက် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရာတွင် သစ်တော၊ သစ်ပင်များကို တန်ဖိုးထားထိန်းသိမ်းကြရမည်ဖြစ်ပြီး လေထု၊ ရေထုညစ်ညမ်းမှုများလျှော့ချနိုင်ရေး၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရေး၊ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး၊ သဘာဝသားငှက်တိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များကိုပါ ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတစ်ဝန်းသစ်တောဖုံးလွှမ်းမှု ပိုမိုအားကောင်းလာစေရန် နိုင်ငံတော်အစိုးရကဦးဆောင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် နှစ်စဉ်ကျင်းပလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ရုံးအစည်းအဝေးခန်းမ၌ ဩဂုတ် ၁ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ **"ယခုအခါတွင် ကမ္ဘာတစ်ဝန်း၌ ရေကြီးခြင်း၊ လျှောက်လှုပ်ခတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းများ၊ မြစ်ချောင်းများတိမ်ကောမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်လာခြင်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်သာယာရေးအတွက် မိမိတို့အနေဖြင့် သစ်တောသစ်ပင်များနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုအနေဖြင့် ယခင်က ၅၀ ရာခိုင်နှုန်းကျော်ရှိခဲ့ပြီး ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာရှိသည့်အတွက် သစ်တောဖုံးလွှမ်းမှုများတိုးတက်လာစေရန်နှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် နှစ်ရှည်ပင်များကို တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"ဆိုသည့် အတိုင်းသစ်တောဧရိယာများ၌ နှစ်ရှည်ပင်များနှင့် အရိပ်ရလေကာပင်များကို တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း"**ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၄၅ တွင် **"နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်"**ဟုလည်းကောင်း၊ ပုဒ်မ ၃၉၀၊ အပိုဒ်(ခ)တွင် **"နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများတွင် နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည်"**ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။ ထိုသို့ပြဋ္ဌာန်းထားသည်နှင့်အညီ နိုင်ငံတော်ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို နိုင်ငံသားတိုင်းတာဝန်သိသိဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာတွင် နိုင်ငံသားများသည် တစ်ဦးချင်းအနေဖြင့်သာမက တစ်နိုင်ငံလုံးအနေဖြင့်ပါ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ဖြစ်ပေါ်ပြောင်းလဲနေမှုများကိုသတိမူပြီး လက်တွေ့ကျကျ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ကြမှသာ ကမ္ဘာ့အလယ်တွင် စိမ်းလန်းစိုပြည်သာယာလှပသောနိုင်ငံတော်အဖြစ် အစဉ်ရပ်တည်နေနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ဝက်လက် ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၁၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၃ ဒသမ ၁၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ စပါး ၁၂၁၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာတွေ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာတွေ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် စပါးစိုက်တောင်သူများကို တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် နတ်ကန်(ရ)ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဝမ်းတွင်း ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်ကန်(ရ) ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းဖြင့် ဒေသန္တိစားနွားမွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက နတ်ကန်(ရ)ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ရှေ့ဆောင်အဖွဲ့၊ လမ်းပြအဖွဲ့၊ စံပယ်အဖွဲ့နှင့် ချမ်းသာ အဖွဲ့လေးဖွဲ့မှ နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နတ်ကန်(ရ)ကျေးရွာ၌ RBF စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀၊ အစုအဖွဲ့များထည့်ဝင်ငွေကျပ် သိန်း ၁၀၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီးရရှိစေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ RBF စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၁၀၅၅ ဧက စိုက်ပျိုးပြီးစီး

**မြောင်းမြ ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၁၀၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၁၀၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံစုံ လျာထားဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးဖြစ်ကြောင်း၊ အဆိုပါ မိုးသီးနှံများစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ စားဖိုဆောင်သီးနှံစုံ ၁၀၅၅ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့အသီးအနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ မျိုးစေ့နဲ့ဈေးကွက်ဝင်အသီးအနှံတွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီနှစ် စားဖိုဆောင်သီးနှံကို အစုံစိုက်ပျိုးထားပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် စားဖိုဆောင်သီးနှံစုံ ၁၀၅၅ ဧကတွင် ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူးသီး၊ သခွားသီး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်သီးနှံများကို စိုက်ပျိုးထားကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် ကန်သစ်ကျတ္တီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ကန်သစ်ကျေးရွာအုပ်စု ကန်သစ်ကျတ္တီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်း အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများ ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅ ဒသမ ၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကန်သစ်ကျတ္တီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၃၃ ဒသမ ၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၂သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၂ ဦးကို ငွေကျပ် ၄၅ ဒသမ ၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၈၉ လမ်းနှင့် ၄၂ လမ်းထောင့်နေ ဒေါ်ငွေမွေးနေ့အထိမ်းအမှတ်အဖြစ် နေ့ဆွမ်း ဒံပေါက်ကုသိုလ်နှင့် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၀၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၀၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၇၀၆ ဧကစိုက်ပျိုးရန်လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၀၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဘုတလင်မြို့နယ်အတွင်း နေကြာဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်ပျိုးသည့် တောင်သူများကို ပညာပေးသင်တန်းများ အရှိန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် နေကြာစိုက်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယား ဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားရှိပြီး ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူသို့ ဖလှယ်သည့်နည်းစနစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# ဇီးကုန်းမြို့နယ် သစ်စင်အရှေ့စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဇီးကုန်း ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သစ်စင်အရှေ့စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွယ်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ သစ်စင်အရှေ့စုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ၊မရှိ အခြေအနေများနှင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

သစ်စင်အရှေ့စုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၀၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၉၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၉ သန်းထုတ်ချေးပေးထားကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွယ်က ပြောပြ၍ သိရသည်။

**ကိုညို**

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီသီဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ထိုသို့မတ်ပဲများ အရောင်းအဝယ်ကောင်းလာသောကြောင့် တောင်သူများ၊ ကုန်သည်များ၊ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ အဆင်ပြေကြကြောင်း သိရသည်။

"အိမ်မဲမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇူလိုင်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၆၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မတ်ပဲတွေကို ဇွန်လကထက်ဇူလိုင်လမှာ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒေသထွက် ပဲတွေ၊ စပါးတွေကို ဒီဘက်က ကုန်သည်တွေနဲ့ ပွဲရုံပိုင်ရှင်တွေက ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခုလို မတ်ပဲတွေကို တင်ပို့ရောင်းချအား ကောင်းလာတော့ မတ်ပဲစိုက်တောင်သူတွေ အလုပ်အကိုင်အဆင်ပြေကြပါတယ်"ဟု အိမ်မဲမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီသီဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါမတ်ပဲများ ဝယ်လိုအားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မဟာဗောဓိသို့ စစ်ကိုင်းမင်းပို့ခဲ့သည့်ကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)



စစ်ကိုင်းမင်း၏ အလှူတော်ကျောက်စာပေးပို့ခဲ့သည့် မဟာဗောဓိမဏ္ဍိုင်ကို တွေ့ရစဉ်။

ဗုဒ္ဓဘုရားရှင်ပွင့်ထွန်းခဲ့သည့် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ဒေသနှစ်ခုကြား ဆက်သွယ်မှုများရှိခဲ့သည်။ ဗုဒ္ဓဝင်ကျမ်းများအလိုအရ ဘုရားရှင်ပွင့်တော်မူချိန်ကတည်းက မြန်မာများနှင့် အိန္ဒိယတိုင်းသားများသည် အပြန်အလှန်ဆက်သွယ်မှုများရှိခဲ့သည်။ အထူးသဖြင့် တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်က ဘုရားရှင်ကို ဖူးမြင်ခဲ့သည့်ဇာတ်လမ်းသည် အများယုံကြည်လက်ခံထားသည့် ဗုဒ္ဓဝင်ဖြစ်တော်စဉ်တစ်ခုဖြစ်ပေသည်။

ပျူခေတ်နှင့် ပုဂံခေတ်တွင် ဒေသနှစ်ခုကြား၌ ဆက်သွယ်မှုများ အထင်အရှားရှိခဲ့ကာ ပုဂံခေတ်တွင် အိန္ဒိယယဉ်ကျေးမှု သွင်ပြင်လက္ခဏာတချို့သည် ပုဂံဒေသသို့ရောက်ရှိလာခဲ့သည်။ ထို့ကြောင့် ပုဂံတွင် တည်ဆောက်ခဲ့သည့် စေတီ၊ ပုထိုးများစွာတွင် အိန္ဒိယအနုပညာလက်ရာဟန်များပါရှိနေကြောင်း တွေ့မြင်ကြရသည်။ ထို့အတူ မြန်မာနိုင်ငံတွင် ယနေ့တိုင်ထွန်းကားနေသည့် ဗုဒ္ဓဘာသာသည် မဇ္ဈိမဒေသ အိန္ဒိယမှ ရောက်ရှိလာသည့် ဘာသာတရားဖြစ်သည်။

**ဗုဒ္ဓဂယာနှင့် မြန်မာဘုရင်များ**

ကမ္ဘာတစ်ဝန်းရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားသည့် ဗုဒ္ဓဂယာသည် အိန္ဒိယနိုင်ငံ ဂယာခရိုင်တွင်တည်ရှိသည်။ ဗုဒ္ဓဘုရားရှင်သည် ဂယာရှိဗောဓိညောင်ပင်၌ သမ္မာသမ္ဗောဓိ ခေါ် သစ္စာအလင်းရောင်ကိုရရှိတော်မူသဖြင့် ဗုဒ္ဓဂယာကို ဗောဓိမဏ္ဍလ(ဗောဓိမဏ္ဍိုင်)ဟုလည်း ဖော်ပြကြသည်။

ဗုဒ္ဓဂယာရှိမဟာဗောဓိစေတီကိုမြန်မာဘုရင်များအနက် ပုဂံဘုရင်ကျန်စစ်သားက ပထမဆုံး လှူဒါန်းပြုပြင်ခဲ့သည်။ ပုဂံခေတ်၌ပင် ကျော်စွာမင်း(၁၂၈၇-၁၂၉၈)လက်ထက်တွင် ဗုဒ္ဓဂယာသို့ သံအဖွဲ့တစ်ဖွဲ့စေလွှတ်ပြီး မဟာဗောဓိစေတီအတွက် ထီးတော်ကို ပေးပို့လှူဒါန်းခဲ့သည်။

ရခိုင်ဘုရင် လက်ယာမင်းနန်(၁၁၀၃-၁၁၀၉)သည်လည်း မဟာဗောဓိကို ပြုပြင်မွမ်းမံခဲ့သည်။ ရခိုင်ရှေးဟောင်းမြို့တော် (ယခု မြောက်ဦးမြို့နယ်)၌ မဟာဗောဓိနှင့်ပုံစံတူသည့် နမူနာစေတီတစ်ဆူကို တူးဖော်ရရှိခဲ့သည်။ ထိုပုံစံတူစေတီကို အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားပြတိုက်တွင် ထိန်းသိမ်းထားရာ ထိုစေတီသည် ရခိုင်ဘုရင်၏ကောင်းမှုကို ဖော်ပြသည့် နမူနာပုံဖြစ်မည်ဟုယူဆကြသည်။

ရခိုင် လောင်းကြက်မင်းဆက်ဘုရင် မင်းထီးသည် ၁၂၉၆ ခုနှစ်မှ ၁၂၉၈ ခုနှစ်အတွင်း မဟာဗောဓိစေတီ ပင်မအဆောက်အအုံနှင့် စေတီအပြင်ပိုင်းကို ပြုပြင်မွမ်းမံခဲ့ကြောင်း ယူဆရသည်ဟုဆိုကြသည့်အတိုင်း လက်ရန်းကျောက်တိုင်တချို့တွင် မြန်မာလက်ရာ လူပုံနှင့်စေတီပုံများကိုတွေ့မြင်ရသည်။

ထို့အတူ ကုန်းဘောင်ခေတ်တွင် ဗဒုံမင်း၊ စစ်ကိုင်းမင်း၊ မင်းတုန်းမင်းတို့သည် ဗုဒ္ဓဂယာနှင့် ဆက်ဆံမှုများရှိခဲ့ကြသည်။ သမိုင်းမှတ်တမ်းများအရ ဘိုးတော်ဗဒုံမင်းသည် ၁၈၁၀ ပြည့်နှစ်တွင် ဗုဒ္ဓဂယာသို့ အဖွဲ့တစ်ဖွဲ့စေလွှတ်ကာ မဟာဗောဓိစေတီတွင် ကောင်းမှုကုသိုလ်ပြုခဲ့သည်။ ဘကြီးတော်စစ်ကိုင်းမင်းကလည်း ၁၈၂၃ ခုနှစ်တွင် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့စေလွှတ်၍ လှူဖွယ်ဝတ္ထုများပေးပို့လှူဒါန်းပြီး မှတ်တမ်းကျောက်စာရေးထိုးပေးပို့ခဲ့သည်။ ၁၈၇၄ ခုနှစ်တွင် မင်းတုန်းမင်းသည် ဗုဒ္ဓဂယာသို့ သွားရောက်ကြသည့် မြန်မာဘုရားဖူးများတည်းခိုရန် ဇရပ်တစ်ဆောင် တည်ဆောက်လှူဒါန်းခဲ့ရုံသာမက ကိုယ်စားလှယ်အဖွဲ့ကို စိန်လုံးရေ ၅၀၀၊ မြ ၃၁၁ လုံး၊ ကျောက်နီ ၃၉၆၆ လုံး၊ ပုလဲ ၆၂၃ လုံး၊ ထီး၊ တံခွန်၊ မြူတာ၊ ပန်းကုံး၊ ပန်းခိုင် စသည့်အလှူတော်များကို စကြာယာဉ်မီးသင်္ဘောဖြင့် သယ်ယူသွားစေခဲ့သည်။

မဟာဗောဓိစေတီကို မြန်မာဘုရင်များ မွမ်းမံလှူဒါန်းခဲ့သည့် အထောက်အထားတစ်ရပ်အဖြစ် အဝဟု မြန်မာအက္ခရာဖြင့်ရေးထွင်းထားသည့် အုတ်ချပ်တစ်ချပ်ကို မဟာဗောဓိစေတီမှရရှိခဲ့သည်။ ယိုယွင်းပျက်စီးနေသည့် မဟာဗောဓိစေတီ၏ ပြာသာဒ်၌ စာရေးထွင်းထားသည့် အုတ်ချပ်သုံးချပ်ကို အိန္ဒိယနိုင်ငံရှေးဟောင်းသုတေသနဌာနမှ မစ္စတာကနင်းဂန်းကတွေ့ရှိခဲ့သည်။ ထိုအုတ်ချပ်သုံးချပ်အနက် တစ်ချပ်တွင် မြန်မာအက္ခရာဖြင့် အဝဟု ရှင်းလင်းစွာရေးထွင်းထားကြောင်း စာရေးဆရာ ပါရဂူက ဖော်ပြခဲ့သည်။

**ကင်းဝန်မင်းကြီးရောက်ရှိခဲ့သည့် ဗုဒ္ဓဂယာ**

မြန်မာနိုင်ငံမှ ဗုဒ္ဓဂယာသို့ သွားရောက်ခဲ့သည့် မြန်မာတော်ဝင်သံအမန်များအနက် ရတနာပုံခေတ် သေနတ်ဝန် ကင်းဝန်မင်းကြီးသည် အထင်ရှားဆုံးဖြစ်သည်။ ကင်းဝန်မင်းကြီးသည် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် ကာလကတ္တားသွားနေ့စဉ်မှတ်စာတမ်းကိုရေးသားခဲ့ပြီး ထိုစာတမ်းတွင် ဂယာခရီးစဉ်အကြောင်းကို ထည့်သွင်းဖော်ပြခဲ့သည်။

သက္ကရာဇ် ၁၂၃၇ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက် (၁၈၇၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက်) သောကြာနေ့ နံနက်မိုးသောက်ချိန်တွင် ကင်းဝန်မင်းကြီးနှင့်အဖွဲ့သည် ဂယာမြို့မှထွက်ခွာခဲ့သည်။ ခရီးတာ ၅၀၀ အရောက်တွင် ဂယာမြို့၏တောင်ဘက်စူးစူးအရပ်၌ သီရိဓမ္မာသောကမင်းတည်ခဲ့သည့် စေတီကြီးကို ခရီးသုံးတိုင်အကွာကပင် မြင်ရသည်ဟုဆိုသည်။ ကင်းဝန်မင်းကြီးနှင့်အဖွဲ့သည် ထိုနေ့နံနက် ၁၀ နာရီတွင် မဟာဗောဓိသို့ရောက်ရှိခဲ့သည်။

ကင်းဝန်မင်းကြီးနှင့်အဖွဲ့သည် မဟာဗောဓိစေတီသို့ မင်းတုန်းမင်းလှူဒါန်းသည့် အလှူပစ္စည်းများသယ်ယူလာသည့် သေတ္တာများကို ဦးစွာကုလားအုတ်လှည်းရထားဖြင့် သယ်ဆောင်ခဲ့သည်။ ဂယာမြို့မှလွန်လျှင် လမ်းမကောင်းသဖြင့် သေတ္တာများကို နွားလှည်းသို့ ပြောင်းရွှေ့တင်ဆောင်ခဲ့ရသည်။

သံအဖွဲ့သည် မဟာဗောဓိသို့ရောက်လျှင် မဟန္တဂိ အမည်ရှိ ဇော်ဂျီက ကင်းဝန်မင်းကြီးဦးဆောင်သည့် သံတော်အရာရှိများကို တိုက်အိမ်နေရာချထားပေးကာ ကောင်းမွန်စွာလက်ခံပြုစုခဲ့သည်။ မဟန္တဂိသည် ဗောဓိပင်ကို ဘိုးစဉ်ဘောင်ဆက်ကစ၍ အမြဲစောင့်ရှောက်နေထိုင်ခဲ့သူဖြစ်ကာ တပည့်လက်သားဇော်ဂျီ ၁၀၀၀ ကျော်တို့၏ အကြီးအမှူးဖြစ်သည်။ အင်္ဂလိပ်အစိုးရက မဟာဗောဓိပင်ထက်ဝန်းကျင် တာ ၁၀၀၀ အတွင်းရှိ ဝတ္ထုကံမြေများကို ထိုဇော်ဂျီအား အပိုင်စားပေးထားခဲ့သည်။

ကင်းဝန်မင်းကြီးနှင့် ဆုံတွေ့ချိန်တွင် ထိုဇော်ဂျီသည် အသက် ၃၅ နှစ်သာရှိသေးသည်။ ကင်းဝန်မင်းကြီးက ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်တွင် မဟာဗောဓိသို့ အလှူပစ္စည်းများ၊ အလှူတော်များပေးပို့ခဲ့ကြောင်း ပြောပြခဲ့သည်။ မဟန္တဂိကလည်း မိမိသည် ထိုအချိန်က ငယ်ရွယ်သေးသော်လည်း မိမိ၏အဘဇော်ဂျီကြီးက ကောင်းမွန်စွာလက်ခံခဲ့ပုံကို အသေအချာမှတ်မိကြောင်း ပြန်လည်ရှင်းပြခဲ့သည်။

ကင်းဝန်မင်းကြီးနှင့်အဖွဲ့သည် အရှေ့အနောက် ၃၃ တာ၊ တောင်မြောက် ၁၂၄ တာ အဝန်းအဝိုင်းကို ကိုးတောင်မြင့်သည့် အုတ်တံတိုင်းကာရံထားသည့် ဝင်းအတွင်း၌ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်က အတင်အလှူတော်များနှင့် စေလွှတ်ခဲ့စဉ်က တည်ဆောက်ခဲ့သည့် ကျောက်စာဂူပြာသာဒ်ကို မြင်တွေ့ခဲ့သည်။ ထိုကျောက်စာဂူသည် အကျယ်အဝန်း စတုရန်းခြောက်တောင်နှင့် အမြင့် ၁၅ တောင်ရှိသည်။ ကျောက်စာဂူပေါ်တွင် ဘုံငါးဆင့် သံထီးစိုက်ထားပြီး ကျောက်စာဂူ၏ အရှေ့ဘက် ငါးတောင်အကွာ၌ ခုနစ်တောင်မြင့်သော အုတ်တိုင်ပေါ်တွင် သံထီးတစ်ခုကိုစိုက်ထားရာ ထိုသံထီးသည် အဝသုံးတောင်နှင့် အမြင့် ငါးတောင်ရှိကြောင်း ကင်းဝန်မင်းကြီးက မှတ်တမ်းရေးသားခဲ့သည်။

**❖ဘကြီးတော်စစ်ကိုင်းမင်း၏ အလှူတော်ကျောက်စာတွင်ရေးထွင်းမည့်စာသားများကို ဝက်မစွပ်မြို့စား မဟာသီရိစည်သူက စီကုံးရေးသားခဲ့သည်။ ကျောက်စာတွင် စာကြောင်းရေ ၈၅ ကြောင်း ရေးထိုးထားရာ အရေးအသားသည် မြန်မာဘာသာလင်္ကာစကားပြေဖြစ်သည်။ ကျောက်စာမျက်နှာပြင်သည် အလျားနှစ်တောင်တစ်မိုက်၊ အနံ တစ်တောင်တစ်မိုက် သုံးသစ်ရှိကြောင်း ကျောက်စာတွင်ဖော်ပြထားသည်။ ကျောက်စာကို "ဓေယျတု အာဒိစ္စောဝ ပရိဗ္ဗန္တော၊ အတ္တနော တေဇသာ နဘံ၊ ပရစက္က ဇနမ္ဗူဇံ၊ ဇာံဒေတု ဇယက်ရော"ဟု ပါဠိလင်္ကာဖြင့် အစချီရေးထိုးကာ ပါဠိစာသားကို နိဿယပြန်ဆိုထားသည်။ ❖**

**ဘကြီးတော် စစ်ကိုင်းမင်း၏ ကျောက်စာ**

ရတနာပူရ စတုတ္ထမြို့တည်နန်းတည် ဘကြီးတော် မင်းတရားလက်ထက် သက္ကရာဇ် ၁၁၈၃ ခုနှစ် နတ်တော်လတွင် မဇ္ဈိမဒေသ အနောက်တိုင်းပြည် ဂယာသီသအရပ် မဟောဗောဓိပင်သို့ ကျောက်စာနှင့် အထူးထူးသော အလှူတော်များကို ပေးပို့လှူဒါန်းခဲ့သည်။ ထိုအလှူတော်များကိုပေးပို့ရန် ဘကြီးတော်စစ်ကိုင်းမင်းသည် ဘိသိက်တော်ဆက် ရှစ်ပါးပုဏ္ဏားခေါင်း နန္ဒရံ၊ မြေနန်းဝန် မဟာမင်းလှသာဂသူ၊ အမှာရေး ငရွှေလူတို့ကို ဂယာသို့စေလွှတ်ခဲ့သည်။

ပုဏ္ဏားပုရောဟိတ်နှင့် မြေနန်းဝန်တို့သည် ကျောက်စာနှင့်အလှူတော်ပစ္စည်းများကို မဟာဗောဓိပင်ရှိရာသို့ယူဆောင်ခဲ့ကာ ကျောက်စာကိုစိုက်ထူခဲ့သည်။ ထို့နောက် မဟာဗောဓိမှ ဇော်ဂျီ အကြီးအကဲ ပေးအပ်သည့် မဟန္တဇိကသကျမုနိရုပ်ရှင်တော်နှင့် ဗောဓိပင်ငယ်သုံးပင်ကို ယူဆောင်ကာ ဘင်္ဂလားမြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ပြန်လာခဲ့ကြသည်။

ဘကြီးတော်စစ်ကိုင်းမင်း၏ အလှူတော်ကျောက်စာတွင် ရေးထွင်းမည့်စာသားများကို ဝက်မစွပ်မြို့စား မဟာသီရိစည်သူက စီကုံးရေးသားခဲ့သည်။ ကျောက်စာတွင် စာကြောင်းရေ ၈၅ ကြောင်း ရေးထိုးထားရာ အရေးအသားသည် မြန်မာဘာသာ လင်္ကာစကားပြေဖြစ်သည်။ ကျောက်စာမျက်နှာပြင်သည် အလျားနှစ်တောင်တစ်မိုက်၊ အနံ တစ်တောင် တစ်မိုက် သုံးသစ်ရှိကြောင်း ကျောက်စာတွင် ဖော်ပြထားသည်။

ကျောက်စာကို "ဓေယျတု အာဒိစ္စောဝ ပရိဗ္ဗန္တော၊ အတ္တနော တေဇသာ နဘံ၊ ပရစက္ကံ ဇနမ္ဗူဇံ၊ ဇာံဒေတု ဇယက်ရော"ဟု ပါဠိလင်္ကာဖြင့် အစချီရေးထိုးကာ ပါဠိစာသားကို နိဿယပြန်ဆိုထားသည်။ မြတ်စွာဘုရားသည် ရွှေနန်းသခင်မင်းတရားအား အောင်မြင်ခြင်းကို ပေးတော်မူစေသတည်း၊ ရွှေနန်းသခင်မင်းတရားသည် လူအပေါင်းအား အောင်မြင်ခြင်းကို ပေးတော်မူပါစေသတည်းဟုဆိုလိုသည်။

ဆက်လက်၍ ဂေါတမဘုရားရှင်သည် ဒီပင်္ကရာဘုရားရှင်၏ နိယတဗျာဒိတ်ခံယူပုံ၊ နောက်ဆုံးဘဝတွင် မဟာဗောဓိမဏ္ဍိုင်အောက်၌ ဘုရားအဖြစ်ပွင့်တော်မူပုံ၊ ကုန်းဘောင်နဂရဟု မည်တွင်သည့် ဤပြည်ကြီး၌ သီရိပဝရသုဓမ္မ မဟာဓမ္မ ရာဇာဓိရာဇာ အမည်ရှိသော တရားမင်းမြတ်သည် သက္ကရာဇ် ၁၁၈၁ ခုနှစ် နယုန်လဆန်း ၁၃ ရက် စနေနေ့တွင် တောင်မိဖုရားကြီးနှင့်အတူ နန်းတက်ခဲ့ကြောင်း ရေးထိုးခဲ့သည်။

ဆက်လက်၍ နန်းတက်ပြီးနောက် ဝီရိယဉဿာဟဖြင့် သာသနာတော်၌ တုန်လှုပ်ခြင်းမရှိသော သဒ္ဓါတရားဖြင့် စည်းခုံဂူထွတ်၊ ပြာသာဒ်၊ တန်ဆောင်း၊ ကျောင်း စသောပရိကမ္မအပေါင်းတို့ဖြင့် ပါရမီတော်ဖြစ်စေခဲ့ပုံ၊ စန္ဒရဂန္ဓရှိန်၊ ဇော်ရဟိန် စသောမင်းတို့က ရှိခိုးညွတ်ခရပုံ၊ ဘုရင်မဖြစ်မီကပင် မင်းဖြစ်သောအခါတွင် ဘုရားပွင့်ရာဗောဓိမဏ္ဍိုင်ကို ချီးမြှင့်တော်မူမည်ဟု စိတ်ရည်မှန်းခဲ့ပုံ၊ ရွှေငွေပတ္တမြား သုံးပါးခြယ်သော ထီး၊ တံခွန်၊ တန်ဆောင်း၊ ပန်းခုံ၊ ပန်းခိုင်၊ ပေါက်ပေါက် စသောဒါတဗ္ဗအလှူဝတ္ထုအပေါင်း ပြည့်စုံစေပုံ၊ သက္ကရာဇ် ၁၁၈၃ ခုနှစ် ကြတ္တိကာလ၌ ဘုရားရှင်ကိုရည်မှတ်လျက် သီရိပဝရမဟာရာဇိန္ဒာ ရတနာဒေဝီအမည်ရှိ တောင်မိဖုရားကြီးနှင့်တကွ အနုမောဒနာကြော်ငြာသံတို့ဖြင့် အဟုန်မစဲလှူပွဲသဘင်ဆင်ယင်တော်မူပုံကို ရေးထိုးခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ်လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စပါး ၁၂၁၄၂ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လကုန်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပြီး တစ်ကေလျှင် စပါး ၁၀၄ ဒသမ ၀၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက စပါး ၁၂၁၄၂ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နွေစပါးစိုက်ခင်းတွေကို အခုနှစ် ဇွန်လကုန်က စတင်ရိတ်သိမ်းခဲ့ရာ ဒီနေ့မှာ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို သီးနှံအထွက်နှုန်းလျော့နည်းမှုမရှိစေဖို့အတွက် အချိန်မီရိတ်သိမ်းခြွေလှေ့နည်းစနစ်တွေ၊ ရိတ်သိမ်းပြီးစပါးတွေကို အရည်အသွေးကောင်းမွန်အောင် အမိုးအကာအောက် အချိန်မီရောက်ရှိစေဖို့နဲ့ မျိုးကောင်းမျိုးသန့်ထားသိုထိန်းသိမ်းနည်းပညာတွေကို အသိပညာပေးဆောင်ရွက်ပေးပါတယ်။ ဒေသခံတောင်သူတွေ စပါးကို အချိန်မီရိတ်သိမ်းခြွေလှေ့နိုင်ဖို့အတွက်ကိုလဲ စက်မှုလယ်ယာဦးစီးဌာနက ပံ့ပိုးကူညီပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ နွေစပါးစိုက်ပျိုးရာတွင် မဲဇလီရေလွှဲဆည်ရေ၊ လျှပ်စစ်ဓာတ်အားတွဲဖက်အသုံးပြု ဆိုလာရေတင်စနစ်၊ မြေအောက်ရေတို့ဖြင့် စိုက်ပျိုးကြပြီး ဒေသခံတောင်သူများကို ရာသီအလိုက်သီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေနှင့် သီးနှံအောင်ရေများကို လုံလောက်စွာရယူသုံးစွဲနိုင်ရန် သက်ဆိုင်ရာဌာနများက ရေလက်တံမြောင်းများမှတစ်ဆင့် လယ်ယာစိုက်ခင်းများအရောက် စနစ်တကျဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

➤ **စာမျက်နှာ ၄ မှအဆက်**

ဘကြီးတော်စစ်ကိုင်းမင်းသည် ထိုကောင်းမှုအစုစုအတွက် ဘုရားဆုပန်ကာ အမျှဝေခဲ့ပုံကို "အဆုံးစွန်သော ကိုယ်တော်အဖြစ်၌ သမ္မာသမ္ဗုဒ္ဓဆုကြီးရ၍ ဝေနေယျတို့ကို နိဗ္ဗာန်တရားဟောကြားကယ်ချွတ်နိုင်လိုသော၊ ဘဝများစွာ သံသရာလည်း ပါရမီဆယ်ပါး၊ တရားအထွတ်တိုင်လိုသော၊ ဆုတောင်းပတ္ထနာတော်နှင့်တကွ မယ်တော်၊ ခမည်းတော်၊ ဘိုးတော်၊ ဘွားတော်၊ ဘေးတော်မင်းတရားကြီးတို့ကိုလည်း အမျှဝေတော်မူသည်။ မဟာပထဝီ ဤမြေကြီးကားငါ၏သက်သေဖြစ်စေသောဝ်ဟူ၍ လည်း ရွှေကရားဖြင့် ရေစက်သွန်းချတိုင်တန်းတော်မူသည်"ဟု ဖတ်ရှုရပေသည်။

ကျောက်စာနိဂုံးပိုင်းတွင် အမရပူရရွှေနန်းတော်မှ မဟာရာဇိန္ဒ အဂ္ဂမဟာဓမ္မရာဇာဂုရုမည်သော ပုရောဟိတ်၊ မြေနန်းတော်ဝန် မဟာမင်းလှသာဂသူဟူသော အမတ်ကို မဇ္ဈိမတိုက်၊ မဟာဗောဓိမဏ္ဍိုင်၌ ဤကျောက်စာသံပိုင်းကို ထိုးမှတ်စိုက်ထားစေရသတည်းဟု မှတ်တမ်းတင်ခဲ့သည်။

စောလှမြို့စား နေမျိုးသီဟရာဇသူအမတ်ကိုခန့်အပ်၍ မဇ္ဈိမတိုက်၊ ဗောဓိမဏ္ဍိုင် သံပိုင်းတော်ကို ကောဇာသက္ကရာဇ် ၁၁၈၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့တွင် ဣန္ဒနီလာကျောက်သားပြင်၌ ကောင်းမွန်တင့်တယ်စွာ ရေးသားထုလုပ်ရ၏ဟု ဖော်ပြကာ ကျောက်စာကို အဆုံးသတ်ထားသည်။

ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်နေရာတော်တစ်ခုဖြစ်သည့် ဗုဒ္ဓဂယာတွင် စိုက်ထူခဲ့သည့် မြန်မာဘုရင်များ၏ ကျောက်စာများအနက် စစ်ကိုင်းမင်း၏ အလှူတော်ကျောက်စာမှတ်တမ်းကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး(ဒုတိယတွဲ)တွင် အပြည့်အစုံဖော်ပြထားသဖြင့် ခိုင်မာသော မှတ်တမ်းတစ်ခုအဖြစ် ကျန်ရှိနေခဲ့ပေသည်။

**ကိုးကား**

- **ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ဒုတိယတွဲ) (ဦးမောင်မောင်တင်)**
- **အိန္ဒိယခရီးသည်(ပါရဂူ)**
- **ကာလကတ္တားသွားနေ့စဉ်မှတ်စာတမ်း(ကင်းဝန်မင်းကြီး)**

# နာဂတောင်တန်း ပွင့်တဲ့ပန်း

\- "မကျန်" "စံတုံ" ကံမကုန်လျှင်
ပြန်ဆုံချင်သေး တရေးရေးနှင့်
တွေးမိတိုင်းပင် ပြန်၍မြင်သည်
ဝေဟင်တိမ်ဖျား ထိလိမ့်လားဟု
မှတ်မှားထင်ရ တည်ထားကြသည်
နာဂတောင်ပေါ် ရွာကလေးများ။

\- "ပုံညို" "ဆော်လော်" "ဆပွလော်"နှင့်
"မော်ဖွန်း" "ယမ်းကြုံး"ရှုမဆုံးအောင်
တောင်ကုန်းပတ်ချာ အံ့စရာပင်
နာဂတောင်ပေါ် ရွာကလေးများ။

\- ခရီးလမ်းပန်း ဆက်သွယ်လှမ်း၍
ခက်ကြမ်းလှသည် ဤဌာနီသို့
စစ်သည်တို့များ ရောက်ခဲ့ငြားသော်
ဆတ်သားခြောက်ဖုတ် ကန့်ဇိမ်းအုပ်၍
ငရုတ်စပ်ပေါင်း ဆုံ၍ထောင်းလျက်
ကောင်းပေ့ခေါင်ရေ(ရည်) ချိုပြေပြေနှင့်
ရွှေဖရုံဟင်း ပြောင်းထမင်းလျှင်
ခံတွင်းမြိန်ရှက် လျှာရင်းမြက်သော်
တစ်သက်မြဲခိုင် မမေ့နိုင်တည့်။

\- နာဂပလွေ တေးချိုဝေလျက်
ကိုယ်နေဖွံ့ထွား ပန်းပုလားထင်
နုသားညက်ဖြူ တိုင်းရင်းသူတို့
မူဟန်နွဲ့ချွဲ "ကိုင်ဗီး"ပွဲတွင်
တူနွဲပျော်ရ ကခုန်ကြသည့်
ဒေသရိုးရာ ချစ်စရာလျှင်
ကာလများစွာ ကြာကြီးကြာလည်း
ဘယ်ခါမမေ့ တမြွှေမြွှေတည့်။

\- အို…
ချစ်သော "ဆွေ"
ချစ်သော "မြေ"
ချစ်သော "ရေ"
အနေလှမ်း၍ ပြန်အောက်မေ့ဆဲ
ယနေ့ခါသော် တပ်မတော်က
တောင်ပေါ်ဒေသ နယ်စပ်မှလျှင်
ပြည်မ မခြား တိုင်းရင်းသားတို့
စည်ကားဖွံ့ဖြိုး အလှတိုးအောင်
ကြိုးပမ်းဆောင်ရွက် အဘက်ဘက်မှ
တိုးတက်ခဲ့ပုံ သတင်းစုံကို
အာရုံမျက်မြင် ရှိခဲ့လျှင်သော်
ချစ်ခင်နှီးရင်း တို့သွေးချင်းတို့
နှင်းဆမ်းပန်းနှယ် လှသွေးကြွယ်လိမ့်
သို့နှယ်တင့်ဆန်း ပွင့်သောပန်းတိုင်း
မနွမ်းစေရာ ပြည်မြန်မာ၌
ရှည်ကြာမြင့်လေး လေပြည်သွေးတိုင်း
မွှေးလည်းမွှေးနိုင်ပါစေသတည်း။
အေးလည်းအေးနိုင်ပါစေသတည်း။ ။

**မြင်းမူမောင်နိုင်မိုး**

ကိုင်ဗီးပွဲ= ကောက်သစ်စားပွဲ

## နိုင်ငံတကာ သတင်းများ

# ဩစတြေးလျက နိုင်ငံတကာကျောင်းသားလက်ခံမှုကို လာမည့်နှစ်တွင် ကိုးရာခိုင်နှုန်းမြှင့်တင်မည်

**ဆစ်ဒနီ ဩဂုတ် ၅**

ဩစတြေးလျနိုင်ငံ၌ ပညာသင်ကြားခွင့်ပေးမည့် နိုင်ငံတကာကျောင်းသား အရေအတွက်ကို လာမည့်နှစ်အတွင်း ကိုးရာခိုင်နှုန်း မြှင့်တင်မည်ဖြစ်ကြောင်း ဩစတြေးလျအစိုးရက ဩဂုတ် ၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဩစတြေးလျနိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံတကာကျောင်းသားဦးရေ ၂၇၀၀၀၀ ကို ပညာသင်ကြားခွင့်ပေးရန် စီစဉ်ထားသည်။

သို့ရာတွင် လာမည့်နှစ်တွင် မိမိတို့အစိုးရအနေဖြင့် ဩစတြေးလျ၌ ပညာသင်ကြားနိုင်မည့် နိုင်ငံတကာ ကျောင်းသားအရေအတွက်ကို ကိုးရာခိုင်နှုန်းမြှင့်တင်၍ ဦးရေ ၂၉၅၀၀၀ ထိ ပညာသင်ကြားခွင့် ပေးမည်ဖြစ်ကြောင်း ဩစတြေးလျ ပညာရေးဝန်ကြီး ဂျေဆင်ကလဲက ပြောကြားသည်။

ဩစတြေးလျနိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း ပြည်ပကျောင်းသားများအတွက် ကျောင်းသားဗီဇာကြေးများကိုလည်း နှစ်ဆကျော် မြှင့်တင်ခဲ့သည်။

ဩစတြေးလျအစိုးရသည် ၂၀၂၃ ခုနှစ်တွင် ပြည်ပကျောင်းသားများအတွက် ကျောင်းသားဗီဇာ ၆၀၀၀၀၀ နီးပါး ထုတ်ပေးခဲ့ရသည်။

ဩစတြေးလျနိုင်ငံသို့လာရောက် ပညာသင်ကြားကြမည့်နိုင်ငံတကာ ကျောင်းသားများအနက် အများဆုံးမှာ တရုတ်ကျောင်းသားများ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# ဂါဇာဒေသအတွက် ရိက္ခာအကူအညီများ လေကြောင်းမှတစ်ဆင့် ကနေဒါချပေး

**အော့တဝါ ဩဂုတ် ၅**

ဂါဇာကမ်းမြောင် ဒေသရှိ ပါလက်စတိုင်း ဒုက္ခသည်များအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ကနေဒါနိုင်ငံက ဩဂုတ် ၄ ရက်တွင် လေကြောင်းမှ ချပေးခဲ့ကြောင်း သိရသည်။

ကနေဒါလေတပ်မှ စီစီ-၁၃၀ ဂျေ ဟာကျူလီ သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းက ဂါဇာဒေသအတွက် ရိက္ခာပစ္စည်းများကို ဩဂုတ် ၄ ရက်တွင် လေကြောင်းမှ ချပေးခဲ့ကြောင်း ကနေဒါအစိုးရက သတင်းထုတ်ပြန်ထားသည်။

ကနေဒါနိုင်ငံအနေဖြင့် ဩဂုတ် ၄ ရက်တွင် ပါလက်စတိုင်းဒုက္ခသည်များအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီ ရိက္ခာပစ္စည်း ပေါင် ၂၁၆၀၀၀ ထိ လေကြောင်းမှ ချပေးနိုင်ခဲ့သည်။

ဩဂုတ် ၄ ရက် မစ်ရှင်သည် ကနေဒါနိုင်ငံက ဂါဇာကမ်းမြောင်ဒေသ၌ ပြုလုပ်ခဲ့သည့် ပထမဆုံး လေကြောင်းမှတစ်ဆင့် ရိက္ခာချပေးမှုဖြစ်သည်။

ကနေဒါနိုင်ငံသည် ပါလက်စတိုင်းဒေသကို လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုရန် စီစဉ်ထားသည့် နိုင်ငံဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးနိုင်ငံက ကျင့်သုံးသော ကန့်သတ်ချက်များကြောင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရာတွင် ပြဿနာများ ရှိနေကြောင်း ကနေဒါအစိုးရက ဝေဖန်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# အစ္စရေးအစိုးရက ဂါဇာကမ်းမြောင်ဒေသကို အပြည့်အဝထိန်းချုပ်ရန် ရည်ရွယ်ထားကြောင်း သတင်းများထွက်ပေါ်



**ဂျေရုဆလင် ဩဂုတ် ၅**

နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ဂါဇာကမ်းမြောင်ဒေသကို စစ်ရေးအရ အပြည့်အဝသိမ်းယူရန် အစ္စရေးအစိုးရကစီစဉ်ထားဖွယ်ရှိကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရန် နိုင်ငံတကာက အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကို ဖိအားပေးနေစဉ်မှာပင် အဆိုပါသတင်းမှာ ပေါ်ထွက်လာခြင်းဖြစ်သည်။

အစ္စရေးမီဒီယာများ၏ အဆိုအရ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ဂါဇာထိုးစစ်များကို ချဲ့ထွင်၍ ဂါဇာကမ်းမြောင်ဒေသတစ်ခုလုံးကို ထိန်းချုပ်ထားရန် ရည်ရွယ်ထားကြောင်း သိရသည်။

လက်ရှိ အစ္စရေးညွန့်ပေါင်းအစိုးရအဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသတစ်ခုလုံးနှင့် အနောက်ဘက်ကမ်းဒေသတို့ကို အစ္စရေးအချုပ်အခြာအောက် ထည့်သွင်းရေးကို လိုလားသည့် လက်ယာစွန်း နိုင်ငံရေးဝါဒီများ အားကောင်းသည့် အစိုးရအဖွဲ့ဖြစ်သည်။

အစ္စရေးနိုင်ငံသည် ရှေးယခင်က ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ခဲ့သော်လည်း ၂၀၀၅ ခုနှစ်တွင် အစ္စရေးတပ်များနှင့် အခြေချနေထိုင်သူများကို ပြန်လည်ရုပ်သိမ်းခဲ့သည်။

ထို့နောက်ပိုင်းတွင် ဂါဇာကမ်းမြောင်ဒေသကို ဟားမတ်စ်အုပ်စုက စတင်ထိန်းချုပ်ထားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ ကမ်းလွန်ရေပြင်အတွင်း မီးရှူးမီးပန်းတင် ကုန်တင်တွဲရေယာဉ် မီးလောင်မှုဖြစ်ပွား

**တိုကျို ဩဂုတ် ၅**

ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ ကမ်းလွန်ရေပြင်အတွင်း မီးရှူးမီးပန်းများ တင်ဆောင်ထားသော တွဲရေယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဂျပန်တာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

မီးရှူးမီးပန်းများ တင်ဆောင်ထားသည့် ကုန်တင်တွဲရေယာဉ် မီးလောင်မှုသည် ဩဂုတ် ၄ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဂျပန်မီဒီယာများ၏အဆိုအရ သိရသည်။

မီးလောင်မှုဖြစ်ပွားစဉ်ကုန်တင်တွဲရေယာဉ်ပေါ်ရှိ ဝန်ထမ်း ငါးဦးမှာ ပင်လယ်ထဲသို့ ခုန်ချလွတ်မြောက်ခဲ့ကြောင်း ယိုကိုဟားမားမြို့ တာဝန်ရှိသူများက ပြောကြားသည်။

ရေထဲခုန်ချခဲ့သည့် အဆိုပါရေယာဉ်ဝန်ထမ်း ငါးဦးကို ယိုကိုဟားမားကမ်းခြေစောင့်တပ်ဖွဲ့က ကယ်ဆယ်နိုင်ခဲ့သည်။

လက်ရှိအချိန်တွင် မီးရှူးမီးပန်းတင် ကုန်တင်တွဲရေယာဉ် မီးလောင်မှု နောက်ခံအကြောင်းအရင်းကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဂျပန်နိုင်ငံသည် နွေဦးရာသီပွဲတော်များတွင် မီးရှူးမီးပန်း ပစ်ဖောက်မှုများကို ထည့်သွင်းလေ့ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# ပီတီအိုင်ပါတီ တက်ကြွလှုပ်ရှားသူများကို ပါကစ္စတန်ရဲတပ်ဖွဲ့ ဖမ်းဆီး

**အစ္စလာမ္မာဘတ် ဩဂုတ် ၅**

ပါကစ္စတန်ရဲတပ်ဖွဲ့သည် ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် လာဟိုးမြို့၌ စီးနင်းမှုများပြုလုပ်ခဲ့ပြီး အဓိကအတိုက်အခံပါတီဖြစ်သည့် တီရစ်ခ်အီး-အင်ဆက်ဖ်ပါတီ(ပီတီအိုင်)မှ အဖွဲ့ဝင်ဦးရေ ၁၂၀ ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ပါတီခေါင်းဆောင် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်း ဖမ်းဆီးခံရမှု ဒုတိယနှစ်ပတ်လည် အထိမ်းအမှတ် ဆန္ဒပြပွဲများကို ပီတီအိုင်ပါတီ ထောက်ခံသူများက မပြုလုပ်မီ ပါကစ္စတန်ရဲတပ်ဖွဲ့က စီးနင်းဖမ်းဆီးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လာဟိုးမြို့၌ ပြုလုပ်ခဲ့သည့် စီးနင်းမှုများအတွင်း ပါကစ္စတန်ရဲတပ်ဖွဲ့သည် ပီတီအိုင်ပါတီဝင် တက်ကြွလှုပ်ရှားသူ ဦးရေ ၂၀၀ နီးပါးကို ဖမ်းဆီးခဲ့ကြောင်း ပီတီအိုင်ပါတီ ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

သို့ရာတွင် မိမိတို့အနေဖြင့် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်း ဖမ်းဆီးခံရမှု ဒုတိယနှစ်ပတ်လည် အထိမ်းအမှတ် ဆန္ဒပြပွဲများကို ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ပီတီအိုင်ပါတီ တာဝန်ရှိသူများက အတည်ပြုကြေညာထားသည်။

ပီတီအိုင်ပါတီခေါင်းဆောင် အီမရန်ခန်းသည် ၂၀၁၈ ခုနှစ်မှစ၍ ပါကစ္စတန်ဝန်ကြီးချုပ်ရာထူး ရယူခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် လွှတ်တော်၏ အယုံအကြည်မရှိအဆိုဖြင့် ရာထူးမှ ဖယ်ရှားခံခဲ့ရသည်။

ပါကစ္စတန်အစိုးရသည် ၂၀၂၃ ခုနှစ် မေလတွင် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို စွဲချက်အမျိုးမျိုးဖြင့် ဖမ်းဆီးခဲ့ရာ အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ဘလူးအော်ရီဂျင်ကုမ္ပဏီက အာကာသခရီးသည် ခြောက်ဦးလိုက်ပါသွားသည့် New Shepard ဒုံးယာဉ်လွှတ်တင်



ဝါရှင်တန် ဩဂုတ် ၅

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် ပုဂ္ဂလိက အာကာသခရီးသည် ခြောက်ဦးလိုက်ပါသွားသည့် New Shepard အာကာသဒုံးယာဉ်ကို ဩဂုတ် ၃ ရက်က လွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၄ ရက် သတင်းများအရ သိရသည်။

NS 34 ဟူ၍အမည်ပေးထားသည့် အထက်ပါမစ်ရှင်သည် ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ ၃၄ ကြိမ်မြောက် New Shepard မစ်ရှင်ဖြစ်သည်။

ဘလူးအော်ရီဂျင် ကုမ္ပဏီသည် NS 34 New Shepard အာကာသဒုံးယာဉ်ကို အနောက်တက္ကဆက်ဒေသ ဘလူးအော်ရီဂျင် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

NS 34 မစ်ရှင်အတွင်း New Shepard အာကာသဒုံးယာဉ်သည် ပုဂ္ဂလိက အာကာသခရီးသည် လေးဦးကို အာကာသကွင်းပြင် အနားစပ်သို့ ပို့ဆောင်ပေးခဲ့ရာ ခရီးသည် ခြောက်ဦးအနေဖြင့် ဒြပ်ဆွဲအား သုညအခြေအနေကို မိနစ်အနည်းငယ်ကြာ ခံစားနိုင်ခဲ့ကြသည်။

NS 34 မစ်ရှင်သည် ပုဂ္ဂလိက အာကာသခရီးသည်များ လိုက်ပါသည့် ၁၄ ခုမြောက် New Shepard မစ်ရှင်ဖြစ်ကြောင်း သိရသည်။

အဆိုပါ New Shepard မစ်ရှင်များသည် လွှတ်တင်ချိန်မှစ၍ မြေပြင်ပြန်လည်ဆင်းသက်ချိန်ထိ ၁၀ မိနစ်မှ ၁၂ မိနစ်ထိ ကြာမြင့်တတ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကမ္ဘာပေါ်၌ အရှည်လျားဆုံးလျှပ်စီးတန်းကို ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (WMO)သိပ္ပံပညာရှင်များက ဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့

ဝါရှင်တန် ဩဂုတ် ၅

ကမ္ဘာပေါ်၌ အရှည်လျားဆုံး လျှပ်စီးတန်းကို ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်(WMO) သိပ္ပံပညာရှင်များက ဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ လျှပ်စီးတန်းသည် အရှည် ၅၁၅ မိုင်ရှိပြီး ကမ္ဘာ့အရှည်လျားဆုံး လျှပ်စီးတန်းအဖြစ် စံချိန်တင်ခဲ့သော လျှပ်စီးတန်းထက် ၃၈ မိုင် ပို၍ရှည်လျားကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ကမ္ဘာ့အရှည်လျားဆုံး လျှပ်စီးတန်းသည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း တိုက်ခတ်ခဲ့သည့် မိုးကြိုးမုန်တိုင်းအတွင်း ပေါ်ထွက်ခဲ့သော လျှပ်စီးတန်းဖြစ်သည်။



တက္ကဆက်ပြည်နယ် အရှေ့ပိုင်းမှသည် ကင်းဆက်စ်မြို့တော်အနီးထိ ရှည်လျားသော အဆိုပါ လျှပ်စစ်တန်းသည် ပြင်သစ်နိုင်ငံ ပဲရစ်မြို့နှင့် အီတလီနိုင်ငံ ဗင်းနစ်မြို့တို့ကြား အကွာအဝေးနှင့်ညီမျှကြောင်း WMO သိပ္ပံပညာရှင်များက ပြောကြားသည်။

WMO သိပ္ပံပညာရှင်များသည် အဆိုပါလျှပ်စီးတန်းကို ဂြိုဟ်တုများ၌ တပ်ဆင်ထားသော အလင်းအာရုံခံစနစ်များကို အသုံးပြု၍ ဖော်ထုတ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လျှပ်စီးတန်းအများစုသည် အရှည်အားဖြင့် ၁၀ မိုင်ခန့်သာရှိတတ်ပြီး အရှည်မိုင် ၆၀ အထက်ရှိ လျှပ်စီးတန်းများကို မဟာလျှပ်စီးတန်းများ (mega flash) အဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Space-X ကုမ္ပဏီက စတားလင့်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၈ စင်းကို ဩဂုတ် ၄ ရက်တွင် အောင်မြင်စွာလွှတ်တင်နိုင်ခဲ့

ဝါရှင်တန် ဩဂုတ် ၅

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၈ စင်းကို ဩဂုတ် ၄ ရက်တွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

စတားလင့်ဂြိုဟ်တု ၂၈ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ်ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး ၆၄ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တုများကို သက်ဆိုင်ရာ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဩဂုတ် ၄ ရက် မစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ယခုနှစ်၏ ၉၆ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်သည်။

လက်ရှိတွင် Space-X ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်၌ ဂြိုဟ်တုအစင်းရေ ၈၀၀၀ကျော် တို့က ဝန်ဆောင်မှုများပေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အမေရိကန်နိုင်ငံသားများ၏ နှလုံးသက်တမ်းက အသက်အရွယ်ထက် ပို၍အိုမင်းနေဟုဆို

နယူးယောက် ဩဂုတ် ၅

အမေရိကန်နိုင်ငံသား အများအပြား၏ နှလုံးသက်တမ်းသည် ၎င်းတို့၏အသက်အရွယ်ထက် ပို၍အိုမင်းနေကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၄ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် နှလုံးသက်တမ်း တွက်ချက်မှုစနစ်တစ်မျိုးကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

၎င်းတို့၏ လေ့လာတွေ့ရှိချက်အရ အသက်အရွယ်ထက် နှလုံးသက်တမ်း ပိုမိုအိုမင်းမှုပြဿနာကို အမျိုးသမီးများထက် အမျိုးသားများ၌ ပို၍တွေ့ရမှုများကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပျမ်းမျှအသက်အရွယ် ၅၁ ဒသမ ၃ နှစ်ရှိသည့် အမျိုးသမီးများ၏ ပျမ်းမျှနှလုံးသက်တမ်းမှာ ၅၅ ဒသမ ၄ နှစ်ရှိကြောင်း သိရသည်။

သို့ရာတွင် ပျမ်းမျှအသက် ၄၉ ဒသမ ၇ နှစ်ရှိသည့် အမျိုးသားများ၏ နှလုံးသက်တမ်းမှာ ပျမ်းမျှ ၅၆ ဒသမ ၇ နှစ်ထိ ရှိနေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ၎င်းတို့၏နှလုံးသက်တမ်း စစ်ဆေးမှုစနစ်ကို အရွယ်ရောက်သူ ၁၄၀၀၀ တို့ဖြင့် လက်တွေ့ စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

Ref : Russia Today

Trs : KKO

## အသက်ရှူလမ်းကြောင်းဆိုင်ရာဗိုင်းရပ်များကြောင့် ရင်သားကင်ဆာဆဲလ်များ နိုးထပျံ့နှံ့နိုင်

နယူးယောက် ဩဂုတ် ၅

ကိုဗစ်-၁၉နှင့် တုပ်ကွေးဗိုင်းရပ်များကဲ့သို့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်များကြောင့် ရင်သားကင်ဆာရောဂါ ဖြစ်ဖူးသူများ၌ ငြိမ်သက်နေသော ကင်ဆာဆဲလ်များ နိုးထပျံ့နှံ့နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဩဂုတ် ၄ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကိုဗစ်-၁၉ ဗိုင်းရပ် စစ်ဆေးတွေ့ရှိခဲ့သည့် ရင်သားကင်ဆာလူနာ ၄၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလာဒ်များအရ အသက်ရှူလမ်းကြောင်းရောဂါ ဗိုင်းရပ်များကြောင့် ငြိမ်သက်နေသည့် ကင်ဆာဆဲလ်များ နိုးထလာနိုင်ပြီး အခြားနေရာများသို့ ပျံ့နှံ့နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ငြိမ်သက်နေသော ကင်ဆာဆဲလ်များသည် မီးကြွင်းမီးကျန်များနှင့်တူပြီး အသက်ရှူလမ်းကြောင်းရောဂါ ဗိုင်းရပ်များမှာ မီးကြွင်းမီးကျန်များ မီးထတောက်စေရန် အားပေးတတ်သည့် လေပြင်းနှင့် တူကြောင်းအမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ရောဂါသက်သာသွားချိန်တွင် ရင်သားကင်ဆာဆဲလ်များသည် အခြားကိုယ်တွင်းအင်္ဂါများဆီသို့ မကူးစက်မီ ကာလကြာမြင့်စွာ ငြိမ်သက်နေတတ်သည်။

အသက်ရှူလမ်းကြောင်းရောဂါများကြောင့် ပေါ်ထွက်လာသည့် ရောင်ရမ်းမှုပြဿနာသည် ငြိမ်သက်နေသော ကင်ဆာဆဲလ်များကို လှုပ်နှိုးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO






# WBO အဖွဲ့ချုပ်က ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဂျိုးဆပ်စ်ပါကာနှင့်ထိုးသတ်ရန် အူဆက်ခ်ကို ညွှန်ကြား



ဆန်ဖွန် ဩဂုတ် ၅

ပွာတိုရီကိုနိုင်ငံတွင် အခြေစိုက်သည့် WBO အဖွဲ့ချုပ်က WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ပြိုင်ဘက်ကင်း လက်ဝှေ့ချန်ပီယံအူဆက်ခ်အား နယူးဇီလန်လက်ဝှေ့သမား ဂျိုးဆပ်စ်ပါကာနှင့် ထိုးသတ်သွားရန် ညွှန်ကြားခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ဂျိုးဆပ်စ်ပါကာသည် WBO ၏ ယာယီဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်ကာ လက်ရှိချန်ပီယံကို စိန်ခေါ်ခွင့်ရထားသူဖြစ်ပြီး အူဆက်ခ်အား ယာယီချန်ပီယံနှင့် ထိုးသတ်သွားရန် WBO က ညွှန်ကြားခဲ့ခြင်း ဖြစ်သော်လည်း အူဆက်ခ်သည် လက်ဝှေ့ကစားသမားဘဝမှ အနားယူရန် စီစဉ်နေသူဖြစ်ရာ ကစားသမားဘဝ၏ နောက်ဆုံးပွဲစဉ်ကိုလည်း ၎င်းနှစ်သက်သည့် ပြိုင်ဘက်ကို သာရွေးချယ်သွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ကမ္ဘာ့ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်ခွင့် ရလိုသည့်အတွက်ကြောင့် အူဆက်ခ်ကိုလည်း ၎င်းကိုယ်တိုင် တိုက်ရိုက်စိန်ခေါ်မှု ပြုလုပ်သွားခဲ့သည်။

ဂျိုးဆပ်စ်ပါကာက "အူဆက်ခ်ဟာ ကျွန်တော်နဲ့ထိုးသတ်သွားဖို့အတွက် စိန်ခေါ်မှုပြုလုပ်တိုင်း နည်းနည်း တွန့်ဆုတ်နေခဲ့တယ်။ သူထိုးသတ်ချင်တဲ့ လက်ဝှေ့သမားတွေကို အမည်စာရင်းထုတ်ပြန်လိုက်တိုင်းမှာလည်း ကျွန်တော့်နာမည်ကသူ့စာရင်းရဲ့ နောက်ဆုံးမှာပဲ။ သူအမြဲတမ်းထုတ်ဖော်ပြောကြားလေ့ရှိတဲ့ နာမည်တွေဟာလည်း အမြဲတမ်းဒီနာမည်တွေပဲ။ တိုင်ဆန်ဖျူရီ၊ ချီဆိုရာ၊ အန်တိုနီဂျိုရှုအာတို့ နာမည်တွေပဲ ရွတ်နေတာ။ အခုသူထိုးသတ်ချင်တဲ့ သူတွေနဲ့ ထိုးသတ်ခဲ့ပြီးပြီဆိုတော့ ကျွန်တော့်ရဲ့စိန်ခေါ်မှုကို လက်ခံမယ်လို့ မျှော်လင့်ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။ Ref : DAZN

Trs : AZL

# ဆန်းဒါးလန်းက နည်းပြရီဂစ်ကို ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးခဲ့ကြောင်း ထုတ်ပြန်

လန်ဒန် ဩဂုတ် ၅

ဆန်းဒါးလန်း အသင်းသည် အသင်းကို ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြရီဂစ်ကို ဂုဏ်ပြုချီးမြှောက်လိုသည့်အတွက် ၂၀၂၈ ခုနှစ်ထိ ကာလရှည်သက်တမ်းတိုးခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အသက် ၄၉ နှစ်ရှိ နည်းပြရီဂစ်သည် ၂၀၂၄ ခုနှစ်က လိုရီးယန့်အသင်းမှ ဆန်းဒါးလန်းအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းကို ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဘောလုံးရာသီကုန်ဆုံးချိန်၌ အဆင့်(၄)နေရာဖြင့် အဆုံးသတ်နိုင်ခဲ့သောကြောင့် play-off ကစားခွင့် ရယူပေးနိုင်ခဲ့ပြီး play-off ဆီမီးဖိုင်နယ်တွင် ကိုဗင်ထရီအသင်းကို နှစ်ကျော့ပေါင်းရလဒ်ဖြင့် အနိုင်ယူ၍ ဗိုလ်လုပွဲစဉ်တွင် ရှက်ဖီး(U) အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သောကြောင့် ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိခဲ့သည်။

ထို့ကြောင့်အသင်းတာဝန်ရှိသူများက လာမည့်ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသင်းကို အကောင်းဆုံး ဦးဆောင်နိုင်ရန်နှင့် နည်းပြရီဂစ်၏ စွမ်းဆောင်ရည်ကို ချီးမြှောက်လိုသည့်အတွက် နောက်ထပ် စာချုပ်သက်တမ်းသုံးနှစ်တိုး၍ ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

လက်ရှိအပြောင်း အရွှေ့ကာလတွင်လည်း နည်းပြရီဂစ်အလိုရှိသည့် ပရီးမီးယားလိဂ်အတွေ့အကြုံရှိသည့် ကွင်းလယ်ကစားသမားရာကာကဲ့သို့ ကစားသမားများအပါအဝင် ကစားသမား ရှစ်ဦးထိ ဆန်းဒါးလန်း အသင်းတာဝန်ရှိသူများက ခေါ်ယူပေးခဲ့သည်။

အသင်းဒါရိုက်တာက "ကျွန်တော်တို့ အသင်းရည်မှန်းချက်က ပရီးမီးယားလိဂ်မှာ ဆက်လက်ကစားနိုင်ဖို့ပါ။ အသင်းရဲ့ နာမည်တစ်ခုတည်းတွက် မဟုတ်ဘဲ စွမ်းဆောင်ရည်၊ အသင်းရဲ့ဂုဏ်၊ ရည်မှန်းချက်တွေ ဖြည့်ဆည်းနိုင်ဖို့ နည်းပြရီဂစ်က ကျွန်တော်တို့ ရည်မှန်းချက်ရဲ့ တစ်စိတ်တစ်ပိုင်းပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ Ref : Flashscore

Trs : ML



# ခံစစ်ကစားသမား ရူဘင်ဒီယက်ကို သက်တမ်းတိုးရန် မန်စီးတီးအသင်း သဘောတူညီမှုရရှိ

မန်ချက်စတာ ဩဂုတ် ၅

မန်စီးတီးအသင်းသည် အသင်းဗဟိုခံစစ်ပိုင်းမှ ခံစစ်ကစားသမား ရူဘင်ဒီယက်ကို ကာလရှည် ဆက်လက် ထိန်းသိမ်းလိုသောကြောင့် စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ရာ သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

ရူဘင်ဒီယက်သည် မန်စီးတီးအသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းအနေဖြင့် အဓိကကစားသမားများကို ကာလရှည်ဆက်လက် ထိန်းသိမ်းရန် ဆုံးဖြတ်ထားသောကြောင့် ရူဘင်ဒီယက်ကို သက်တမ်းတိုးရန် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ ကနဦး သဘောတူညီမှု ရရှိခဲ့ပြီးနောက် အသေးစိတ် အချက်လက်များကို ထပ်မံညှိနှိုင်းလျက်ရှိသည်။

၎င်းသည် ၂၀၂၀ ပြည့်နှစ်က ဘင်ဖီကာအသင်းမှ မန်စီးတီးအသင်းသို့ ရောက်ရှိလာခဲ့ပြီး နည်းပြဂွါဒီယိုလာ လက်အောက်တွင်အကောင်းဆုံးကစားနိုင်ခဲ့ကာ အသင်းအတွက်ဆုဖလား အောင်မြင်မှုများ ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သဖြင့် ၂၀၂၁ ခုနှစ်က ပရီးမီးယားလိဂ် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု ရယူနိုင်ခဲ့ပြီး လက်ရှိအချိန်ထိ အသင်းအတွက် ပြိုင်ပွဲစုံ ပွဲပေါင်း ၂၀၀ ကျော်ပါဝင်ကစားပေးနိုင်ခဲ့သည်။

လက်ရှိတွင် မန်စီးတီးအသင်းသည် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိသေးသည့် ဂန်ဒိုဂမ်၊ ဝွါန်စတုန်း၊ အီဒါဆန်၊ ဘာနာဒိုဆေးဗားနှင့် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိသေးသည့် ရိုဒရီ၊ ဖိုဒန်၊ ကိုဗာဆစ်၊ နသန်အကီ၊ ဂရီလစ်၊ အကန်ဂျီတို့ထဲမှ ကွင်းလယ်ကစားသမား ရိုဒရီနှင့် တောင်ပံကစားသမား ဖိုဒန်တို့ နှစ်ဦးကိုသာ ရူဘင်ဒီယက်နှင့်အတူ ကာလရှည်သက်တမ်းတိုးရန် စတင်ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML



# ဒေါ့မွန်အသင်းက ပရီးမီးယားလိဂ်မှ တိုက်စစ်ကစားသမား နှစ်ဦးထိ ခေါ်ယူရန်ကြိုးပမ်း



ဘာလင် ဩဂုတ် ၅

ဒေါ့မွန်အသင်းသည် တိုက်စစ်ပိုင်းလိုအပ်ချက်ကို ဖြည့်တင်းရန်အတွက် ပရီးမီးယားလိဂ်မှ ချဲလ်ဆီးအသင်း တောင်ပံကစားသမား ချူကွယ်မီကာနှင့် ဘရိုက်တန်အသင်း တောင်ပံကစားသမား ဘူနာနိုတီတို့နှစ်ဦးကို ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိရန် နီးစပ်နေကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် အပြောင်းအရွှေ့ကာလစတင်ချိန်က ချူကွယ်မီကာအတွက် ပြောင်းရွှေ့ကြေးကို ယူရို ၃၅ သန်းနှင့် သန်း ၄၀ ဝန်းကျင်ကြား ရောင်းချရန်အလိုရှိခဲ့သော်လည်း လက်ရှိအချိန်တွင် ကစားသမားအတွက် ယူရို ၂၅ သန်းသာ ရရှိပါက လက်လွှတ်မည်ဖြစ်သဖြင့် ဒေါ့မွန်အသင်းနှင့် သဘောတူညီမှု ရရှိခဲ့သည်။

ထို့နောက် ဘရိုက်တန်အသင်း တောင်ပံကစားသမား ဘူနာနိုတီကိုလည်း အပြီးသတ်ခေါ်ယူခွင့် သို့မဟုတ် တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူရန် ဆက်လက်ကြိုးပမ်းနေပြီး ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စတင်မည့် ဩဂုတ် ၁၈ ရက်မတိုင်မီ တိုက်စစ်ပိုင်း ဖြည့်တင်းသွားမည်ဖြစ်ကြောင်း သိရသည်။

အသင်းအနေဖြင့် နွေရာသီအပြောင်းအရွှေ့ကာလ စတင်ချိန်ကတည်းက တောင်ပံကစားသမား ဂစ်တန်းကို လက်လွှတ်ခဲ့ပြီးနောက် အငှားခေါ်ယူထားသည့် ယန်ကော်တိုနှင့် ဆဗန်ဆန်တို့ကို အပြီးသတ်ခေါ်ယူ၍ ဆန်းဒါးလန်းအသင်းမှ ကွင်းလယ်တိုက်စစ် ကစားသမား ဂျိုးဘယ်လင်ဟမ်ကိုလည်း ခေါ်ယူနိုင်ခဲ့ပြီး တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် အသက် ၂၁ နှစ်ရှိ ချူကွယ်မီကာနှင့် အသက် ၂၀ ရှိဘူနာနိုတီတို့ နှစ်ဦးကို ထပ်မံကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

ထို့ပြင် မန်ယူအသင်းမှ တောင်ပံကစားသမား ဆန်ချိုကိုလည်း ထပ်မံခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## အားကစားသတင်းအတိုအထွာများ

- မက္ကဆီကိုကလပ် လိဂ်ဖလားပြိုင်ပွဲဖြစ်သည့် စင်စင်နာတီနှင့် မွန်တာရေးအသင်းတို့ပွဲစဉ်ကို တာဝန်ယူကိုင်တွယ်ခဲ့သည့် အမျိုးသမီးကွင်းလယ်ဒိုင်ကို ပြိုင်ပွဲအပြီးတွင် လူမှုကွန်ရက်မှ အသက်အန္တရာယ်ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည့်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက အမျိုးသမီးဒိုင်များအတွက် ကူညီမှုများပြုလုပ်ပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- အာဆင်နယ်အသင်း ခံစစ်ကစားသမား ကီဝီရော်ကို ပေါ်တိုအသင်းကခေါ်ယူရန် ကြိုးပမ်းသော်လည်း အာဆင်နယ်အသင်းက ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀ သတ်မှတ်ထားသောကြောင့် ပေါ်တိုအသင်းအနေဖြင့်ခေါ်ယူရန် မဖြစ်နိုင်ကြောင်း ထုတ်ပြန်ခဲ့သည်။
- မန်ယူအသင်းကခေါ်ယူရန် ကြိုးပမ်းနေသည့် ဂိုးသမား မာတီနက်ဇ်ကို ချဲလ်ဆီးအသင်းကလည်း အပြိုင်ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။ ML

## ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကစားသမားဘဝမှအနားယူမည်ဟု ကာဇိုလာပြောကြား



မက်ဒရစ် ဩဂုတ် ၅

ယခုနှစ် ဘောလုံးရာသီတွင် အိုဗီဒိုအသင်းကို လာလီဂါသို့ တန်းတက်ခွင့်ရရှိအောင် ပါဝင်ကူညီခဲ့သည့် ကွင်းလယ်ကစားသမား ကာဇိုလာက ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအကုန်တွင် ကစားသမားဘဝမှ အနားယူမည်ဟု အတည်ပြုပြောကြားခဲ့သည်။

၎င်းသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ဗီလာရီးရဲလ်အသင်းနှင့် စတင်ခဲ့ပြီးနောက် မာလာဂါအသင်း၊ အာဆင်နယ်အသင်း၊ ဗီလာရီးရဲလ်အသင်း၊ ကာတာကလပ်အယ်ဆက်ဒ်အသင်းတို့သို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပြိုင်ပွဲစုံပွဲပေါင်း ၅၆၉ ပွဲတွင် သွင်းဂိုး ၁၀၇ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၂၄ ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်က အိုဗီဒိုအသင်းသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

အသက်၄၀ရှိကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့်ဘောလုံးရာသီက အိုဗီဒိုအသင်းအတွက် ပြိုင်ပွဲစုံ ၃၅ ပွဲထိပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ငါးဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်ထိပြုလုပ်နိုင်ခဲ့သည့်အပြင် အသင်းကို လာလီဂါတန်းတက်ခွင့်အတွက် play-off ဗိုလ်လုပွဲစဉ်တွင် ၎င်း၏သွင်းဂိုးဖြင့် ပါဝင်ကူညီနိုင်ခဲ့သောကြောင့် အသင်းအနေဖြင့် နှစ်ပေါင်း ၂၄ နှစ်အတွင်း ပထမဆုံးအကြိမ် လာလီဂါပြိုင်ပွဲသို့ပြန်လည်တက်ရောက်နိုင်ခဲ့ပြီး အသင်းကလည်း ကာဇိုလာကို ဂုဏ်ပြုသည့်အနေဖြင့် တစ်နှစ်သက်တမ်းတိုးခဲ့ကြောင်း သိရသည်။

ကာဇိုလာသည် ကစားသမားဘဝတွင် ဗီလာရီးရဲလ်အသင်းနှင့် ကစားခဲ့စဉ်က သွင်းဂိုး ၅၅ ဂိုးနှင့် ဂိုးဖန်တီးမှု ၅၂ ကြိမ်ထိပြုလုပ်၍ ကစားသမားဘဝ အကောင်းဆုံးအချိန်များ ပိုင်ဆိုင်ခဲ့သော်လည်း အာဆင်နယ်အသင်းနှင့် ခြောက်နှစ်တာလက်တွဲခဲ့ချိန်တွင် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်ခဲ့ရကြောင်း သိရသည်။ Ref : fotmob

Trs : ML

## ကွန်မြူနတီဒိုင်းပွဲစဉ်တွင် ခံစစ်ကစားသမားနှစ်ဦး ပါဝင်နိုင်မည်မဟုတ်ကြောင်း လီဗာပူးအသင်းနည်းပြ အာနီစလော့ပြောကြား

လန်ဒန် ဩဂုတ် ၅

လီဗာပူးအသင်းနည်းပြ အာနီစလော့သည် ဘီလ်ဘာအိုအသင်းနှင့် ယနေ့တွင် ခြေစမ်းပွဲကစားခဲ့ရာ နိုင်ပွဲရရှိခဲ့သော်လည်း လာမည့်စနေနေ့တွင် ကစားရမည့် ပဲလေ့စ်အသင်းနှင့် ကွန်မြူနတီဒိုင်းပွဲစဉ်တွင် ခံစစ်ပိုင်းမှအဓိက ကစားသမားနှစ်ဦးပါဝင်နိုင်မည်မဟုတ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။



ကွန်မြူနတီဒိုင်းပွဲစဉ်ကို လာမည့်စနေနေ့တွင် ဝင်ဘာလေကွင်း၌ ပဲလေ့စ်အသင်းနှင့် ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်တွင် ရာသီကြိုခြေစမ်းပွဲစဉ်များတွင် ပါဝင်နိုင်ခြင်းမရှိသေးသည့် ခံစစ်ကစားသမား ဂိုမက်ဇ်နှင့် ဘရက်ဒ်လေတို့ နှစ်ဦးကို ကြံ့ခိုင်မှုလိုအပ်ချက်ကြောင့် လက်လွှတ်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဒဏ်ရာပြဿနာကြုံတွေ့နေသည့် ဂိုးသမား အယ်လစ်ဆန်နှင့် ခံစစ်ကစားသမားဗန်ဒိုက်တို့သည် အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်ခဲ့သဖြင့် လာမည့် ကွန်မြူနတီဒိုင်းပွဲစဉ်တွင် ပါဝင်ကစားနိုင်မည်ဟု နည်းပြစလော့က ဆက်လက်ပြောကြားခဲ့သည်။

ခံစစ်ကစားသမား ဂိုမက်ဇ်သည်ပြီးခဲ့သည့် ဇူလိုင်လကုန်က ကြွက်သားဒဏ်ရာရရှိခဲ့ကာ ညာတောင်ပံခံစစ် ကစားသမား ဘရက်ဒ်လေအနေဖြင့်လည်း အပေါ့စား ဒဏ်ရာပြဿနာကြောင့် ကြံ့ခိုင်မှု လိုအပ်ချက်ရှိနေသည့်အတွက် အသင်းနှင့်ပူးပေါင်းနိုင်မှုမရှိသဖြင့် လာမည့်ကွန်မြူနတီဒိုင်းပွဲစဉ်တွင် ဗဟိုခံစစ်ပိုင်းကို ဗန်ဒိုက်နှင့် ကွန်နာတီတို့ ပွဲထွက်လာမည်ဖြစ်ပြီး တောင်ပံခံစစ်တွင် အသစ်ခေါ်ယူထားသည့် ဖရင်ပေါင်က ပါဝင်ကစားမည် ဖြစ်ကြောင်း သိရသည်။

Ref : SI

Trs : ML

## National Bank Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်၌ အမ်ဘိုကိုနှင့် ရိုင်ဘာကီနာတို့ တွေ့ဆုံ

အော့တဝါ ဩဂုတ် ၅

ကနေဒါနိုင်ငံ မွန်ထရီရယ်လ်မြို့တွင်ကျင်းပနေသည့် National Bank Open တင်းနစ်ပြိုင်ပွဲကွာတားဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည့် ကနေဒါတင်းနစ်မယ် အမ်ဘိုကိုနှင့် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာတို့သည် ဆီမီးဖိုင်နယ်အဆင့်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။



အမ်ဘိုကိုသည် ကွာတားဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်မယ် ဘောင်ဇက်စ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ (၆-၄၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ရိုင်ဘာကီနာကကွာတားဖိုင်နယ်အဆင့်တွင် ယူကရိန်းတင်းနစ်မယ် ကော့စ်တယူခ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ရိုင်ဘာကီနာက (၆-၁၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

အမ်ဘိုကိုက "မွန်ထရီရယ်လ်မှာ ပထမဆုံးအကြိမ်ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်မအတွက်မွန်ထရီရယ်လ်နဲ့ပတ်သက်ပြီး အတွေ့အကြုံတော့မရှိသေးပါဘူး။ ဒါပေမယ့် အဆင့်တိုင်းမှာ အကောင်းဆုံးကစားနိုင်ခဲ့ပြီးတော့ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူမိပါတယ်" ဟုပြောကြားခဲ့သည်။

အမ်ဘိုကိုသည် ရိုင်ဘာကီနာနှင့် ပြီးခဲ့သည့် ဇူလိုင်လက အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် ကျင်းပခဲ့သည့် Washington Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် တွေ့ဆုံယှဉ်ပြိုင်ခဲ့ဖူးပြီး ၎င်းပွဲစဉ်တွင် ရိုင်ဘာကီနာက အနိုင်ရရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

## ထိုင်းဂေါက်သီးရိုက်မယ် တီသီကူလ် ကမ္ဘာ့အဆင့်(၁)နေရာ ပြန်လည်ရယူနိုင်ခဲ့

နယူးယောက် ဩဂုတ် ၅

အမေရိကန်နိုင်ငံ အခြေစိုက် LPGA အဖွဲ့ချုပ်က အမျိုးသမီးဂေါက်သီးရိုက်လောက၏ နောက်ဆုံးကမ္ဘာ့အဆင့် သတ်မှတ်ချက်ကို ထုတ်ပြန်ခဲ့ရာ ထိုင်းဂေါက်သီးရိုက်မယ် တီသီကူလ်က ကမ္ဘာ့အဆင့်(၁)နေရာကို ဒုတိယအကြိမ် တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

တီသီကူလ်သည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်၌ ကမ္ဘာ့အဆင့်(၁) နေရာကို ပထမဆုံးအကြိမ်ရယူနိုင်ခဲ့ပြီးနောက် ယခု ဒုတိယအကြိမ် ကမ္ဘာ့အဆင့်(၁) နေရာကို ထပ်မံရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့အဆင့်(၁)နေရာတွင် ကာလရှည် ရပ်တည်ထားနိုင်ခဲ့သည့် အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော်ဒါသည် ၂၀၂၅ ခုနှစ်အတွင်း ပုံစံကောင်းပျောက်ဆုံးကာ အောင်မြင်မှုများဖြင့် ဝေးကွာခဲ့ရပြီးနောက် ရမှတ်များကျဆင်းခဲ့သဖြင့် ကမ္ဘာ့အဆင့်(၁) နေရာမှ ကမ္ဘာ့အဆင့်(၂) နေရာသို့ ကျဆင်းသွားခဲ့ပြီး နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုသည် ကမ္ဘာ့အဆင့်(၃) နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ကာ ဩစတြေးလျဂေါက်သီးရိုက်မယ် မင်ဂျီလီက ကမ္ဘာ့အဆင့်(၄)နေရာသို့ တက်ရောက်လာနိုင်ခဲ့သော်လည်း တရုတ်ဂေါက်သီးရိုက်မယ် ရူနင်ယင်က ကမ္ဘာ့အဆင့်(၅)နေရာသို့ ကျဆင်းခဲ့သည်။

တီသီကူလ်က "ကမ္ဘာ့အဆင့်(၁)နေရာကို ဒုတိယအကြိမ် တက်ရောက်နိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ကမ္ဘာ့အဆင့်(၁) နေရာကို တက်လှမ်းလာနိုင်တာဟာ ကျွန်မတစ်ယောက်တည်းအတွက် မဟုတ်ပါဘူး။ ကျွန်မမိသားစုနဲ့ ကျွန်မအသင်းအတွက် အရေးကြီးတဲ့ မှတ်တိုင်တစ်ခုဖြစ်ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

## ဝုဖ်အသင်းတိုက်စစ်မှူး ဂွီဒက်စ် ဆိုစီဒက်အသင်းသို့ ပြောင်းရွှေ့




မက်ဒရစ် ဩဂုတ် ၅

ဆိုစီဒက်အသင်းသည် ဝုဖ်အသင်းမှ ရောင်းချရန်ပြင်ဆင်နေသည့် တိုက်စစ်မှူး ဂွီဒက်စ်ကို အပြီးသတ် ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၂၈ နှစ်ရှိ တိုက်စစ်မှူး ဂွီဒက်စ်သည် ဝုဖ်အသင်းနှင့် ဘောလုံးရာသီသုံးရာသီ ကစားခဲ့ပြီးနောက် ယခုအခါ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။

၎င်းသည် ၂၀၂၂ ခုနှစ်က ဗလင်စီယာအသင်းမှ ဝုဖ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပွဲဦးထွက် ဘောလုံးရာသီ ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ဘင်ဖီကာအသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ပြီး ရာသီပိတ်သိမ်းချိန်တွင် အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့သော်လည်း ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ စတင်ချိန်တွင် ဘင်ဖီကာအသင်းသို့ အငှားစာချုပ်ဖြင့် ထပ်မံရောက်ရှိခဲ့ကြောင်း သိရသည်။

ထို့နောက် ဂွီဒက်စ်သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့တွင် ဗီလာရီးရဲလ်အသင်းသို့ အငှားစာချုပ်ဖြင့် ကစားခဲ့ပြီးနောက် ဝုဖ်အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ချိန်တွင် ဆိုစီဒက်အသင်းက ဗီလာရီးရဲလ်အသင်းတွင် ကစားခဲ့သည့် ခြေစွမ်းပိုင်းကို သဘောကျသည့်အတွက် အပြီးသတ်ခေါ်ယူ၍ ၂၀၂၈ ခုနှစ်ထိ သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂွီဒက်စ်သည် ဝုဖ်အသင်းတွင် ပြိုင်ပွဲစုံ ၅၁ ပွဲတွင် သွင်းဂိုး ခုနစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ ၂၆ ပွဲတွင်လည်း ၁၀ ပွဲသာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခဲ့ရကာ ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရကြောင်း သိရသည်။ Ref : Fotmob

Trs : ML

# ချစ်တဲ့အလုပ်ကိုလုပ်ပါ ဒါမှမဟုတ်ရင် လုပ်တဲ့အလုပ်ကိုချစ်ပါ

လင်းလက်

**အလုပ်ဟူသမျှ ဂုဏ်ရှိစွ**

ဘဝဇာတ်ခုံပေါ်သို့ တက်လှမ်းခါစလူငယ်များအနေဖြင့် မျက်မြင်ဒိဋ္ဌကြုံတွေ့ရမည့် အရာတစ်ခုသည် အသက်မွေးဝမ်းကျောင်းအလုပ်ရွေးချယ်ခြင်းပင်ဖြစ်သည်။ လွယ်မယောင်နှင့်ခက် တိမ်မယောင်နှင့်နက်ဆိုသည့်စကားအတိုင်းပင် အရည်အချင်းနှင့် နှစ်သက်မှုတို့ ထပ်တူကျသည့်အလုပ်ကို လုပ်ဖြစ်ဖို့ကလည်း အလွန်ခက်ခဲသည်။ ဘဝပေးအခြေအနေအရ ဝင်ငွေရလမ်းနောက်သို့လိုက်ရသည့် အခိုက်အတန့်များလည်း ရှိနေတတ်သည်။ ပင်ကိုဗီဇဝါသနာပါသည့်အလုပ်ကို မလုပ်ရဘဲ ကံဇာတ်ဆရာအလိုကျ ငွေကိုမျက်နှာမူကာ ရရာအလုပ်ကို လုပ်ရသည့် အခိုက်အတန့်လည်း ရှိတတ်သည်။

ငယ်စဉ်ကတည်းက မိမိ အိပ်မက်မက်ခဲ့သော နှစ်သက်မြတ်နိုးသောအလုပ်ကို လုပ်ရသူများအဖို့ ပင်ပန်းနွမ်းနယ်မှုမရှိပျော်ရွှင်မှုအတိဖြင့် စိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ဘဝနှင့် ဆန္ဒထပ်တူမကျဘဲ ငယ်စဉ်က စိတ်ကူးယဉ်အိပ်မက်ကိုမေ့ပစ်ခဲ့ရပြီး ရရာအလုပ်ကိုလုပ်ကာ ဘဝကို ကံဇာတ်ဆရာအလိုကျ ကပြရသူများအတွက် စိတ်ပင်ပန်းမှုနှင့် ကြုံရနိုင်သည်။ ပျော်သည့်အလုပ်ကို လုပ်ရသည်ဖြစ်စေ၊ မပျော်သည့်အလုပ်ကို လုပ်ရသည်ဖြစ်စေ၊ မည်သည့်အလုပ် လုပ်ရသည်ဖြစ်စေ မိမိလုပ်ရသောအလုပ်သည် သူတစ်ပါးကို ထိခိုက်စေသောအသက်မွေးမှုမျိုးမဖြစ်ရန်သာ လိုသည်။ ဘဝ၏ စားရေး၊ ဝတ်ရေး၊ နေရေးဟူသော အရေးသုံးပါးကို ဖြေရှင်းနိုင်ရန် ဝင်ငွေရသည့်အလုပ်ကို လုပ်ရမည်မှာ သဘာဝပင်ဖြစ်သည်။ အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုသည့်စကားနှင့်အညီ သမ္မာအာဇီဝဖြင့်လုပ်သည့်အလုပ်တိုင်းသည် မိမိဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့်အရာပင်ဖြစ်သဖြင့် ချစ်မြတ်နိုးစွာကြိုးစားကြရမည်ဖြစ်သည်။

**ချစ်တတ်ပါစေ**

စိတ်၏စေရာကို လိုက်ပါဆောင်ရွက်နေရသည့် လူသားတို့သည့် မိမိတို့စိတ်ဆန္ဒအရ အကောင်အထည်ဖော်ဆောင်ရွက်သည့် အရာတိုင်းကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်သည့် စွမ်းအင်ကို ပိုင်ဆိုင်ထားကြသည်။ စိတ်ဆန္ဒမပါဘဲ လုပ်ရသည့်အလုပ်သည် မည်မျှပင်သန့်ရှင်းမွန်မြတ်ကာ အောင်မြင်မှုအတွက် သေချာနေပါသည်ဟုဆိုသော်လည်း ပြီးမြောက်ဖို့အတွက် မဖြစ်နိုင်ပေ။ မိမိ၏ငယ်စဉ်ဘဝက ချမှတ်ခဲ့သည့် ဘဝရည်မှန်းချက်နှင့် ဝေးကွာသည့်အလုပ်ကို လုပ်နေရသဖြင့် ထိုအလုပ်ပေါ်တွင် စိတ်ခံစားချက်မပါသဖြင့် ထိုအလုပ်တွင် ပျော်ရွှင်မှုကို ရှာဖွေ၍မရနိုင်ပေ။ အလုပ်အပေါ်တွင် ပျော်ရွှင်မှုမရှိသည့်အခါ ထိုအလုပ်ကို တန်ဖိုးထားချစ်မြတ်နိုးရန် မဖြစ်နိုင်တော့ပေ။

ဘဝနှင့် ဆန္ဒတို့သည် အစဉ်အမြဲထပ်တူကျနေရန် မဖြစ်နိုင်ပေ။ မိမိချစ်ခင်မြတ်နိုးရသောအလုပ်ကို လုပ်ရသူတို့သည် အောင်မြင်မှုကိုလွယ်လင့်တကူဆောင်ယူနိုင်သည်ဟုဆိုပါသော်လည်း ထိုသူတို့သည်လည်း အခက်အခဲကို ရင်ဆိုင်ရသည်သာဖြစ်သည်။ "စစ်မရောက်မီ မြားကုန်"ဆိုသည့် မြန်မာစကားပုံသို့ပင် စစ်မရောက်ခင်(စစ်မတိုက်ခင်)အစိုးရိမ်ကြီးကာ ကြိုတင်စမ်းသပ်ရင်းမြားကုန်နှင့်သကဲ့သို့ လုပ်ရမည့်အလုပ်တစ်ခုကို မလုပ်မီကပင် "မိမိမနှစ်သက်သော၊ မိမိဝါသနာမပါသော၊ မိမိ၏အရည်အချင်းနှင့် မကိုက်ညီသောအလုပ်" စသည်ဖြင့် အစိုးရိမ်ကြီးကာ အခက်အခဲများကို တွေးတောနေမည်ဆိုပါက အောင်မြင်ဖို့မဖြစ်နိုင်တော့ပေ။ ငယ်စဉ်က ဆရာဝန်ဖြစ်ချင်ခဲ့ပါသော်လည်း ဘဝပေးအခြေအနေအရ ပညာတစ်ပိုင်းတစ်စဖြင့် ကားဝပ်ရှော့တွင် လုပ်ရသည်ဟုဆိုပါလျှင် ကားဝပ်ရှော့အလုပ်ကို ချစ်ခင်မြတ်နိုးစွာကြိုးစားလုပ်ကိုင်ရင်းဖြင့် ကားလောက၏ ဘုရင်တစ်ဆူဖြစ်နိုင်ပေသည်။

**ဘဝနှင့်ဆန္ဒကို ထပ်တူချကြည့်ပါ**

မိမိ၏ဝါသနာနှင့် အရည်အချင်းတို့ကို မိမိကိုယ်တိုင်မသိဘဲ မိဘအုပ်ထိန်းသူ သို့မဟုတ် ပတ်ဝန်းကျင်က ဖြစ်စေချင်သောအလုပ်ကို လုပ်ကိုင်သူသည် ပဲ့မပါသောလှေတစ်စီးကို လှော်နေရသူနှင့်တူနေမည်သာဖြစ်သည်။ မိမိ၏ဘဝပေးအခြေအနေနှင့် မိမိရင်တွင်းဆန္ဒတို့ကို ထပ်တူချကြည့်ပြီး အကောင်းဆုံးသော အသက်မွေးဝမ်းကျောင်းအလုပ်ကို ရွေးချယ်ကြည့်သင့်ပေသည်။ ငယ်စဉ်က စာတော်သောကျောင်းသားဖြစ်ခဲ့သဖြင့် ဆေးကျောင်းတက်ရန် မိဘအုပ်ထိန်းသူတို့ကတိုက်တွန်း၍ ဆေးကျောင်းတက်သော်လည်း မိမိဝါသနာက အခြားအရာတစ်ခုဖြစ်နေသည်ဆိုပါက မိဘအုပ်ထိန်းသူများထံ ခွင့်ပန်၍ မိမိ၏စိတ်ဆန္ဒနှင့်ထပ်တူကျသည့်ပညာကို သင်ကြားကာ အသက်မွေးခွင့်ရရှိရေး ကြိုးစားသင့်သည်။

မည်သည့်အလုပ်မဆို စိတ်မပါလက်မပါလုပ်သည့်အခါ ထိုအလုပ်၏အနှစ်သာရနှင့် တိုးတက်လမ်းတို့ကို မမြင်နိုင်တော့ပေ။ အလုပ်တွင်လည်း ပျော်ရွှင်မှုမရှိတော့သဖြင့် လုပ်ငန်းခွင်အတွင်းမှ အခြားသူများနှင့်လည်း ဆက်ဆံရေးပျက်ယွင်းလာမည်ဖြစ်သည်။ မိမိ၏ တီထွင်ဖန်တီးနိုင်စွမ်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်းတို့သည်လည်း ကျဆင်းလာပြီး မိမိ၏အရည်အသွေးတို့လည်း တဖြည်းဖြည်းကျဆင်းလာမည်သာဖြစ်သည်။ အလုပ်တွင်လည်း မှားယွင်းမှုများ ပိုမိုများပြားလာနိုင်ပြီး စိတ်ဓာတ်ကျခြင်းရောဂါကိုပါ ခံစားလာရနိုင်သည်။ လုပ်ငန်းခွင်အတွင်း အထီးကျန်ခြင်းဝေဒနာကို ခံစားလာရနိုင်ပြီး မိမိကိုယ်ကိုယုံကြည်မှုများပျောက်ဆုံးသွားကာ စိတ်ရောကိုယ်ပါထိခိုက်လာမည်ဖြစ်သည်။ သို့ဖြစ်ရာ ဘဝအောင်မြင်မှုကိုရယူလိုသည့် မျိုးဆက်သစ်လူငယ်တိုင်းသည် အသက်မွေးဝမ်းကျောင်းအလုပ် ရွေးချယ်ရာတွင် မိမိ၏ဘဝပေးအခြေအနေနှင့် မိမိဆန္ဒတို့ထပ်တူကျသည့်အလုပ်ကို ရွေးချယ်ကြရန်လိုသည်။ ရွေးချယ်နိုင်ခွင့်မရဘဲ ရရာအလုပ်ကိုလုပ်ရသည်ဟုဆိုပါလျှင်လည်း ထိုအလုပ်ကို ချစ်မြတ်နိုးတန်ဖိုးထားတတ်စေရန် ကြိုးစားကြရမည်ဖြစ်သည်။

**တစ်ဖက်ကမ်းခပ်တတ်ဖို့**

သမ္မာအာဇီဝဖြင့် ကြိုးစားရုန်းကန်ကာ လုပ်ကိုင်ကြရသည့်အလုပ်တိုင်းသည် တန်ဖိုးရှိလှသကဲ့သို့ ထိုလုပ်ငန်းဖြင့် ဘဝအောင်မြင်မှုပန်းကို ဆင်မြန်းနိုင်မည်သာဖြစ်သည်။ ဆန္ဒနှင့်ဘဝထပ်တူကျ၍ လုပ်ရသည်ဖြစ်စေ၊ ဘဝပေးအခြေအနေအရ လုပ်ရသည်ဖြစ်စေ၊ မိမိလုပ်ရသောအလုပ် သို့မဟုတ် အသက်မွေးဝမ်းကျောင်းအတတ်ပညာကို ထူးချွန်ပေါက်မြောက်အောင် ကြိုးစားကြရန်လိုသည်။ ငယ်စဉ်က လေ့လာခဲ့ရသည့် ပန်းပဲရှာတွင် အပ်ရောင်းခြင်းဖြင့် အကျိုးကျေးဇူးရအောင်ကြိုးစားနိုင်သည့် ဇာတ်လမ်းကို ဘဝခရီးလမ်းတွင်လျှောက်လှမ်းနေသည့် လူငယ်များ အတုယူကြရန်လိုသည်။ မိမိလုပ်ရသောအလုပ်ကို သေးငယ်သိမ်နုပ်သည်ဟုမတွေးဘဲ ထိုအလုပ်တွင် တစ်ဖက်ကမ်းခပ် တတ်မြောက်သည့်အခါ အကျိုးစီးပွားတိုးပွားနိုင်သည်သာဖြစ်သည်။

မည်သည့်ဘဝ၊ မည်သည့်အသက်မွေးမှုအလုပ်ကို လုပ်ရသည်ဖြစ်စေ ထိုအလုပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်သူတို့သည် အများ၏ချီးကျူးဂုဏ်ပြုမှုကိုရနိုင်သကဲ့သို့ ဘဝအောင်မြင်မှုကိုလည်း လွယ်လင့်တကူရနိုင်သည်။ ဗာရာဏသီပြည်အနီး ကာသိကတိုင်းရှိ ဆင်းရဲနွမ်းပါးလှသော ပန်းပဲရွာတစ်ရွာတွင် ပန်းပဲအတတ်ပညာဖြင့်အသက်မွေးရသော အလွန်ဆင်းရဲသည့် ဇနီးမောင်နှံရှိလေသည်။ ထိုဇနီးမောင်နှံတို့မှမွေးဖွားသော ဘုရားလောင်းသတို့သားသည်လည်း ပန်းပဲလုလင်ဘဝဖြင့်သာ ဆင်းရဲပင်ပန်းစွာ အသက်မွေးရလေသည်။ ဘုရားလောင်းကား ယောက်ျားကောင်းတို့ ကြိုးစားမှုဖြင့် ပန်းပဲအတတ်ပညာကို သူမတူ ကျွမ်းကျင်အောင် ကြိုးစားလေ့လာလေသည်။

❖ပျော်သည့်အလုပ်ကို လုပ်ရသည်ဖြစ်စေ၊ မပျော်သည့်အလုပ်ကို လုပ်ရသည်ဖြစ်စေ၊ မည်သည့်အလုပ် လုပ်ရသည်ဖြစ်စေ မိမိလုပ်ရသောအလုပ်သည် သူတစ်ပါးကိုထိခိုက်စေသော အသက်မွေးမှုမျိုး မဖြစ်ရန်သာလိုသည်။ ဘဝ၏ စားရေး၊ ဝတ်ရေး၊ နေရေးဟူသော အရေးသုံးပါးကိုဖြေရှင်းနိုင်ရန် ဝင်ငွေရသည့်အလုပ်ကို လုပ်ရမည်မှာ သဘာဝပင်ဖြစ်သည်။ အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုသည့်စကားနှင့် အညီ သမ္မာအာဇီဝဖြင့်လုပ်သည့်အလုပ်တိုင်းသည် မိမိဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့်အရာပင်ဖြစ်သဖြင့် ချစ်မြတ်နိုးစွာ ကြိုးစားကြရမည်ဖြစ်သည်။ ❖

**ပန်းပဲရွာမှာ အပ်ရောင်းပါ**

ဘုရားအလောင်းနေထိုင်သည့် ပန်းပဲရွာအနီးတွင် ပန်းပဲပညာအရာတွင် လွန်စွာအမည်ဂုဏ်သတင်းကြီးမားလှပြီး ဘုရင်ကပင် အသိအမှတ်ပြုရသည့် ပန်းပဲရွာကြီးတစ်ရွာရှိလေသည်။ ထိုရွာကြီးကို အုပ်ချုပ်သည့်သူကြီးသည်လည်း ပန်းပဲပညာတွင် လွန်စွာကျွမ်းကျင်လှသည်။ ပန်းပဲသူကြီး၌ အလွန်ချောမောလှပသည့် သမီးတစ်ဦးရှိလေသည်။ ထိုသတင်းကို ဘုရားလောင်းပန်းပဲလုလင်ကြားသော် ထိုရွာသို့သွား၍ မိမိ၏ ပန်းပဲအတတ်ပညာကိုပြကာ ပန်းပဲသူကြီး၏သမီးဖြစ်သူကို ဆောင်ယူအံ့ဟု အကြံဖြစ်ပေါ်လေသည်။ မိမိ၏ ပန်းပဲအတတ်ပညာဖြင့် လွန်စွာထူးဆန်းသည့်အပ်တစ်ချောင်းကိုပြုလုပ်ကာ ပန်းပဲရွာသို့သွားရောက်၍ ပန်းပဲသူကြီးအိမ်ရှေ့တွင် အရည်အသွေးအင်မတန်ထူးခြားသည့် အပ်တစ်ချောင်းရောင်းရန်ရှိသည်ဟုအော်ကာ အပ်ကိုရောင်းရန် ကြိုးပမ်းလေသည်။

ထိုအကြောင်းကို ပန်းပဲသူကြီးသိသဖြင့် အပ်ကိုကြည့်ပြီး အဘယ်အကျိုးရှိသနည်းဟု ပန်းပဲလုလင်ကိုမေးရာ ပန်းပဲလုလင်က ပေအောက်တွင် ရေခွက်ထား၍ အပ်ကို ပေပေါ်တင်ကာ အားကောင်းသောယောက်ျားကို ထုစေသည်။ ထိုအခါ အပ်သည် ပေကိုဖောက်၍ ရေ၌ကျပြီးလျှင် မနစ်ဘဲကန့်လန့်ပေါ်၏။ ထိုအခြင်းအရာကို ပန်းပဲရွာသူ၊ ရွာသားတို့မြင်ကြလျှင် အံ့သြချီးမွမ်းကြကုန်၏။ ထိုအခါ ပန်းပဲသူကြီးလည်း သမီးကိုခေါ်၍ ပရိသတ်အလယ်မှာပင် ပန်းပဲလုလင်နှင့် ထိမ်းမြားလက်ထပ်ပေးလေ၏။

**စွမ်းသလောက်သာကြိုးစားပါ**

ဘဝပေးအခြေအနေအရ ဘုရားလောင်းပန်းပဲလုလင်သည် အလွန်ဆင်းရဲသည့်ပန်းပဲမိသားစုတွင် ပေါက်ဖွားရှင်သန်ရသည်။ သင်ရသည့်ပညာမှာလည်း အလွန်ပင်ပန်းသည့် ပညာပင်ဖြစ်ပြီး ထိုပညာဖြင့်သာ အသက်မွေးရလေသည်။ ဘဝနှင့်ဆန္ဒ ထပ်တူကျကာ အသက်မွေးဝမ်းကျောင်းပညာကို ရွေးချယ်ခွင့်မရခဲ့သော်လည်း မိမိလုပ်ရသည့်အလုပ်ကို မြတ်နိုးတွယ်တာ၍ တစ်ဖက်ကမ်းခပ်အောင်မြင်အောင် ကြိုးစားနိုင်ခဲ့သဖြင့် ဘဝအောင်မြင်မှုကို ရယူနိုင်ခဲ့သည်။ ပန်းပဲလုလင်ဘဝကို မြတ်နိုးတွယ်တာမှုမရှိ၊ ထိုပညာကိုလည်း တန်ဖိုးမထားဘဲ စိတ်ပျက်အားလျော့ကာနေခဲ့မည်ဆိုပါက အသက်ရှင်ရုံမျှသာ စားရသည့်ဘဝသို့ ဆိုက်ရောက်သွားမည်သာဖြစ်သည်။

မျိုးဆက်သစ်လူငယ်များအနေဖြင့်လည်း ဘဝပေးကံအရ လုပ်ရသည့်အလုပ်သည် မိမိ၊ သူတစ်ပါးအကျိုးစီးပွားထိခိုက်စေမည့် မကောင်းမှုဒုစရိုက်မဟုတ်ရန်သာ စဉ်းစားစေလိုသည်။ သမ္မာအာဇီဝကျသည့်အလုပ်သာဖြစ်ပါက ထိုအလုပ်ကိုချစ်မြတ်နိုး၍ အတိုးချကာ ကြိုးစားကြည့်ကြရန် တိုက်တွန်းလိုသည်။ ချစ်သည့်အလုပ်ကို လုပ်ရသည်ဖြစ်စေ၊ မချစ်သည့်အလုပ်ကို လုပ်ရသည်ဖြစ်စေ လုပ်ရသောအလုပ်ကို ချစ်မြတ်နိုးတန်ဖိုးထားကာ အောင်မြင်အောင်ကြိုးစားခြင်းဖြင့် ထိုအလုပ်တွင် ပျော်ရွှင်အောင်မြင်မှုကို ဖန်တီးရယူနိုင်ကြမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ပေသည်။

**ကိုးကား**

- သူစိဇာတ်၊ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုများ။
- နေ့စဉ်ထုတ်သတင်းစာများ။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## ဝါစိမ်းနီကမ္ဘာသိမ်းမည် ရုပ်သံဇာတ်လမ်းတွဲကို SKYPREMIER HD ရုပ်သံလိုင်းမှ ဩဂုတ် ၁၄ ရက်မှစတင်ကာ ထုတ်လွှင့်ပြသပေးမည်




ရန်ကုန် ဩဂုတ် ၅

ဝါစိမ်းနီကမ္ဘာသိမ်းမည် ရုပ်သံဇာတ်လမ်းတွဲကို SKYPREMIER HD ရုပ်သံလိုင်းမှ ဩဂုတ် ၁၄ ရက်မှ စတင်ကာ တနင်္လာနေ့မှ ကြာသပတေးနေ့ထိ ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ညီညီထွန်းလွင်က ပြောပြ၍ သိရသည်။

ဝါစိမ်းနီကမ္ဘာသိမ်းမည် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ဒါရိုက်တာ ညီညီထွန်းလွင်က ရေးသားထားကာ ဒါရိုက်တာ ညီညီထွန်းလွင်ကိုယ်တိုင် ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ပြီး အပိုင်း ၃၀ စာ ရိုက်ကူးထားပြီး အပိုင်းတစ်ပိုင်းလျှင် ၄၅ မိနစ်စာ ပါဝင်ကြောင်း သိရသည်။

"ဝါစိမ်းနီ ကမ္ဘာသိမ်းမည် ရုပ်သံဇာတ်လမ်းတွဲက ကျွန်တော့်အတွက် ပထမဦးဆုံးရိုက်ကူးတဲ့ ဇာတ်လမ်းတွဲတစ်ခုပါ။ ဒီဇာတ်လမ်းတွဲမှာ အပိုင်း ၃၀ ပါဝင်ပါတယ်။ ဩဂုတ် ၁၄ ရက်ကနေစပြီး SKYPREMIER HD ရုပ်သံလိုင်းမှာ ထုတ်လွှင့်ပြသပေးမှာ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ရိုမန့်ဖြစ်တာလေးတွေပါမယ်" ဟု ဒါရိုက်တာ ညီညီထွန်းလွင်က ပြောပြသည်။

ဝါစိမ်းနီ ကမ္ဘာသိမ်းမည် အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် မင်းဦး၊ နေဆန်း၊ ညီထွဋ်ခေါင်၊ ထက်လူမျိုးသန္တာထွန်း၊ ကြည်လဲ့လဲ့ဦး၊ အေးမြတ်သူ၊ နန်းမြတ်ဖြိုးသင်း၊ ယွန်းယွန်း၊ ခင်ရူပနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင် ထားကြောင်း သိရသည်။

ASH

## ယောက်ဖစစ်ဆင်ရေး ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်




ရန်ကုန် ဩဂုတ် ၅

ယောက်ဖစစ်ဆင်ရေး ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၉ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ယွန်းရွှေရည်က ပြောပြ၍ သိရသည်။

အဆိုပါ ယောက်ဖစစ်ဆင်ရေး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လွင်မင်းအုံ့က ရေးသားထားကာ ဒါရိုက်တာ ညီညီထွန်းလွင်က လူ့စွမ်းကောင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးထားသည့် အချစ်ဟာသဇာတ်မြူး ရုပ်ရှင်ဇာတ်ကားတစ်ကား ဖြစ်ကာ CANAL+ ZAT LENN ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည် ကြောင်း သိရသည်။

"၂၀၁၉ ခုနှစ် မေလတုန်းက ရုံတင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ နှစ်ကြာပြီဖြစ်ပေမဲ့ ဇာတ်လမ်းကတော့ အချစ်ဟာသဇာတ်မြူးလေးမို့ သဘောကျကြမှာပါ။ မကြည့်လိုက်ရသေးတဲ့သူတွေ၊ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအနေနဲ့ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်" ဟု သရုပ်ဆောင် ယွန်းရွှေရည်က ပြောပြသည်။

အဆိုပါ ယောက်ဖစစ်ဆင်ရေး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ဇေရဲထက်၊ ရာဇာနေဝင်း၊ ကျော်ကျော်၊ ခင်လှိုင်၊ ခင်ဝင့်ဝါ၊ မေပန်းချီ၊ ယွန်းရွှေရည်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင် ထားကြောင်း သိရသည်။

ASH

## ရင်ချင်းထပ်လိပ်ပြာ ရုပ်သံဇာတ်လမ်းကို ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ စတင်ရိုက်ကူးနေ

ရန်ကုန် ဩဂုတ် ၅

ELLA Film Production က ရင်ချင်းထပ်လိပ်ပြာ ရုပ်သံဇာတ်လမ်းကို ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ဩဂုတ် ၄ ရက်မှ စတင်ကာ ရိုက်ကူးနေကြောင်း အဆိုပါ ရင်ချင်းထပ်လိပ်ပြာ ရုပ်သံဇာတ်လမ်းတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်နေသူ မင်းတော်ဝင်ထံမှသိရသည်။

အဆိုပါ ရင်ချင်းထပ်လိပ်ပြာ ရုပ်သံဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းကို သရုပ်ဆောင် မင်းတော်ဝင်က ရေးသားပေးထားပြီး ပိုင်ကြီးက ဇာတ်ညွှန်းရေးပေးကာ ဒါရိုက်တာ ဝင့်ဥမ္မာကျော်က ELLA Film Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးနေကြောင်း သိရသည်။

"သိပ်ရိုက်ချင်ခဲ့တဲ့ ဇာတ်လမ်းလေး ရိုက်ဖြစ်သွားတဲ့အတွက် ELLA Production ကို ကျေးဇူးအများကြီးတင်ပါတယ်။ ဘဝမှာ ပထမဆုံး စဉ်းစားမိတဲ့ဇာတ်လမ်းလေးမို့ အမှတ်တရဖြစ်ရတဲ့ ဇာတ်လမ်းလေးပါ။ ဩဂုတ် ၄ ရက်က ရန်ကုန်မြို့မှာ ဇာတ်အိမ်တည်ပြီး ရိုက်ကူးနေပါတယ်။ အားလုံးအတူတူ ကြိုးစားသွားပါ့မယ်"ဟု သရုပ်ဆောင် မင်းတော်ဝင်က ပြောပြသည်။

ရင်ချင်းထပ်လိပ်ပြာ အမည်ရှိ ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် မင်းတော်ဝင်၊ ထူးခြားအဲလ်ဘက်ပိုင်၊ ဝေယံမင်းထက်၊ ဗိုးဂျင်၊ ယွန်းယွန်း၊ လှနထွန်း၊ အိင်ဇုဖူး၊ သမုဒယနှင့် အခြားအနုပညာရှင်ပေါင်း များစွာ ပါဝင် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

ASH

## Dance Parents ဟာသရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရန် ယူနီဗာဆယ် စီစဉ်ထား

နယူးယောက် ဩဂုတ် ၅

Dance Parents အမည်ရှိ ဟာသရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရန် ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဩဂုတ် ၄ ရက် သတင်းများအရ သိရသည်။

Dance Parents ဇာတ်ကားတွင် မင်းသမီး ချားလစ်သီရွန်နှင့် မင်းသား ချန်နင်တာတမ်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ထို့ပြင် ချားလစ်သီရွန်နှင့် ချန်နင်တာတမ်တို့သည် Dance Parents ဇာတ်ကား၏ ထုတ်လုပ်သူများအဖြစ်လည်း တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

Dance Parents ဇာတ်ကားကို ဒါရိုက်တာ ဂျိုနသန်လီဗင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ မီဂန်းမယ်လ် လိုင်းက ရေးသားမည်ဖြစ်သည်။

လက်ရှိတွင် Dance Parents ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားစတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## Social Network Part II ဇာတ်ကား၌ မင်းသား ဂျရက်မီစထရောင်း ပါဝင်မည်

နယူးယောက် ဩဂုတ် ၅

Social Network Part II ဇာတ်ကား၌ မင်းသား ဂျရက်မီစထရောင်းပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဩဂုတ် ၄ ရက် သတင်းများအရ သိရသည်။

Social Network Part II ဇာတ်ကားတွင် ဂျရက်မီစထရောင်းသည် ဖေ့စ်ဘွတ်ကုမ္ပဏီအမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘာ့ဂ်အဖြစ် သရုပ်ဆောင် ရဖွယ်ရှိကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ဂျရက်မီစထရောင်းသည် မင်းသား မစ်ကေးမက်ဒီဆင်၊ ဂျရက်မီအလန်းဝိုက်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Social Network Part II ဇာတ်ကားကို ဒါရိုက်တာ အရွန်ဆော်ကင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ကိုယ်တိုင်ရေးသားမည်ဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားသည် Social Network (2010) ဒရာမာဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ကြောင်း၊ လက်ရှိတွင် အဆိုပါ ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# Pantanaw Township ships a large volume of broken rice to Yangon market in June



A truck loaded with bags of broken rice.

**Pantanaw August 5**

Local businesspersons from Pantanaw Township of Ayeyawady Region sold out many bags of broken rice to Yangon market in June, said Daw Aye Myint, the owner of rice and paddy trading centre in Pantanaw Township.

In May of this year, only about 4,500 bags of broken rice from Pantanaw Township were able to be sold to the Yangon market. However, in June, a total of 70,000 bags of broken rice were sold. It is reported that the broken rice from that region is currently enjoying strong demand from the Yangon market.

"We mainly export and sell broken rice from Pantanaw Township to the Yangon market. The broken rice is mostly transported and sold using cargo trucks. Starting from the first week of the month, demand for broken rice has clearly increased. Rice mill operators are continuously exporting and selling the rice. Since we are currently able to transport and sell smoothly without difficulties, it's convenient for the traders," said Daw Aye Myint.

At Yangon market, broken rice from Pantanaw Township fetched K42,000 per bag. Due to high demand, rice and paddy traders, commodity owners, freight workers and truck drivers are convenient in their livelihoods.

Kyaw Kyaw Lin

# Shrimp paste marketable in Dedaye Township due to high demand

**Dedaye August 5**

Merchants purchase a large volume of shrimp paste from Dedaye Township of Ayeyawady Region, said Daw Htay Hay, the owner of fishery product trading commodity in Dedaye Township.

In Dedaye Township, locally produced shrimp paste has seen improved demand starting from the second week of July this year until today, resulting in good sales. It is reported that around 5,000 viss to 7,000 viss of this local shrimp paste are being sold daily.

"Currently, the shrimp paste is selling well within the local area. The price for one viss of shrimp paste is now up to K25,000. Besides the local market, there is also strong demand from Pyapon and other regions, which is why sales are going well. Traders from this side are delivering the local shrimp paste directly to the purchasing regions. Since we are selling local shrimp paste, there haven't been any major difficulties," said Daw Htay Htay, a shrimp paste and dried fish trader and market operator from Dedaye Township.

Local businesspersons distribute shrimp paste with systematic processing and packaging to other regions. So, businesspersons as well as commodity centres and workers can earn increased incomes for their families.

Kyaw Kyaw Lin



Photo shows packets shrimp paste.

# More than 13,000 acres of rainfed paddy planted in Ngaputaw Township

**Ngaputaw August 5**

Pathein District Agriculture Department mentioned that local farmers have planted 13,521 acres of rainfed paddy meeting the target cultivation in Ngaputaw Township of Ayeyawady Region this year.

Local farmers started cultivation of monsoon paddy on 204,122 acres of farmlands in the first week of May this year in Ngaputaw Township. So far, they have planted 13,521 acres of crops through collaborative efforts of local farmers and officials from Agriculture Department, Agricultural Mechanization Department, and Administration Body.

"In this year's monsoon crop season, paddy cultivation in Ngaputaw Township is planned to cover up to 204,122 acres. Currently, efforts are being made to ensure that 100 per cent of the planned acreage can be cultivated without any difficulties. The Department of Agriculture is proactively arranging technical support and other assistance for the farmers. Seed procurement for paddy has already been facilitated through coordination, and the necessary farming techniques and systematic cultivation methods are also being properly provided," said Daw Aye Aye Mu, Head of the Department of Agriculture in Pathein District.

Officials from Agriculture Department and Department of Irrigation and Water Utilization Management cooperate in prevention of pests at farmlands in Ngaputaw Township. Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Cultivation of more than 2,000 acres of vegetables completed in Shwebo Township

**Shwebo August 4**

The statistics of Shwebo Township Agriculture Department stated that local farmers have planted 2,502 acres of vegetables as monsoon crops in Shwebo Township of Sagaing Region.

For the 2025–2026 monsoon crop season, it is planned to cultivate 3,857 acres of vegetables in Shwebo Township. Cultivation began in May this year, and as of today, 2,502 acres have already been planted.

U San Oo, Head of the Shwebo Township Department of Agriculture, said:

"This year, we've planned to cultivate over 3,000 acres of vegetables in Shwebo Township. As of today, more than 2,500 acres have been planted. We're working to ensure that the full target acreage is achieved. The vegetables being cultivated include mustard, chilli, herbs, potatoes, okra, cauliflower, cabbage, eggplant, and ridge gourd. We are providing technical guidance to farmers to cultivate all of these vegetables using the GAP (Good Agricultural Practices) system. We're also educating farmers on growing these vegetables in a way that minimizes chemical residues and ensures food safety."

This year, the Shwebo Township Department of Agriculture has been offering training to vegetable farmers on GAP-based cultivation methods, along with techniques to ensure that the produce meets health and safety standards. Support is also being provided to help farmers expand their vegetable cultivation areas.

In Shwebo Township, various vegetables are grown seasonally every year, and these crops have proven to be successful, generating income for farming families. The Township Department of Agriculture is also providing farmers with knowledge on proper cultivation methods, pest prevention, and the use of natural fertilizers, organic pesticides, and repellents.

206

# Farmers successfully plant cotton on more than 4,000 acres of croplands in Sagaing Township


A cotton plantation.

**Sagaing August 5**

According to Sagaing Township Agriculture Department, local farmers have planted 4,548 acres of cotton plantations as monsoon crops in Sagaing Township of Sagaing Region.

For the 2025-2026 monsoon crop season, a total of 16,821 acres of cotton crops are planned to be cultivated in Sagaing Township. Cultivation began in May this year, and as of today, 4,548 acres have already been cultivated.

"For this year's monsoon crop season, we have planned to grow over 16,000 acres of cotton in Sagaing Township. So far, over 4,000 acres have already been cultivated, and planting is ongoing. We are working to ensure the full targeted acreage is achieved. Quality and pure cotton seeds are being provided to farmers so they can grow on time with ease," said U Myo Thant Aung, Head of the Township Department of Agriculture.

This year, the township agriculture department is providing Sagaing cotton farmers with access to quality cotton seeds, guidance on pest and disease prevention, proper cultivation techniques to improve yield, and training courses tailored to their needs.

The estimated production cost for cotton per acre is around K350,000, with an expected yield of approximately 1,000 viss per acre.

In cotton cultivation, intercropping is possible with crops like early-season onions and pigeon pea, which allows farmers to benefit from multiple crop yields and boost their income.

Cotton is currently being successfully cultivated in 19 townships across Sagaing Region, including Sagaing, Monywa, Yinmabin, Shwebo, and Kanbalu Districts.

206

# More than 1,900 acres of vegetables planted in Tamu District this year

**Tamu August 5**

Tamu District Agriculture Department stated that local farmers planted more than 1,900 acres of vegetables as monsoon crops in Tamu District of Sagaing Region this year.

For the 2025-2026 monsoon crop season, a total of 3,335 acres of vegetables are planned to be cultivated in Tamu District. Starting from May this year, cultivation began, and as of today, 410 acres have been planted in Myothit Township, 865 acres in Tamu Township, and 655 acres in Khampat, totalling 1,930 acres.

"For this year's monsoon crop season, over 3,000 acres of vegetables are planned for cultivation in Tamu District. As of today, more than 1,900 acres have already been planted. Efforts are being made to meet the full target acreage. The main vegetable crops being grown include mustard greens, chilli, coriander, potatoes, cabbages, eggplants, cauliflower, cabbage, and roselle. We are providing farmers with the necessary technical support to enable them to grow all vegetables under the GAP (Good Agricultural Practices) system. We also guide farmers to minimize chemical residues in their crops and to ensure they grow vegetables in a health-conscious and safe manner," said U Hla Myint, Head of the Department of Agriculture for Tamu District.

In terms of township-level cultivation targets for vegetables during the 2025-2026 monsoon season in Tamu District, 870 acres was earmarked for cultivation in Myothit Township, 945 acres in Tamu Township, and 1,520 acres in Khampat, totalling 3,335 acres.

This year, relevant township agricultural departments are providing training to farmers in Tamu District on GAP techniques. They are also providing knowledge on how to grow vegetables that are safe and aligned with health standards, and they are assisting farmers to expand their vegetable cultivation areas.

Local farmers can generate incomes from vegetable plantations. Officials from relevant Township Agriculture Departments provide agricultural techniques, preventive measures against pests, and making techniques for natural fertilizers and pests. 206

# 100% cultivation of pigeon pea completed in Taze Township

**Taze August 5**

According to records from the Department of Agriculture in YeU District, 100 per cent of the targeted acreage for pigeon pea cultivation has been completed in Taze Township, Sagaing Region, during this year's monsoon crop season.

For the 2025-2026 monsoon crop season, a total of 2,450 acres of pigeon peas were earmarked for cultivation in Taze Township. Planting began in June this year, and as of today, the full targeted acreage has already been cultivated.

"This year, more than 2,000 acres of pigeon peas were planned for cultivation during the monsoon season in Taze Township. As of now, the entire targeted acreage has been fully cultivated. We are also making efforts to ensure good yield outcomes. Pigeon peas are being grown both as a main crop and in intercropping systems," said U Zaw Myint Htun, Head of the Department of Agriculture for YeU District.

This year, the township agriculture department is also providing support to pigeon pea farmers in Taze Township by educating them on selecting quality and pure seeds, applying proper cultivation techniques, avoiding pest risks, and improving yields through on-site technical training.

Officials of Taze Township Agriculture Department make arrangements for local farmers in order to reduce cost of purchasing foliar fertilizer and give techniques of making natural fertilizers and pests to be used in pigeon pea plantations. 206

# Indonesia, Malaysia, Thailand expand local currency transaction network

**Jakarta August 5**

Bank Indonesia, Bank Negara Malaysia, and Bank of Thailand have added new Appointed Cross Currency Dealer (ACCD) participating banks to broaden services for bilateral transactions in local currencies across the three nations, Bank Indonesia said in a statement on Tuesday.

The newly appointed ACCD banks will facilitate cross-border transactions for trade in goods, services, direct investment, and portfolio investment. By expanding the network of participating banks, the three central banks aim to enhance service reach for consumers, improve access to local currency liquidity, and offer businesses a wider range of cross-border payment options between Indonesia, Malaysia, and Thailand.

This initiative builds on the operational harmonization agreement for the Local Currency Transaction Framework (LCTF) signed on Feb. 17, 2025. Xinhua

## Please read supplementary information

In the Yadanabon Daily issued on 5 August 2025, it was reported that Chairman of the State Security and Peace Commission Senior General Min Aung Hlaing inspects Bogyoke Aung San Museum (Yangon), Ministers' Office (the Secretariat), and Yangon Region High Court.

Regarding the reports, please read the supplementary information that the Senior General **gave guidance that in preparation for the open season, major renovations must be carried out at the Bogyoke Aung San Museum so that both domestic and international visitors can explore it in a modern and proper manner.**

Likewise, during his inspection at the Yangon Region High Court, please read the supplementary information that the Senior General also gave guidance, based on the reports of officials, that **colonial-era heritage buildings in Yangon should be preserved and maintained in their original styles to make them attractive destinations for both local and foreign tourists.**

## Please read supplementary information

In the Yadanabon Daily issued on 5 August 2025, it was reported that Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing inspects maintenance of Yangon-Mandalay Expressway.

Regarding the reports during the inspection, please read the supplementary information that the Senior General gave guidance, saying that along the entire stretch of the Yangon-Mandalay Expressway, green trees should be systematically planted **within a 400-foot-wide road area.** Windbreak trees should also be planted **at intervals of 10 feet**, arranged in two or three rows along the roadside.

Moreover, the Senior General gave guidance that trees be planted during the current monsoon season in the forested reserves and protected public forests and vacant lands located beside the highway. Furthermore, small-scale forests covering areas of approximately 5 to 10 acres each should be established and planted.

This is presented for your supplementary reading.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က နိုင်ငံပြင်ပတွင် LRHW တာဝေးပစ်ဟိုက်ပါဆောနစ် လက်နက်စနစ်ကို ပထမဆုံးအကြိမ်တပ်ဖြန့်အသုံးပြု



အမေရိကန်ကြည်းတပ်သည် အမေရိကန်နိုင်ငံပြင်ပတွင် Long–Range Hypersonic Weapon (LRHW) တာဝေးပစ်ဟိုက်ပါဆောနစ် လက်နက်စနစ်ကို ပထမဆုံးအကြိမ်အဖြစ် တပ်ဖြန့်အသုံးပြုခဲ့ကြောင်း Defence–Industry. Eu သတင်းဌာနက ဩဂုတ် ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စစ်ရေးအရ အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်ပြီးTalisman Sabre 25 စစ်ရေးလေ့ကျင့်မှုကြီး၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဩစတြေးလျနိုင်ငံမြောက်ပိုင်းနယ်မြေတွင် အမှတ် (၃) ဘက်စုံအထူးတပ်ဖွဲ့(3MDTF)က တာဝန်ယူတပ်ဖြန့်ချထားခဲ့ခြင်းလည်းဖြစ်သည်။

ယခုလို တပ်ဖြန့်ချထားခဲ့မှုသည် အင်ဒို–ပစိဖိတ်ကွပ်ကဲမှုဌာနချုပ်အတွက် အရေးကြီးသော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပြီး နိုင်ငံပြင်ပ ရှေ့တန်းကျကျနေရာများတွင် LRHW လက်နက်စနစ်ကို စီမံခန့်ခွဲနိုင်၊ ထိန်းချုပ်နိုင်ကြောင်းရှိသည်ကို အမေရိကန်စစ်ဘက်က သက်သေပြလိုက်ခြင်းလည်းဖြစ်သည်။ “LRHW စနစ်ကို ဩစတြေးလျမှာ ဖြန့်ကြက်ချထားနိုင်တာဟာ အင်ဒို–ပစိဖိတ်ကွပ်ကဲမှုဌာနချုပ်အတွက် အရေးပါတဲ့အောင်မြင်မှုတစ်ခုပါပဲ။ ဒါဟာရှေ့တန်းပတ်ဝန်းကျင်မှာ ဒီစနစ်ကိုဖြန့်ကြက်ဖို့၊ နေရာချထားဖို့အတွက် ထိန်းချုပ်ကွပ်ကဲမှု(C2)စနစ်တွေနဲ့ အမေရိကန် ကြည်းတပ်စွမ်းဆောင်ရည်တွေကို အတည်ပြုပေးလိုက်တာဖြစ်ပါတယ်”လို့ အမေရိကန် အင်ဒို–ပစိတ်ဖိတ်ကွပ်ကဲမှုဌာနချုပ် တပ်မှူးဖြစ်သူ ဗိုလ်ချုပ်ကြီး Samuel J. Paparo က ပြောကြားခဲ့သည်။

Talisman Sabre 25 စစ်ရေးလေ့ကျင့်မှုသည် အမေရိကန်နှင့် ဩစတြေးလျတို့ကြား အကြီးမားဆုံး ပူးတွဲစစ်ရေးလေ့ကျင့်မှုဖြစ်ပြီး နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်အောင်နှင့် မဟာဗျူဟာမြောက် ဆက်ဆံရေးများ ခိုင်မာစေရေးအတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။ အမှတ်(၃) ဘက်စုံအထူးတပ်ဖွဲ့(3MDTF) ပါဝင်လာမှုသည် ဩစတြေးလျနိုင်ငံ ကာကွယ်ရေးကို အထောက်အကူပြုရန်နှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို မြှင့်တင်ရန်အတွက် ၎င်း၏အခန်းကဏ္ဍကို မီးမောင်းထိုးပြနေခြင်းလည်းဖြစ်ကြောင်း သိရသည်။

အမှတ်(၃)ဘက်စုံအထူးတပ်ဖွဲ့သည် LRHWလက်နက်စနစ်ဖြင့် တာဝေးပစ်မှတ်များကို ဟိုက်ပါဆောနစ်အလျင်နှုန်းဖြင့် တိကျစွာတိုက်ခိုက်နိုင်စေပြီး ပေါ်ပေါက်လာသော ခြိမ်းခြောက်မှုများအပေါ် လျင်မြန်စွာ တုံ့ပြန်တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။ LRHW စနစ် ဩစတြေးလျနိုင်ငံတွင်ရောက်ရှိနေခြင်းက စနစ်၏ ပြောင်းလွယ်ပြင်လွယ်ရှိစွာ တပ်ဖြန့်ချထားနိုင်မှုနှင့် စစ်ရေးဆန်းသစ်တီထွင်မှုတွင် ရှေ့တန်းကျကျ ဆက်လက်ရပ်တည်နေနိုင်စေရေးအတွက် အမေရိကန်နိုင်ငံ၏ ကတိကဝတ်ပြု ကြိုးပမ်းလာမှုများကို ထင်ဟပ်စေလျက်ရှိသည်။

ဤသို့အဆင့်မြင့် တာဝေးပစ်ဟိုက်ပါဆောနစ်လက်နက်စနစ်ကို အောင်မြင်စွာ တပ်ဖြန့်ချထားနိုင်ခဲ့ခြင်းသည် အမှတ် (၃) ဘက်စုံအထူးတပ်ဖွဲ့ကို ဒေသတွင်း လုံခြုံရေးနှင့်တည်ငြိမ်ရေးထိန်းသိမ်းရာ၌ ခိုင်မာအားကောင်းစေသည့်အပြင် အမေရိကန်–ဩစတြေးလျနှစ်နိုင်ငံကြား ခိုင်မာသော မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးနှင့် အင်ဒို–ပစိဖိတ်ဒေသတွင်း ဟန့်တားနိုင်စွမ်းကို အဆင့်မြှင့်တင်ရန်အတွက် ၎င်းတို့၏ဘုံရည်မှန်းချက်ကိုလည်း ထင်ဟပ်စေလျက်ရှိကြောင်း သိရသည်။

**U.S. Army demonstrates Long–Range Hypersonic Weapon (LRHW) System’s deep–strike capability in Australia ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယနိုင်ငံက တောင်ကိုရီးယားနိုင်ငံထုတ် KF-21 တိုက်လေယာဉ်များကို ဝယ်ယူရန်စဉ်းစားနေ

အိန္ဒိယနိုင်ငံသည် တိုက်လေယာဉ်စွမ်းအားတောင့်တင်းစေရန် ရည်ရွယ်သည့် Multi–Role Fighter Aircraft (MRFA) အစီအစဉ်အတွက် တောင်ကိုရီးယားနိုင်ငံထုတ် KF–21 တိုက်လေယာဉ်ကိုဝယ်ယူရန် စဉ်းစားနေကြောင်း ဩဂုတ် ၁ ရက်တွင် အိန္ဒိယနိုင်ငံကာကွယ်ရေးဆိုင်ရာ သတင်းမီဒီယာများ၏ အစီရင်ခံစာများကိုကိုးကား၍ Defence Blog သတင်းဌာနက ဩဂုတ် ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယလေတပ် (IAF)သည် စတုတ္ထမျိုးဆက်လွန်နှင့် ပဉ္စမမျိုးဆက်တိုက်လေယာဉ်သစ်များကိုဝယ်ယူရန် စိတ်ဝင်စားမှုမြင့်မားနေချိန်တွင် KF–21 တိုက်လေယာဉ်ကို ရွေးချယ်ဝယ်ယူရန် စဉ်းစားနေခြင်းလည်းဖြစ်သည်။ တောင်ကိုရီးယားထုတ်တိုက်လေယာဉ်သည် ဈေးနှုန်းအရသင့်တင့်ပြီး နောင်အနာဂတ်တွင် အဆင့်မြှင့်တင်နိုင်စွမ်းရှိသည့်အပြင် အိန္ဒိယ၏ ပြည်တွင်းစက်မှုမူဝါဒနှင့်လည်း ကိုက်ညီမှုရှိသည်ဟု အိန္ဒိယစစ်ဘက်က ယူဆထားသည်။

အိန္ဒိယလေတပ်သည် လတ်တလောတွင် MiG–21 နှင့် Jaguar စသည့် သက်တမ်းကြာမြင့်နေပြီဖြစ်သော လေယာဉ်များ အင်အားလျော့ချနေရသဖြင့် တိုက်လေယာဉ်အုပ်များ အင်အားပြည့် ဖြည့်တင်းနိုင်ခြင်းမရှိသေးပေ။ အိန္ဒိယသည် ရုရှားနှင့် ပြင်သစ်ထုတ်လေယာဉ်များကို အဓိကအားထားခဲ့သော်လည်း ယခုအခါ ဝယ်ယူရေးဦးစားပေး ပြောင်းလဲလာမှုနှင့် ပြည်တွင်းထုတ် တိုက်လေယာဉ်အစီအစဉ်များ ကြန့်ကြာနေမှုတို့ကြောင့် မျိုးဆက်သစ် ပြည်ပနိုင်ငံထုတ်တိုက်လေယာဉ်များကို ပိုမိုကျယ်ပြန့်စွာ ထည့်သွင်းစဉ်းစားလာခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ Korea Aero–space Industries (KAI) က ထုတ်လုပ်သည့် KF–21 တိုက်လေယာဉ်သည် အင်ဂျင်နှစ်လုံးတပ် စတုတ္ထမျိုးဆက်လွန်ဘက်စုံသုံး တိုက်လေယာဉ်ဖြစ်သည်။ ၎င်းတွင် AESA ရေဒါ၊ Infrared search and track (IRST) စနစ်၊ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များနှင့် ခေတ်မီလက်နက်များ ပေါင်းစပ်တပ်ဆင်ထားသည့် အဆင့်မြင့် လေကြောင်းထိန်းချုပ်စနစ်များ ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

လေယာဉ်ကို General Electric F414–400K အင်ဂျင်နှစ်လုံးဖြင့် မောင်းနှင်ပြီး အမြင့်ဆုံးအလျင်နှုန်း Mach 1.8၊ တိုက်ခိုက်ရေးနယ်နိမိတ် ရေမိုင် ၁၅၀၀ ခန့်နှင့် အများဆုံးလက်နက် တင်ဆောင်နိုင်မှု ကီလိုဂရမ် ၇၇၀၀ ထိရှိသည်။



တောင်ကိုရီးယားနိုင်ငံသည် ၎င်းတို့၏ သက်တမ်းရင့် F–4 နှင့် F–5 တိုက်လေယာဉ်များကိုအစားထိုးရန် ၂၀၁၁ ခုနှစ်တွင် KF–21 တိုက်လေယာဉ်ကို စတင်ထုတ်လုပ်ခဲ့သည်။ လက်ရှိတွင် ၎င်းလေယာဉ်သည် ပျံသန်းစမ်းသပ်ဆဲ အဆင့်တွင်ရှိပြီး တောင်ကိုရီးယားလေတပ်သို့ ပထမဆုံး လွှဲပြောင်းပေးအပ်မှုကို ၂၀၂၆ ခုနှစ်တွင် ပြုလုပ်နိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

၂၀၂၅ ခုနှစ်အလယ်ပိုင်းထိ KF–21 တိုက်လေယာဉ်တစ်စင်း၏ ခန့်မှန်းခြေဈေးနှုန်းမှာ အင်ဂျင်များအပါအဝင် အမေရိကန်ဒေါ်လာ ၈၇ သန်းမှ သန်း ၁၁၀ ထိရှိပြီး Rafale၊ Su–57 နှင့် F–35 တိုက်လေယာဉ် စသည့်ပြိုင်ဘက်လေယာဉ်များထက် ဈေးနှုန်းများစွာသက်သာနေကြောင်း သိရသည်။

**India may buy South Korea’s KF–21 fighter jet ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၃၅၇၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး သြဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၃၅၇၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၃၅၇၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေ ၃၅၇၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မြေပဲကေ ၃၅၇၄၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၃၅၇၃၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ကတော့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမုတ်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ငပုတော သြဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ဇူလိုင်လအတွင်း ငါးမုတ်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေငွေက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမုတ်ပိသာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးမုတ်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးမုတ်များကို ပြည်တွင်းဈေးကွက်က ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အားတက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ငါးမုတ်တွေ တင်ပို့ရောင်းချအားကောင်းနေပါတယ်။ ပြီးခဲ့တဲ့လအတွင်း ငါးမုတ်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငပုတောမြို့နယ်ကနေ တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူမှုများနေလို့ တင်ပို့အားကောင်းခဲ့တာပါ။ ဒေသပွဲရုံတွေဆီကိုလဲ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေနေတာတွေ့ရပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပြီး တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်"ဟု ငပုတောမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေငွေက ပြောပြသည်။

ငပုတောမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမုတ်အပါအဝင် ဒေသထွက်ရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျစစ်ဆေးသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချနေကြောင်း၊ အဆိုပါငါးမုတ် တစ်ပိသာလျှင် ငွေကျပ် ၁၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရေနံ့ချောင်းမြို့နယ် သဖန်းချောင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ရေနံ့ချောင်း သြဂုတ် ၅**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံ့ချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သဖန်းချောင်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းငြိမ်းဝင်း၊ ရေနံ့ချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် ဝန်ထမ်းများက သဖန်းချောင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက် ညွှန်ကြားရေးမှူးက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သဖန်းချောင်းကျေးရွာ၌ အရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် သန်း ၇၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာမှ ထွက်ရှိသည့် ဒေသထွက်ကုန်များ ဈေးကွက်သို့ အလွယ်တကူတင်ပို့ရောင်းချနိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**နော်လူး**




# တောင်တွင်းကြီးမြို့နယ် ပွင့်လှလေးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



**တောင်တွင်းကြီး သြဂုတ် ၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ပွင့်လှကြီးကျေးရွာအုပ်စု ပွင့်လှလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို သြဂုတ် ၄ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က VDP စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများနှင့် ကျေးရွာစီမံကိန်းကော်မတီဝင်ဖွဲ့စည်းရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဆောင်ရွက်ရန်အတွက် စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

တောင်တွင်းကြီးမြို့နယ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပွင့်လှလေးကျေးရွာ၌ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ၊ လုပ်အားတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ကျေးရွာ၏ ပကတိလိုအပ်ချက်များပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာများပံ့ပိုးကာ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# ထိုင်းဘုရင့်လေတပ်မှ အုပ်အဆင့် အပြန်အလှန်လေ့လာရေးအဖွဲ့များနှင့် ဖျော်ဖြေရေးအဖွဲ့များ မြန်မာနိုင်ငံသို့ လာရောက်






စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့် ထိုင်းဘုရင့်လေတပ်မှ ဖျော်ဖြေရေးအဖွဲ့ဝင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဩဂုတ် ၅**

ထိုင်းဘုရင့်လေတပ်မှ အုပ်အဆင့် အပြန်အလှန်လေ့လာရေးအဖွဲ့ဝင်များနှင့် ဖျော်ဖြေရေးအဖွဲ့ဝင်များသည် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် ထိုင်းဘုရင့်လေတပ်မှ လေယာဉ်ဖြင့် ရန်ကုန်မြို့ရှိ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ် စစ်သံမှူးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အုပ်အဆင့် အပြန်အလှန် လေ့လာရေးအဖွဲ့များကို မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ တပ်မတော်(လေ)မှ တာဝန်ရှိသူများက အုပ်သမိုင်းအကျဉ်းကို ရှင်းလင်းပြသကာ အုပ်မှူးများအချင်းချင်း အထိမ်းအမှတ်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြသည်။

ထိုင်းဘုရင့်လေတပ်မှ ဖျော်ဖြေရေး အဖွဲ့ဝင်များသည် ဩဂုတ် ၄ ရက် ညနေပိုင်းတွင် မိတ္ထီလာမြို့ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်ရှိ သူရအုန်းခိုင်ခန်းမ၌ ဖျော်ဖြေတင်ဆက်မှုများပြုလုပ်ကြရာ တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ ထို့နောက် စစ်ဦးစီးအရာရှိချုပ်(လေ)က ဖျော်ဖြေရေး အဖွဲ့များအား ဂုဏ်ပြုလက်ဆောင်ပန်းခြင်းကို ပေးအပ်ချီးမြှင့်ကာ အမှတ်တရ စုပေါင်းဓာတ်ပုံများရိုက်ကြပြီး ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အဖွဲ့များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ဗိုလ်တထောင်ဘုရားနှင့် ကမ္ဘာအေးစေတီတော်တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ရန်ကုန်မြို့ရှိ Time City၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ Junction City နှင့် အထင်ကရနေရာများသို့ သွားရောက် လေ့လာလည်ပတ်ကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။

ထိုင်းဘုရင့်လေတပ်မှ အုပ်အဆင့် အပြန်အလှန်လေ့လာရေးအဖွဲ့ဝင်များနှင့် ဖျော်ဖြေရေးအဖွဲ့ဝင်များသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထိုင်းဘုရင့်လေတပ်မှ လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများက မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဒြ၀၁)

စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်၊ ထိုင်းဘုရင့်လေတပ်မှ အုပ်အဆင့်အပြန်အလှန်လေ့လာရေး အဖွဲ့များနှင့် ဖျော်ဖြေရေးအဖွဲ့များ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

## ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ

## တစ်သက်တာစာပေဆုကို ဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ) ရရှိ

**ရန်ကုန် ဩဂုတ် ၅**

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုကိုနှစ်စဉ်ချီးမြှင့်လျက်ရှိရာ ၃၁ ကြိမ်မြောက်အတွက် ပခုက္ကူစာပေဆုရရှိသူများ၏အမည်စာရင်းကို ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီက ယနေ့ ထုတ်ပြန်ကြေညာခဲ့ရာ ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုကို ဆရာမကြီး ဒေါက်တာခင်သန်းဦး (မမိုးမြေ) ရရှိသည်။

ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို မောင်နေခြည်(ပြည်)ရေးသားသည့်"ကိုယ်ချင်းစာနိုင်ကြပါစေ"၊စာမူက လည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို ညိမ်းညိုရေးသားသည့်"မခန်းသောမြစ်နှင့်အခြား ဝတ္ထုတိုများ"၊ ဒုတိယဆုကို သက်ဦးခင်ရေးသားသည့် "အရုဏ်ဦးမှာကြည်နူးစွာနှင့်အခြားဝတ္ထုတိုများ"၊ တတိယဆုကို မေလတ်ဟန်ရေးသားသည့် "ကျောင်းဆရာမလေးဖြစ်ချင်တယ်နှင့် အခြားဝတ္ထုတိုများ" စာမူတို့ကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို နေခြည်မောင်(မြောင်းမြ)ရေးသားသည့် "နေခြည်ဝင်းပ အလင်းတစ်စအလှကဗျာများ"၊ ဒုတိယဆုကို ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)ရေးသားသည့် "နံနက်ခင်းရဲ့ ပန်းလက်ဆောင်ကဗျာများ"၊ တတိယဆုကို ကိုလေးပြည့်ရေးသားသည့် "ကောက်စိုက်သမ ကွမ်းတောင်ကိုင်နှင့်အခြားကဗျာများ" စာမူတို့ကလည်းကောင်း၊ ကျမ်းစာပေဆုတွင်ဒုတိယဆုကို ခင်ဇ (စက်မှု)ရေးသားသည့် "ခေတ်ဟောင်းမြန်မာ့တေးဂီတအနုပညာဖြင့် တိုင်းပြည်ကိုအလှဆင်ခဲ့ကြသူများ"၊ တတိယဆုကို ဦးဝင်းမြင့်မောင်(လင်းအရုဏ်ဦး)ရေးသားသည့် "ပလ္လင်ရှစ်ခန်းရွှေနန်းကိုးဆောင်"စာမူတို့ကလည်းကောင်း၊ သုတေသနစာပေဆုတွင် ပထမဆုကို အောင်ကြည်ညွန့်(တက္ကသိုလ်)ရေးသားသည့် "မြန်မာနိုင်ငံ၏လူထုပညာရေးကြိုးပမ်းဆောင်ရွက်မှုသမိုင်းကို လေ့လာတင်ပြခြင်း(၁၉၄၈-၂၀၀၂)"၊ ဒုတိယဆုကို မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)ရေးသားသည့် "မြန်မာ့ထင်ရှားကျော်ကြားပုဂံဥမင်များ"၊ တတိယဆုကို ငွေးကျော်(မဟာဝိဇ္ဇာ)ရေးသားသည့် "နှစ်(၁၀၀) ပြည့်ထောက်ကြံ့အမျိုးသားကျောင်းသမိုင်း(၁၉၂၅-၂၀၂၅)" စာမူတို့ကလည်းကောင်း ရရှိကြသည်။

၃၁ ကြိမ်မြောက် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆုကိုနန္ဒာမွန်းရေးသားသည့် "သတင်းစာထဲက ဆောင်းပါးများ ဆောင်းပါးထဲကသတင်းများ"စာအုပ်နှင့် ဦးခွန်မောင်တုတ်ရေးသားသည့် "ပအိုဝ်းအမျိုးသား ခေါင်းဆောင်ဦးအောင်ခမ်းထီ၏ နိုင်ငံရေးခရီး" စာအုပ်တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူပညာသင်ဆုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)မှ မောင်သုခန့်အောင် (ပထမနှစ်-ဂီတပညာဌာန)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မစောပြည့်ပြည့်ထွန်း(ပထမနှစ်-ဂီတပညာဌာန)တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေတစ်သက်တာဆုကို ယခင်၁၀သိန်းချီးမြှင့်ရာမှ ယခုနှစ်တွင် ၁၅သိန်းတိုးမြှင့်ချီးမြှင့် မည်ဖြစ်ပြီး ပခုက္ကူဦးအုံးဖေစာမူဆုပထမဆုကို ယခင် ခုနစ်သိန်းမှ ယခု ၁၀ သိန်း၊ ဒုတိယဆုကို ယခင် ငါးသိန်းမှ ယခု ခုနစ်သိန်း၊ တတိယဆုကို ယခင် လေးသိန်းမှ ယခု ငါးသိန်းအသီးသီးတိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူစာပေဆု ဆုရရှိသူများသည် စာတည်းမှူးချုပ်၊ စာပေဗိမာန်အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ စာတည်းမှူးချုပ်၀၁-၈၃၈၀၄၅၀နှင့် စီမံရေးရာဌာန ၀၁-၈၃၈၀၄၄၉ သို့ဆက်သွယ်ကြရန်နှင့် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲအခမ်းအနားတွင် စာကြည့်တိုက်စာအုပ်ဆုပါချီးမြှင့်သွားမည်ဖြစ်ပြီး ကျင်းပမည့်အချိန်၊ နေရာ၊ ရက်တို့ကို ထပ်မံကြေညာ သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ဖြည့်စွက်ဖတ်ရှုပေးနိုင်ပါရန်

ဩဂုတ် ၅ ရက်နေ့ထုတ် ရတနာပုံသတင်းစာပါ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တို့သို့သွားရောက်၍ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးသည့် သတင်းတွင်ပါရှိသည့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မှာကြားသည့် စာသား၌ **ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အားပွင့်လင်းရာသီရောက်ရှိပါက ပြည်တွင်း၊ပြည်ပခရီးသွားများ အဆင့်မီမီလာရောက်လေ့လာနိုင်ရေး အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း**ဖြင့်မှာကြားမှုနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မှာကြားသည့် စာသား၌ **ရန်ကုန်မြို့ရှိ ကိုလိုနီခေတ်ရှေးဟောင်းအဆောက်အအုံများကိုလည်း ပြည်တွင်း၊ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့်နေရာများဖြစ်စေရေးအတွက် ရှေးမူလလက်ရာများအတိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ဆောင်ရွက်သွားကြရန်လိုကြောင်း**ဖြင့် လမ်းညွှန်မှာကြားခဲ့သည်ကို ဖြည့်စွက်ဖတ်ရှုပေးနိုင်ပါရန်။

## ပြင်ဆင်ဖြည့်စွက် ဖတ်ရှုပေးနိုင်ပါရန်

ဩဂုတ် ၅ ရက်နေ့ထုတ် ရတနာပုံသတင်းစာပါ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည့် သတင်း၌တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မှာကြားသည့်နေရာ၌ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ရှိ **လမ်းနယ် ပေ ၄၀၀ အတွင်း** အမြဲစိမ်းသစ်ပင်များစိုက်ပျိုးသွားရန်လိုကြောင်း၊ လမ်းနယ်အတွင်း လေကာပင်များကို **လမ်းနယ်အတွင်း ၁၀ ပေခြား၍** နှစ်တန်း (သို့မဟုတ်) သုံးတန်း စိုက်ပျိုးသွားရန်လိုကြောင်း၊ အလားတူ လမ်းဘေးဝဲယာရှိ သစ်တောကြိုးဝိုင်းကြိုးပြင်တောများနှင့် **မြေလွတ်မြေရိုင်းနေရာများတွင်**လည်း ယခုနှစ်မိုးရာသီအတွင်း သစ်ပင်များစိုက်ပျိုးသွားရန်နှင့် ငါး ပေ၊ ၁၀ ပေခန့်ရှိသော သစ်တောငယ်များ ထူထောင်စိုက်ပျိုးသွားရန်လိုကြောင်းဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပေးနိုင်ပါရန်။

# မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးသစ်ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်



**မန္တလေး ဩဂုတ် ၅**

မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းမြသာစည်မြို့နယ် ၁၀၂(A)လမ်း ၆၄ လမ်းနှင့် ၆၅ လမ်းကြားရှိ အဆိုပါရုံးသစ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Abhay Thakur၊ မန္တလေးမြို့ အခြေစိုက်အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H.E. Mr.Sundeep Kaushal ၊မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံရုံးနှင့် မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့်တာဝန်ရှိသူများက ဆီမီးထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ် H.E. Mr.Sun-deep Kaushal က ကြိုဆိုနှုတ်ခွန်းဆက်စကားကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ရုံးဖွင့်ပွဲ အထိမ်းအမှတ်စကားကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. AbhayThakur က အမှာစကားကိုလည်းကောင်း ပြောကြားခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များပက်ဖျန်းပေးပြီးနောက် မဟတ္တမဂန္ဒီရုပ်တုအား ပန်းများဖြင့် ဂါရဝပြုပြီး ရုံးသစ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

☆ **ကျောဖုံးမှအဆက်**

ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကိုနှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊တနင်္သာရီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီး လေးယောက်တွဲအဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲပွဲစဉ်များတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဆက်လက်၍ အုပ်စုပတ်လည်ပြိုင်ပွဲများအပြီးတွင် အမျိုးသား၊ အမျိုးသမီး လေးယောက်တွဲအဖွဲ့လိုက် ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အမျိုးသား လေးယောက်တွဲအဖွဲ့လိုက်ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များတွင် မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီး လေးယောက်တွဲအဖွဲ့လိုက် ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

အမျိုးသား လေးယောက်တွဲအဖွဲ့လိုက် အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသမီး လေးယောက်တွဲအဖွဲ့လိုက် အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့သည် ဩဂုတ် ၆ ရက်တွင် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ၂၀၂၅ခုနှစ်တိုင်းဒေသကြီးနှင့်ပြည်နယ်ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများကို ဩဂုတ် ၇ ရက်ထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ကျင်းပမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## အာမခံလုပ်သားများသိစေရန် အသိပေးကြေညာခြင်း

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပုဒ်မ၁၀၃ (ခ)အရ အပ်နှင်းသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၈-၃-၂၀၂၅ ရက်တွင် ဖြစ်ပေါ်ခဲ့သော ငလျင်ဘေးခံစားရသည့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်း ငလျင်ဘေးကျရောက်သည့်ဒေသများရှိ အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်ကို အာမခံအလုပ်သမားပေးသွင်းသည့် လုပ်ခလစာဝင်ငွေ၏ ၄၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေပမာဏအား သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုထုတ်ပေးမည်ဖြစ်ကြောင်း ၆-၅-၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၀၄/၂၀၂၅)ကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ ငလျင်ဘေးကျရောက်သည့်ဒေသများရှိ အာမခံအလုပ်သမားများသည် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းလျှောက်လွှာများအား ၆-၉-၂၀၂၅ရက်နေ့နောက်ဆုံးထားပြီး သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးများသို့ ပေးပို့လျှောက်ထားကြရန် အသိပေးကြေညာအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၅

ရန်ကုန်မြို့ရှိ ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝဇီရာရုပ်ရှင်ရုံ၏ မူလအမည်သည် အိတ်ဆယ်စီယာ (Excelsior)ဖြစ်ပြီး ဂျပန်ခေတ်တွင် "ရန်ကုန်ရုပ်ရှင်ရုံ"ဟု အမည်ပြောင်းလဲ ပြသခဲ့ပါကြောင်း၊ ၁၉၆၈ ခုနှစ်တွင် ပြည်သူပိုင်သိမ်းပြီး ဝဇီရာရုပ်ရှင်ရုံအမည် ဖြစ်လာခဲ့ပါကြောင်း၊ ဝဇီရာရုပ်ရုံ၏ မူလဗိသုကာလက်ရာသည် ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ပြင်သစ်ဗိသုကာ အသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံဖြစ်ပြီး ရုပ်လုံးရုပ်ကြွများဖြင့် တန်ဆာဆင်ထားပါကြောင်း။

ယခု ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံ(Red Carpet Theatre) အဖြစ် အဆင့်မြှင့်တင် ပြင်ဆင်ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံကို အဆင့်မြှင့်တင်ရာတွင် မူလဗိသုကာပုံစံမပျက်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ခမ်းနားထည်ဝါရန်လည်း လိုအပ်ပါကြောင်း၊ လေအေးပေးစနစ်၊ မီးစနစ်၊ ပြသမှုစနစ်များကို ခေတ်မီအောင် ဆောင်ရွက်ပြီး မူလဒီဇိုင်းကို ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ပုံရိပ်ကို ပြသမည့် အဆောက်အအုံဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ပြီး ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဝဇီရာရုပ်ရှင်ရုံကို ရုပ်ရှင်ရုံသာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းကျောင်း၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်နှင့် ပတ်သက်သည့် အမှတ်တရပွဲများ၊ Memory Film Festival ကဲ့သို့ ပွဲတော်များလည်း ကျင်းပနိုင်မည်ဖြစ်သည့်အတွက် အဆင့်မြှင့်တင်ရာတွင် အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝဇီရာရုပ်ရှင်ရုံ၏ နောက်ခံသမိုင်းကြောင်း၊ ဗိသုကာဆိုင်ရာထူးခြားမှု၊ ဝဇီရာ ဂုဏ်ပြုခံကဇာတ်ရုံတွင် ဆောင်ရွက်မည့် လုပ်ငန်းများ၊ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့် ရရှိလာနိုင်မည့် အကျိုးရလဒ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့် အဆောက်အအုံ ပြုပြင်မွမ်းမံခြင်း၊ ဗိသုကာဆိုင်ရာနည်းပညာများ၊ အသံစနစ်ပိုင်းဆိုင်ရာပြုပြင်မှု၊ ရုပ်ရှင်ပြသမှုစနစ်၊ ပြဇာတ်အဆင်အပြင်၊ အဆင့်မြင့်ထိုင်ခုံများလဲလှယ်ခြင်း၊ ယာဉ်ရပ်နားရန်နေရာများ၊ လူသွားစင်္ကြံများ စနစ်တကျဖြစ်စေရေး စသည်တို့နှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများ တွန်းအားပေးဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး မှာကြား



နေပြည်တော် ဩဂုတ် ၅

တက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများ တွန်းအားပေးဆောင်ရွက်ကြရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့တွင် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများနှင့် အွန်လိုင်းစနစ်ဖြင့် တွေ့ဆုံစဉ် ဆွေးနွေးပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်များ၏ အဓိကနယ်ပယ် လေးခုဖြစ်သည့် သင်ကြားသင်ယူရေး(Teaching and Learning)၊ လေ့ကျင့်သင်ကြားရေး (Training)၊ သုတေသနဆောင်ရွက်ခြင်း (Research)နှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (International cooperation)တို့အနက် သင်ကြား၊ သင်ယူရေးနယ်ပယ်တွင် ထိရောက်သည့် သင်ကြား၊ သင်ယူမှုနည်းလမ်းများဖြစ်ရန် ပါမောက္ခချုပ်များအနေဖြင့် တွန်းအားပေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ သင်ကြား၊ သင်ယူမှုကဏ္ဍတွင် တက္ကသိုလ်၏ မျှော်မှန်းချက်များ၊ လုပ်ငန်းတာဝန်များ ပေါက်မြောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် တက္ကသိုလ်အဆင့် သင်ယူမှုရလဒ်များချမှတ်အကောင်အထည်ဖော်ရန် လိုကြောင်း။

သုတေသနမလုပ်သော တက္ကသိုလ်သည် တူရိယာမပါသောသီချင်းတစ်ပုဒ်နှင့် တူသည်ဟု ပြောကြားလိုပါကြောင်း၊ အထူးပြု ဘာသာရပ်များအလိုက် သုတေသနလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ တက္ကသိုလ်များရှိ နိုင်ငံတကာဆက်ဆံရေးရုံးများသည် နားလည်မှုစာချွန်လွှာတွင် ဖော်ပြထားသော ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ်များတွင် ချိတ်ဆက်ပူးပေါင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် အခြေခံပညာကဏ္ဍရှိ Grade-12 ကျောင်းသား၊ ကျောင်းသူများကို တက္ကသိုလ်များတွင် သင်ကြားပေးလျက်ရှိသော အထူးပြုဘာသာရပ်များ၏ အကျိုးရှိပုံများကို လာမည့်အောက်တိုဘာတွင် ကွင်းဆင်းရှင်းလင်း ဆွေးနွေးနိုင်ရေးအတွက် ပါမောက္ခချုပ်များက စီစဉ်ပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများက သက်ဆိုင်ရာကျောင်းအလိုက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဒေတာလုံခြုံရေး၊ ဓာတုဗေဒပစ္စည်းလုံခြုံရေး၊ တက္ကသိုလ်ပရဝဏ်လုံခြုံရေးအတွက် ချမှတ်ထားသောစံသတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရေကြီးနစ်မြုပ်ခဲ့သည့်ကျောင်းများ အစားထိုးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များက တက္ကသိုလ်များကြား MoU လက်မှတ်ရေးထိုးမှု၊ နိုင်ငံတကာနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု၊ အရည်အသွေးအာမခံမှုစနစ် ဆောင်ရွက်နေမှု၊ သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့်စပ်လျဉ်း၍ တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထူးခြားသည့် နေ့အပူချိန်များ (၅-၈-၂၀၂၅)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ချောက် | ၃၉ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် | မြင်းခြံ | ၃၆ | ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | မုံရွာ | ၃၆ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | မင်းဘူး | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ဟုမ္မလင်း | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ကလေးဝ | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ကလေး | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၅

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာ ပိုစတာ၊ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် ၁၀ နှစ်မှ ၁၅ နှစ်၊ ၁၆ နှစ်မှ ၂၀ နှစ်၊ ၂၁ နှစ် မှ ၂၅ နှစ်ဟူ၍ အသက်အရွယ်အပိုင်းအခြား သုံးခုခွဲခြား၍ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy နှစ်စုံပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ myat-thujack@gmail.comသို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဦးမြတ်သူ ဒုတိယညွှန်ကြားရေးမှူးချုပ် အနုပညာဦးစီးဌာန သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၆၁၁၂၇ နှင့် ဦးလင်းဝေအောင် ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၃၁၈၅၁၂၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) Format — JPG A3 (297 x 420 mm) with the correct aspect ratio၊
(၂) Resolution — 300 dpi၊
(၃) File Size — 15 Mb ထက် မပိုစေရ၊ ၁၀ file ထက် မပိုရပါ။
(၄) ပိုစတာရေးဆွဲရာတွင် tabletများ၊stylusများ၊ကွန်ပျူတာပရိုဂရမ်များအသုံးပြု၍ ဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးရမည်။

(ဂ) ပန်းချီနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ ပန်းချီ(မူရင်း)နှင့်အတူ Hard Copy နှစ်စုံနှင့် Soft Copy CD တစ်ချပ်ပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅)နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏Website: www.accm.gov.mm တို့တွင်အခမဲ့ Download ရယူနိုင်ပြီး ဒေါက်တာလဲ့လဲ့အောင် ညွှန်ကြားရေးမှူး အနုပညာဦးစီးဌာန သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၀၉၄၁၁၂ နှင့် ဒေါ်နန်းရတနာထွန်း ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) File Submission Format — JPG၊ A3 (297x420 mm) with correct aspect ratio၊
(၂) Resolution — 300 dpi။
(၃) File Size — 15 Mb ထက် မပိုစေရ၊ ၁၀ file ထက် မပိုရပါ။
(၄) ပန်းချီရေးဆွဲရာတွင် Pencil၊ Felt-tip Pen၊ Crayons၊ Paints၊ Sketch Markers၊ Sepia၊ Sanguine၊ Charcoal၊ Ink၊ Capillary Pen စသည့် ကိရိယာများ အသုံးပြု၍ ရေးဆွဲနိုင်သည်။ အီလက်ထရောနစ်ပစ္စည်းများ အသုံးပြု၍ ရေးဆွဲခြင်းမပြုရ။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ Soft Copy (CD)နှစ်ချပ် ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇) နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ ms.khinmoeou@gmail.com သို့ e-mailဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန၏www.mrtv.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mmတို့တွင် အခမဲ့Downloadရယူနိုင်ပြီး ဒေါ်ခင်မိုးဥ ညွှန်ကြားရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြန်ကြားရေးဝန်ကြီးဌာန ၀၉-၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၀၀၄၀၅၆၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) Format — mp4၊
(၂) Resolution — 3840 x 2160 p ထက် မပိုစေရ၊
(၃) File Size — 300 Mb ထက် မပိုစေရ၊
(၄) Duration — 120 Seconds ထက် မပိုစေရ၊
(၅) Sound — 16-bit, stereo၊ ၁၀ ဖိုင်ထက် မပိုရပါ။

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် ပြိုင်ပွဲဝင်လက်ရာ၏ခေါင်းစဉ်၊ရှင်းလင်းချက်စာသား(ပိုစတာများနှင့်ပန်းချီများအတွက်) သို့မဟုတ် တည်းဖြတ်ထားသော စာတန်းထိုးများ(ဗီဒီယိုများအတွက်)ကို ရုရှားဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်နှင့် ပြိုင်ပွဲဝင်လက်ရာဖန်တီးသူ၏ Last name၊ First Name၊ အသက် (ဖန်တီးမှုအဖွဲ့လိုက်ဖြစ်ပါက တစ်ဦးချင်း၏ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါအချက်အလက်များ)နှင့် နိုင်ငံ စသည့် အချက်အလက်များပါဝင်ရမည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့အနက်မှ ပထမဆုရရှိသည့် ပိုစတာ၊ ပန်းချီနှင့်ဗီဒီယိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆုအပါအဝင် အကောင်းဆုံးပိုစတာ၊ ပန်းချီနှင့်ဗီဒီယို ၁၀ ခုစီကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုဆောင်ရွက်ချက်များအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့် ဆန့်ကျင်သော စာသားများ၊ ဓာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊

(ခ) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊

(ဂ) ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊

(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်များကို မှန်ကန်စွာဖြည့်စွက်ပေးပို့ရမည်၊

(င) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့ကို Artificial Intelligence (AI)နည်းပညာအသုံးပြု၍ ယှဉ်ပြိုင်ခြင်းမပြုရ။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## ၂၀၂၅ ခုနှစ် ဩဂုတ် ၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |


ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ဆင်ခြင်တုံတရားမရှိသည့် NUG၊ PDF အကြမ်းဖက်သမားများ၏ ဥပဒေမဲ့ လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ"** ခေါင်းစဉ်ဖြင့် ၆-၈-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင်ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတစ်ခုရဲ့ လူသားအရင်းအမြစ်ဆိုတာကို နားမလည်ဘဲ ဆရာ၊ ဆရာမတွေကို အဓိကထား ခြိမ်းခြောက်သတ်ဖြတ်နေတဲ့တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက် အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မိခင်နို့စနစ်တကျတိုက်ကျွေးခြင်းနှင့် ကျန်းမာသန်စွမ်းသောကလေးငယ်များ

ကျန်းမာရေးဝန်ကြီးဌာနသည် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူလူထုစိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဩဂုတ်လတစ်လလုံးကို အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအဖြစ်သတ်မှတ်၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။

ကလေးများအာဟာရပြည့်ဝရေး၊ စံမီကြီးထွားဖွံ့ဖြိုးရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ ဉာဏ်ရည်ထက်မြက်ရေးတို့သည် ရင်သွေးငယ်များရသင့်ရထိုက်သည့် အခွင့်အရေးများဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ခြင်းသည် နိုင်ငံတော်တည်ဆောက်ရေးတွင် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**

ထို့ကြောင့် ၂၀၂၅ ခုနှစ် ဩဂုတ်လ ပထမသီတင်းပတ်ကို မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ်လည်းကောင်း၊ ဒုတိယသီတင်းပတ်ကို ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ်လည်းကောင်း၊ တတိယသီတင်းပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ်လည်းကောင်း၊ စတုတ္ထသီတင်းပတ်ကို အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေး ရက်သတ္တပတ်အဖြစ်လည်းကောင်း သတ်မှတ်ကာအာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များကို လူထုလှုပ်ရှားမှုများအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ လူ့စွမ်းအားအရင်းမြစ်များပြုစုပျိုးထောင်ရာတွင် အာဟာရဖွံ့ဖြိုးရေးကိုလည်း အလေးထားလုပ်ဆောင်သွားရန်လိုအပ်ပေသည်။ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်အောင်မြင်မှုရရှိရေးအတွက် လွှမ်းခြုံဆောင်ရွက်နိုင်သည်နှင့်အမျှ ကလေးငယ်များ၏ ကျန်းမာသန်စွမ်းမှုနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့အပေါ် အကျိုးသက်ရောက်မှုများရရှိလာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ပညာတတ်နိုင်ငံသားများ တစ်နည်းအားဖြင့် တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

**တန်ဖိုးမဖြတ်နိုင်သောမိခင်နို့ရည်**

စင်စစ်အားဖြင့် မိခင်နို့ရည်သည် ကလေးငယ်ကျန်းမာစွာကြီးထွားပြီးဖွံ့ဖြိုးမှုအတွက် အကောင်းဆုံးအာဟာရပင်ဖြစ်သည်။ မိခင်နို့ရည်သည် မွေးဖွားပြီး ပထမခြောက်လအတွင်း ကလေးငယ်လိုအပ်သည့် တစ်ခုတည်းသောအာဟာရဖြစ်သည်။ ကလေးငယ်အတွက်အစာကြေလွယ်ပြီး ကလေးငယ်ကိုအာဟာရဓာတ်များ လျင်မြန်စွာပေးနိုင်သည်။ ထို့ကြောင့် အာဟာရကြွယ်ဝပြီး ရောဂါကာကွယ်ပေးသည့် ဓာတ်များပါဝင်သောနို့ဦးရည်ကို တိုက်ဖြစ်အောင် တိုက်သင့်သည်။ မွေးဖွားပြီး တစ်နာရီအတွင်း စောနိုင်သမျှစောစော တိုက်သင့်သည်။ ကလေးငယ်ကို မွေးဖွားပြီး အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ရန်လိုသည်။ မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးခြင်းဆိုသည်မှာ မိခင်နို့မှလွဲ၍ ရေ၊ အခြားအရည်များ သို့မဟုတ် အစားအစာများကို ပထမခြောက်လအတွင်း မကျွေးခြင်းကိုဆိုလိုသည်။ မိခင်နို့တွင် ရေဓာတ်များအပြားပါဝင်သည်။ ကလေးငယ်နို့ဆာသည့်အခါတိုင်း တိုက်ပေးသင့်သည်။ နို့စို့လိုသည့်အခါတိုင်း နို့စို့ခွင့်ရရှိပါက ပူပြင်းခြောက်သွေ့သောရာသီဥတုများမှာပင် ရေထပ်မံတိုက်ကျွေးရန်မလိုပေ။ မိခင်နို့ကို ခဏခဏတိုက်ပေးသင့်သည်။ အချိန်ကြာကြာ တိုက်ပေးသင့်သည်။ ကလေးနို့ဆာတိုင်းတိုက်ပေးသင့်သည်။ မိခင်နို့တွင် အဆီဓာတ်၊ သကြားဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များ အလုံအလောက်ပါဝင်သလို အစာလည်းကြေလွယ်သည်။

**မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများ**

နို့ဦးရည်နှင့် မိခင်နို့သည် ကလေးငယ်ရောဂါမဖြစ်ပွားစေရန်အတွက် မိခင်မှ ကလေးကိုပေးနိုင်သည့် ပထမဆုံးနှင့် တန်ဖိုးအရှိဆုံး ကာကွယ်ဆေးပင်



ဖြစ်သည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် ကလေးငယ်တွင် ဝမ်းလျှောခြင်း၊ အသက်ရှူလမ်းကြောင်းရောဂါကူးစက်ဝင်ရောက်ခြင်းနှင့် နာတာရှည်ရောဂါများဖြစ်ပွားမည့်အန္တရာယ်ကို လျှော့ချနိုင်သည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် မိခင်နှင့် ကလေးငယ်တို့ကြား သံယောဇဉ်တွယ်တာမှု ပိုမိုခိုင်မာစေသည်။

မိခင်တစ်ဦးသည် ရင်သွေးငယ်ကို နို့တိုက်ခြင်းဖြင့် နောက်တစ်ကြိမ် ကိုယ်ဝန်ဆောင်ခြင်းကို နှောင့်နှေးကြန့်ကြာစေနိုင်သည်။ မိခင်တွင် မျိုးဥအိမ်ကင်ဆာ၊ ရင်သားကင်ဆာတို့ဖြစ်ပွားမည့် အန္တရာယ်ကို လျှော့ချပေးနိုင်သည်။ မိခင်သည် အာဟာရပြည့်ဝစွာစားသုံးပါက အမြွှာကလေးများအတွက်လည်း မိခင်နို့လုံလောက်စွာတိုက်ကျွေးနိုင်သည်။ ခြောက်လပြည့်ပြီးနောက် အာဟာရကြွယ်ဝသောဖြည့်စွက်အစာများကို စတင်ကျွေးရင်း မိခင်နို့ကို ကလေးငယ် နှစ်နှစ်ကျော်သည်အထိ ဆက်လက်၍ တိုက်ကျွေးနိုင်သည်။ အမှန်တော့ နို့တိုက်မိခင်များသည် အစာပို၍ စားသုံးရန်လိုအပ်သည်။ ထမင်းနှင့်ဟင်း တစ်နပ်ပိုစားရန်လိုသည်။ နို့တိုက်မိခင်သည် ငန်လွန်း၊ စပ်လွန်းသောအစာမှလွဲ၍ အစားလုံးဝမရှောင်သင့်ပေ။ မိခင်နို့တွင် ကလေးငယ်အတွက် လိုအပ်သောအာဟာရများပြည့်စုံကာ လုံလောက်သောပမာဏရရှိစေရန် နို့တိုက်မိခင်ဘဝတွင် ကိုယ်ဝန်ဆောင်ဘဝထက် ပိုစားရန်လိုအပ်သည်။

**ဗီတာမင်အေ**

ဗီတာမင်အေသည် ကလေးများပုံမှန်ကြီးထွားဖွံ့ဖြိုးရေးနှင့် ကျန်းမာကြံ့ခိုင်ရေး၊ မျက်စိကျန်းမာရေးနှင့် အမြင်အာရုံကောင်းမွန်ရေးအတွက်လည်း အရေးကြီးသည်။ နို့တိုက်မိခင်များသည် မလိုအပ်ဘဲ အစားရှောင်လျှင် ဗီတာမင်အေ အလုံအလောက်မရရှိနိုင်တော့ဘဲ ထိုမိခင်များ၏ နို့ကိုစို့ရသောကလေးများသည် ဗီတာမင်အေချို့တဲ့တတ်သည်။ ဗီတာမင်အေချို့တဲ့သောကလေးများသည် ပုံမှန်ကြီးထွားဖွံ့ဖြိုးမှုမရှိဘဲ ကူးစက်ရောဂါအမျိုးမျိုးကြောင့် မကြာခဏဖျားနာတတ်သည်။ ဖျားနာလျှင် နာတာရှည်ဖြစ်တတ်သည်။ ကြက်မျက်သင့်ရောဂါခံစားရတတ်သည်။ မျက်ကြည်လွှာတွင် အနာဖြစ်နိုင်သည်။ အနာပျောက်သော်လည်း အပြင်တိမ်စွဲနိုင်သည်။ မျက်ကြည်လွှာပေါက်၍ မျက်စိကွယ်ခြင်းတို့ဖြစ်တတ်သည်။ ထို့ပြင် အခြားရောဂါများဖြစ်ပွားပါကလည်း ရောဂါပြင်းထန်ပြီး အသက်အန္တရာယ်ကြုံတွေ့ရနိုင်သည်။

နို့တိုက်မိခင်များသည် ဗီတာမင်အေကြွယ်ဝသည့်အစားအစာများကို လုံလောက်စွာစားသုံးရန်လိုအပ်သည်။ မီးဖွားပြီး ပထမတစ်ရက်၊ နှစ်ရက်တွင်ထွက်သည့် နို့ဦးရည်သည် ဗီတာမင်အေ အလွန်ကြွယ်ဝသည်။ ထို့ကြောင့် ကလေးကို နို့ဦးရည်တိုက်ဖြစ်အောင်တိုက်ပေးရန် လိုအပ်သည်။ အသက်ခြောက်လမှစ၍ ထမင်းခွံ့သည့်အခါ ဗီတာမင်အေကြွယ်ဝသည့် အသည်းအမျိုးမျိုး၊ ဥအမျိုးမျိုး၊ နို့အမျိုးမျိုး၊ အစိမ်းရင့်ရောင်ဟင်းရွက်များ၊ နီဝါရောင်သစ်သီးများ၊ အဝါရောင်သစ်သီးများ၊ အဝါရောင်နှင့် အနီရောင် သစ်ဥသစ်ဖုများကို အသက်အရွယ်အလိုက် ထည့်ကျွေးပေးရန်လိုအပ်သည်။

**ဗီတာမင်ဘီဝမ်း**

ဗီတာမင်ဘီဝမ်းချို့တဲ့မှုကြောင့် သုငယ်နာ (ဘယ်ရီဘယ်ရီ)ရောဂါဖြစ်နေသော ကလေးသည် အချိန်မီကုသမှုမခံရပါက အသက်ဆုံးရှုံးနိုင်သည်။ ထိုကလေးအတွက် ဗီတာမင်ဘီဝမ်းထိုးဆေးသည် အသက်ကယ်ဆေးဖြစ်သည်။ ပဲအမျိုးမျိုး၊ အဆီလွတ်ဝက်သား၊ မောင်းထောင်းဆန်(ဆန်လုံးညို)၊ ပြုတ်ဆန်(ပေါင်းဆန်၊ စပါးအခွံမချွတ်မီ ရေနွေးငွေ့ဖြင့် ပေါင်းထားသောဆန်)တို့သည် ဗီတာမင်ဘီဝမ်း ကြွယ်ဝသည့် အစားအစာများဖြစ်ကြသည်။

**သံဓာတ်**

သံဓာတ်သည် အရေးကြီးသော သတ္တုအာဟာရဓာတ်တစ်မျိုးဖြစ်သည်။ သံဓာတ်ချို့တဲ့လျှင် သွေးအားနည်းရောဂါ ခံစားရသည်။ ကလေးများသွေးအားနည်းလျှင် ခန္ဓာကိုယ်ပုံမှန်မကြီးထွားနိုင်တော့ပေ။ ကျောင်းသင်ခန်းစာများတွင် အာရုံမစူးစိုက်နိုင်သဖြင့် ပညာသင်ယူရာတွင် နှောင့်နှေးမည်ဖြစ်သည်။ ရောဂါရလွယ်သည်။ သံဓာတ်ချို့တဲ့သဖြင့် သွေးအားနည်းရောဂါဖြစ်ခြင်းမှ ကာကွယ်ရန် သံဓာတ်အာဟာရကြွယ်ဝသောအစားအစာများကို နေ့စဉ်စားသုံးရန် လိုအပ်သည်။ အသား၊ အသည်းနှင့် သွေးခဲတို့သည် သံဓာတ်အထူးကြွယ်ဝသဖြင့် တတ်နိုင်သမျှ စားသုံးသင့်သည်။ ဟင်းနုနယ်ရွက်၊ မုန်ညင်းရွက်၊ ကန်စွန်းရွက်၊ ကင်းပုံရွက်၊ ချဉ်ပေါင်ရွက် စသည့်အစိမ်းရင့်ရောင်ဟင်းသီးဟင်းရွက်များနှင့် ပဲအမျိုးမျိုးသည် သံဓာတ်အတော်အတန်ကြွယ်ဝသဖြင့် နေ့စဉ်စားသုံးသင့်သည်။ အသားဓာတ်နှင့် အချဉ်ဓာတ်(ဗီတာမင်စီ)သည် ဟင်းသီးဟင်းရွက်များနှင့် ပဲအမျိုးမျိုးမှ သံဓာတ်ကို အစာလမ်းကြောင်းမှ လွယ်ကူစွာစုပ်ယူနိုင်အောင်ကူညီသည်။ သန္ဓေသားဘဝမှ အသက်နှစ်နှစ်အတွင်း ဘဝအစကာလတွင် အာဟာရဆိုင်ရာပံ့ပိုးဖြည့်ဆည်းမှုသည် ရေတို၊ ရေရှည်အကျိုးကျေးဇူးများကို ရရှိစေနိုင်၍ ထိုကလေး၏ ဘဝတစ်လျှောက်လုံးအတွက် အရေးကြီးဆုံးနှင့် ထိရောက်မှုအရှိဆုံး လုပ်ဆောင်ချက်ပင်ဖြစ်သည်။

**မိခင်နို့စနစ်တကျတိုက်ကျွေးခြင်းနှင့် ကျန်းမာသန်စွမ်းသောကလေးငယ်များ**

လူသားတို့သည် အသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် အစားအစာကိုစားသုံးကြရာတွင် ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးရေး၊ ဦးနှောက်ဖွံ့ဖြိုးရေးနှင့် နေ့စဉ်လှုပ်ရှားသွားလာမှုများအတွက် အာဟာရပြည့်ပြည့်ဝဝရရှိရန် လိုအပ်သည်။ စားသောက်မှုပုံစံမမှန်ခြင်း၊ အာဟာရပြည့်ဝစွာရရှိရန် မစားသောက်တတ်ခြင်းတို့ကြောင့် အာဟာရချို့တဲ့မှုများဖြစ်ပေါ်ပါက ကျန်းမာရေးကိုပါ ထိခိုက်လာစေနိုင်သည်။ အထူးသဖြင့် သံဓာတ်ချို့တဲ့ခြင်း၊ အိုင်အိုဒင်းဓာတ်ချို့တဲ့ခြင်း၊ ဗီတာမင်ဒီချို့တဲ့ခြင်း၊ ဗီတာမင် B12 ချို့တဲ့ခြင်း၊ ကယ်လ်ဆီယမ်ချို့တဲ့ခြင်း၊ ဗီတာမင်အေချို့တဲ့ခြင်း၊ မဂ္ဂနီဆီယမ်ချို့တဲ့ခြင်းတို့ကြောင့် အာဟာရချို့တဲ့မှုဖြစ်ပွားတတ်သည်။ ထို့ကြောင့် အာဟာရချို့တဲ့မှုကင်းဝေးစေရန် ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်မှုပုံစံဖြင့် မှန်မှန်ကန်ကန်စားသုံးသွားရန် လိုအပ်သည်။

အထူးသဖြင့် ကလေးများကို မွေးစမှ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်နှင့် ကလေးအသက် ခြောက်လပြည့်သည့်အချိန်မှစ၍ သင့်လျော်သောဖြည့်စွက်စာနှင့်အတူ အနည်းဆုံး ကလေးအသက် နှစ်နှစ်အထိ မိခင်နို့ကို ဆက်လက်တိုက်ကျွေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားရာ မိခင်နို့စနစ်တကျတိုက်ကျွေးမှုကို ပိုမိုမြင့်တင်သွားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်ပေသည်။ ထို့ကြောင့် လူထုလှုပ်ရှားမှုအသွင်ဖြင့်ဆောင်ရွက်သွားမည့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များတွင် ပြည်သူများအနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်သွားကြပါစို့ဟု အကြံပြုတိုက်တွန်းသွားလိုပါသည်။

**ကိုးကား**

(၁) ၃-၈-၂၀၂၅ ထုတ် မြန်မာ့အလင်းသတင်းစာ။
(၂) မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးခြင်း Standardized Health Messages (myanmarhealth.info)

မောင်သောင်းဝင်း(တမန်ဟောင်း)

ဝတ္ထုတိုကဏ္ဍ

# လူကိုဖျက်သော အရက်

## ကိုရွှေတောသား(ဆင်ကူး)



(၁)

"အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့ သာဓု သာဓု သာဓု ပါဘုရား"

"အဟမ်း အဟမ်း"

"ဩော် သားကြီးတောင် ပြန်ရောက်လာပြီလား"

သားဖြစ်သူထံက အရက်နံ့များတထောင်းထောင်း ထနေသည်။ ဒေါ်ဖွားမျှင်၏ ဘုရားခန်းဆီကပင် အနံ့ဆိုးများရရှိနေသည်။ ဘုရားဝတ်ပြုခြင်းအလုပ်ပြီးစီးသွား၍ ပုတီးကုံးကလေးကို ဘုရားကျောင်းဆောင်ကလေးထဲသို့ ထည့်ထားခဲ့ရင်း သားဖြစ်သူထံ သွားလိုက်သည်။

"သားကြီးရယ် အရက်နံ့တွေကလဲ မွှန်ထူနေတာပဲကွယ်"

"ဒီနေ့တော့ နည်းနည်း ပင်ပန်းသွားလို့ပါအမေရာ"

"သားကြီးရယ် သားကြီးလဲ တစ်နေ့တစ်နေ့ သောက်ရင်းသောက်ရင်းနဲ့ အရက်သမားလုံးလုံး ဖြစ်နေပါပေါ့လား"

"ဟာဗျာ အမေကလဲ ဒီမှာ မောပန်းပြီးပြန်လာတာကို တပွစိစိလုပ်တော့မယ် တကယ်စိတ်ညစ်တယ်ဗျာ။ ကိုယ့်ဘာသာကို ဘုရားခန်းမှာ ဘုရားတရားလေးအေးဆေးလုပ်ပြီး သားလုပ်စာ အေးအေးဒူးနှန့်ပြီး စားစမ်းပါဗျာ၊ အပိုစကားတွေ ရှည်ရှည်ဝေးဝေး ပြောမနေစမ်းပါနဲ့"

"သားကြီးရယ်"

သားဖြစ်သူက ပြောပြောဆိုဆို မီးဖိုချောင်ထဲသို့ ဝင်သွားကာ ချက်ပြုတ်ပြင်ဆင်နေတော့သည်။

ဒေါ်ဖွားမျှင်မှာသာ သားဖြစ်သူအတွက် စိတ်မကောင်းဖြစ်နေတော့သည်။ သားဖြစ်သူသည် ဟိုးယခင်တုန်းကတော့ အရက်သေစာ အသောက်အစား မရှိခဲ့ပေ။ ပန်းရန်ဆရာ၏သားဖြစ်သူပီပီ ပန်းရန်ပညာကို အမွေဆက်ခံနိုင်ခဲ့လေသည်။ အဖေဖြစ်သူ ရှိစဉ်အခါက သားအဖနှစ်ယောက် သွားအတူလာအတူ အလုပ်လုပ်ကိုင်ခဲ့ကြသည်။ အဖေဖြစ်သူက အရက်သေစာသောက်စားတတ်ခြင်းမရှိခဲ့သလို သားဖြစ်သူကိုလည်းမသောက်စားစေဘဲ လူတော်လူကောင်းတစ်ယောက်ဖြစ်အောင် ပုံသွင်းခဲ့သည်။ သို့သော် သားဖြစ်သူသည် အဖေဖြစ်သူကွယ်လွန်ပြီး နှစ်နှစ်လောက်အကြာမှစကာ သူငယ်ချင်းအပေါင်းအသင်းမှားခဲ့လေသည်။ အလုပ်ဆင်းချိန် အိမ်သို့တန်းမပြန်ဖြစ်တော့ဘဲ အရက်ဆိုင်ထိုင်ခြင်းဓလေ့ စွဲမြဲလာတော့သည်။

"အမေ အဲဒါဘာလုပ်နေတာလဲ မတ်တတ်ရပ်ကြီးနဲ့ဘာလဲ အမေဗိုက်ဆာနေပြီလား ခဏလောက်တော့ စောင့်အုံးနော်အမေ သားလဲအခုမှ ချက်ရတုန်း"

"ဩော် အေး အေး အေးပါသားကြီးရယ်"

သားဖြစ်သူစကားကြောင့်ဒေါ်ဖွားမျှင်အတွေးများ ရပ်ရလေသည်။ မီးဖိုချောင်ထဲတွင် တကုပ်ကုပ်ဖြင့် ချက်ပြုတ်နေသည့် သားဖြစ်သူကိုကြည့်ရင်း စိတ်မကောင်း ဖြစ်နေမိသည်။

(၂)

"ထွန်းကျော်ကို ဒါမျိုးလာလုပ်လို့ မရဘူးကွ။ ဟင်း မနေ့တစ်နေ့ကမှ ပန်းရန်လောကထဲဝင်လာပြီး ဆရာကြီး လာလုပ်နေတဲ့ကောင် အခုတော့ ဘာတတ်နိုင်သေးလဲ"

"တော်ပါဆရာရယ် စိတ်ကို ထိန်းပါဗျာ"

"ဟုတ်ပါတယ် ဆရာရယ် တစ်ယောက်နဲ့တစ်ယောက် အားနာဖို့ကောင်းပါတယ်"

မလှမ်းမကမ်းဆီက သားဖြစ်သူတို့အုပ်စု၏အသံကို ဒေါ်ဖွားမျှင်ကြားနေရသည်။ သားဖြစ်သူ အရက်မူးပြီး ရန်ဖြစ်လာဟန်တူသည်ဟု ဒေါ်ဖွားမျှင် တွေးနေမိသည်။

"အဲဒီလိုကောင်မျိုး ခေါင်းရိုက်ခွဲရုံတင်မကဘူး တစ်ခါတည်း ဓားနဲ့ထိုးပြီး သတ်ပစ်ရမှာ"

"ဆရာရယ် တော်ပါတော့ဆိုဗျာ"

"ဟကောင်ရ လူတွေက သည်းခံပြီးငြိမ်နေရင် လူအ၊ လူကြောက်ကြီးလို့ မြင်နေကြတာမဟုတ်လား ငါ့အဖေပဲကြည့်လေ ဘယ်လောက်စိတ်ကောင်းနှလုံးကောင်းရှိခဲ့လဲ လူတွေအပေါ် ဘယ်လောက်တောင် စေတနာထားလဲ အဲဒီတော့ ငါ့အဖေဆိုရင်ဘယ်သူကမှ တန်ဖိုးမထားဘူး။ ကျောရသလောက် ကျောဖို့ပဲ စဉ်းစားနေကြတာ လိမ်မယ်ပတ်မယ်ပဲတွေးနေကြတာခိုင်းပြီး လုပ်ခလစာကိုတောင် အပြည့်ပေးချင်ကြတာမဟုတ်ဘူး။ တစ်နည်းမဟုတ်တစ်နည်းနည်းနဲ့ အနိုင်ကျင့်ခဲ့ကြတာ မဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ် ဆရာရယ် ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လို့လဲ ငါအဲဒီကောင်ရဲ့ခေါင်းကို ရိုက်ခွဲလိုက်တာ ငါမှားတယ်လို့မင်းက ပြောချင်တာလား"

"အလို ဘုရား ဘုရား"

အသံများက တဖြည်းဖြည်းနှင့်နီးကပ်လာသကဲ့သို့ သဲသဲကွဲကွဲကြားနေရသည်။ ဒေါ်ဖွားမျှင် ရင်ထဲတဒိတ်ဒိတ်ဖြင့် တုန်လှုပ်နေသည်။ ဘာပြဿနာမှ မဖြစ်လာပါစေနှင့်ဟူ၍လည်း ဆုတောင်းနေမိသည်။ ခဏနေတော့ သားဖြစ်သူတို့အုပ်စု အိမ်ပြန်ရောက်လာသည်။

"အဘွား အဘွား"

"ဒီမှာ အဘွားသား ရန်ဖြစ်လာလို့"

"ဟေ"

"ဟော့ကောင်တွေ မင်းတို့ ငါ့အမေကို ပေါက်တတ်ကရတွေ လျှောက်ပြောမနေနဲ့ ကဲ မင်းတို့တွေ ပြန်ကြတော့"

"ဟာ ဆရာကလဲ ဒီအတိုင်းပြန်လို့ မဖြစ်ဘူး ဆရာရဲ့။ ဒီနေ့ကျွန်တော်တို့ အဆောင်လခလေးတွေ အခြား ကြွေးမြီလေးတွေ ပေးစရာရှိတာ ဆရာတို့က ပြဿနာတွေတက်ကုန်ကြတော့ ပိုက်ဆံက မရှင်းခဲ့ရဘူးလေ"

သားဖြစ်သူတို့အုပ်စု ပြောနေကြသည့်စကားများကို နားထောင်ရင်းဒေါ်ဖွားမျှင် ရင်မောနေမိသည်။ ဒေါ်ဖွားမျှင်တို့ထံတွင်လည်း ငွေပိုငွေလျှံမရှိချေ။ ရှိနေသည့် တစ်ခုတည်းသော အဖိုးတန်ပစ္စည်းသည်ကား ဒေါ်ဖွားမျှင်၏နားကပ်တစ်ရန်သာဖြစ်သည်။

"နေစမ်းပါအုံးကွာ အဲဒီပိုက်ဆံက မင်းတို့ ရကိုရမှာပါ"

"ရမှာတော့ သိတာပေါ့ ဆရာရယ် ဒါပေမဲ့ ကျွန်တော်တို့က အခု လိုနေတာလေ"

"သားကြီး"

"ဗျာ အမေ"

"ရော့ ရော့ သားကြီး တပည့်လေးတွေကို အဆင်ပြေအောင် လုပ်ပေးလိုက်ပါကွယ်"

သားဖြစ်သူလက်ထဲသို့ နားကပန်ထားသည့်နားကပ်တစ်ရန်ကိုချွတ်ကာ ထည့်ပေးရင်း ဒေါ်ဖွားမျှင်က ပြောလိုက်သည်။ သားဖြစ်သူသည် လက်ထဲက နားကပ်ကလေးကိုကြည့်ရင်း တစ်ခဏတော့ တွေဝေနေသည်။ သို့သော်လည်း ခဏအကြာတွင်တော့ နားကပ်တစ်ရန်ကိုယူကာ ထွက်သွားတော့သည်။

(၃)

"သားကြီးရယ် အဲဒီအရက်တွေ မသောက်ပါနဲ့တော့လားကွယ်"

သားဖြစ်သူယခင်ရက်က အရက်များအမူးလွန်ကာ အိပ်ရာထဲ ဘုန်းဘုန်းလဲခဲ့သည်။ ယခုတော့ အရက်နာကျကာဖျားနေသည်။ သားဖြစ်သူဘေးနား ထိုင်ရင်း ဒေါ်ဖွားမျှင်က နားချနေမိသည်။

"ပင်ပန်းလို့ အရက်သောက်တယ်ဆိုတာတို့။ ယောကျ်ားမှန်ရင် အသောက်အစားနဲ့မကင်းဘူးဆိုတာတို့။ဆိုတာတွေက တကယ်တော့ မကောင်းတဲ့ ဆင်ခြေစကားတွေပါသားကြီးရယ်။ အဲဒီလိုသာဆိုရင် လောကကြီးမှာ အသောက်အစားကင်းတဲ့လူဆိုတာ ရှိပါတော့မလားကွယ်"

"အမေကလဲဗျာ ဒီမှာ နေမကောင်းဘူးဆိုကာမှ အနားလာပြီး တပီပီနဲ့ ။ သားက အခုဘာဖြစ်နေလို့လဲ။ ပြီးတော့ အဲဒီအရက်ကို သားကြိုက်လို့ သားသောက်တာပါအမေရဲ့"

သားဖြစ်သူက ဒေါ်ဖွားမျှင်ကို စိတ်ပျက်လက်ပျက်စကားဆိုသည်။ သို့သော်လည်း ဒေါ်ဖွားမျှင်က စိတ်မလျှော့။ သားဖြစ်သူ နားဝင်အောင် ဆုံးမသွန်သင်လေသည်။

"အမေက အမေ့သားကြီးကို အရက်သမားကြီး မဖြစ်စေချင်လို့ပါကွယ်။ ပြီးတော့ အရက်သောက်တယ်ဆိုတာ ကောင်းတဲ့အလုပ်လဲမဟုတ်ပါဘူးသားရဲ့။ ဘုရားမကြိုက် တရားမကြိုက်၊ သူတော်ကောင်းသူမြတ်လောင်းတို့လဲ မကြိုက်ဘူး။ အဲဒီမကောင်းတဲ့အရက်ကြောင့် ကောင်းတဲ့ကိုယ်ကျင့်တရားတွေ ပျောက်ကွယ်ကြတယ်။ သောက်စားမူးယစ်ကြပြီး ငြင်းကြခုံကြ ခိုက်ရန်ဒေါသတွေဖြစ်ကြ မကောင်းမှုတွေပြုကြနဲ့။ လူတွေအများကြီး ဒုက္ခတွေရောက်နေကြတာမဟုတ်လား။ ဓားကိုဖျက်တာ ဝါးမျက်တဲ့၊ လူကိုဖျက်တာအရက်တဲ့သားကြီးရဲ့။ အဲဒီအရက်က လူတွေကိုကော အရာအားလုံးကိုကော ဖျက်ဆီးပစ်နိုင်တယ်။ ဟိုတစ်လောကပဲ ကြည့်လေ။ သားကြီး ရန်ဖြစ်လို့ ရုံးရောက် ဂါတ်ရောက်နဲ့မဟုတ်လား။ အဲဒါ သားကြီး အရက်မူးပြီးရန်ဖြစ်ခဲ့တာ မဟုတ်လား။

❖"ဆရာ့အတွက်လဲ တအားကြီး စိုးရိမ်မနေပါနဲ့ အဘွားရယ် အဲဒီအထဲမှာ ဆရာတစ်ယောက်တည်း မဟုတ်ပါဘူး။ သူ့သူငယ်ချင်းတွေလဲ ရှိပါတယ်။ အင်း အဘွား ဘာမှခိုင်းစရာမရှိရင်လဲ သားပြန်တော့မယ်" အရက်ကို အတတ်နိုင်ဆုံးလျှော့သောက်ပါ့မည်ဟု ကတိပေးခဲ့သော သားဖြစ်သူသည် ယခုအခါ အိမ်ကိုပင်ပြန်မလာနိုင်အောင် အမူးလွန်နေသည့်အတွက် ဒေါ်ဖွားမျှင် စိတ်မကောင်းကြီးစွာ ခံစားရလေသည်။ ဘေးမသီရန်မခပါစေနဲ့ဟုသာ ဆုတောင်းရင်း မေတ္တာပို့နေမိလေသည်။ သို့သော်လည်း ဒေါ်ဖွားမျှင်၏ဆုတောင်းများ မပြည့်ဝခဲ့ပေ။ မနက်မိုးလင်းသော် ဒေါ်ဖွားမျှင် မမျှော်လင့်ထားသည့် သတင်းဆိုးကြီးဖြင့် သားဖြစ်သူဘဝက ကံဆိုးရလေတော့သည်။ ❖

စာမျက်နှာ ၂၅ သို့ ➤

# ကျောင်းကုန်းမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ် ကောင်းမွန်နေ



**ကျောင်းကုန်း ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်မြင့်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အပါအဝင် ငါးခြောက်မျိုးစုံကို စနစ်တကျ ထုတ်လုပ်၍ ဝယ်ယူသည့်ဒေသများကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် ဇူလိုင်လ တတိယပတ်မှစတင်ကာ ယနေ့ထိ ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ ငါးကွမ်းရှပ်ခြောက်များ လက်ရှိ တစ်ရက်လျှင် ပိဿာချိန် ၁၆၀၀ မှ ၂၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ ဒေသဈေးကွက်မှာ ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ပြီးခဲ့တဲ့လ တတိယပတ်လောက်ကတည်းက စတင်အရောင်းအဝယ်ကောင်းမွန်ခဲ့တာပါ။ အခု ငါးကွမ်းရှပ်ခြောက်ဈေးကလဲ အနည်းငယ်ကောင်းလာပါတယ်။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေအပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်မြင့်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးပိ၊ ငါးခြောက်များကို ပြုလုပ်ပြီး ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ အပါအဝင်ငါးခြောက်များကို ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း အဆိုပါငါးကွမ်းရှပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ပညာဉာဏ်ပန်းတိုင် လှမ်းနိုင်ဖို့

- လူငယ်တွေ ပညာမြတ်ကိုတဲ့
  သင်ယူမှတ် များသူငါ၊
  ပညာသည် လူမခိုးဟု
  ဆိုရိုးရှိတာ၊
  ထူးချွန်ကြဖို့ အားလုံးမှာ
  လေ့လာကာ နေရမြဲ၊
  အောင်ပန်းကို လှမ်းကိုင်ရင်းနဲ့
  ကျော်နင်းနေ့စွဲ။

- ပညာရှိသူ လောကထဲမှာလ
  အမှောင်ဖောက်ဆဲ အလင်းဆောင်၊
  အမှားမှန် အဆုံးဖြတ်တို့
  သုံးသပ်ကုတ်နှောင်၊
  တန်ဖိုးရှိ လူတို့ဘောင်
  ကောင်းမြတ်အောင် နေထိုင်သွား၊
  ပညာဉာဏ် ကိုယ့်အစွမ်းနဲ့
  လျှောက်လှမ်းလူသား။

- ချင့်ချိန်ရန် အမှန်အမှားတို့
  ခွဲခြားလို့ မြင်နိုင်စေ၊
  ရေသာခို အချောင်မလိုက်နဲ့
  ဂရုစိုက် မိတ်ဆွေ၊
  ခွဲလုံ့လ ရှိပါလေ
  အားမာန်တွေနဲ့ ဘဝအတွက်၊
  ပန်းတိုင်ဆီ ရောက်မယ်အရေးပေါ့
  မြော်တွေးရှေ့ဆက်။ ။

ရင်ခတ်ပန်း(စွယ်တော်)

# ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၁၀၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကျွန်းလှ ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၁၀၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၄၉၉၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၀၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ အစေ့ထုတ်ပြောင်း ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ အသိပညာပေး ဆောင်ရွက်ပေးနေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင် ကာကွယ်ရေးစနစ်ဖြစ်သည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းကို တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

တကယ့်တကယ် အရက်မူးမူးနဲ့ လက်လွန်ခြေလွန်တွေသာဖြစ်ခဲ့ရင် အမေ့သားကြီး ခုလောက်ဆိုရင် ထောင်နန်းစံနေရပြီ"

"ဟုတ်ကဲ့ပါ အမေရာ သား သား အတတ်နိုင်ဆုံး အဲဒီ အမေမသောက်စေချင်တဲ့အရက်ကို မပြတ်ပြတ်အောင် ဖြတ်ပါ့မယ်ဗျာ၊ ဖြတ်ပါ့မယ် တကတဲ နားကိုညည်းနေတာပဲ"

( ၄ )

"အဘွားရေ အဘွား အဘွား သား ဒီနေ့အိမ်ကိုမပြန်လာနိုင်ဘူးတဲ့၊ သောက်တာနည်းနည်းများသွားလို့ အလုပ်ဆိုက်ထဲမှာဘဲ အိပ်တော့မယ်တဲ့ အဲဒါသားကိုလာပြီးပြောခိုင်းလိုက်လို့"

"ဟယ် သားကြီးရယ်"

ဒေါ်ဖွားမျှင်ရင်ထဲ မွန်းကျပ်သွားရသည်။ အရက်အမူးလွန်ပြီး အလုပ်ဆိုက်ထဲမှာ အိပ်ကျန်ခဲ့သည့် သားဖြစ်သူအတွက် စိတ်မချနိုင်ဖြစ်နေမိသည်။ သို့သော် အိုကြီးအိုမဖြင့် ကိုယ့်ခန္ဓာကိုယ်ကိုမှ အနိုင်နိုင်သယ်ပြီး နေထိုင်သွားလာနေရသည့်ဘဝဖြစ်၍ မည်သို့မှပင်မတတ်နိုင်ဘဲ ရှိလေသည်။

"ဒါနဲ့ အဘွားကော ဘာစားပြီးပြီလဲ သား ဘာလုပ်ပေးရမလဲ"

ထိုကလေး၏ပြောစကားကို ဒေါ်ဖွားမျှင်နားထဲ မကြားတစ်ချက်ကြားတစ်ချက်ရှိလှသည်။ ကိုယ့် ကိုယ်ကိုယ်ထက် သားဖြစ်သူအတွက်ပင် စိုးရိမ်ပူပန် နေမိသည်။

"ဆရာ့အတွက်လဲ တအားကြီး စိုးရိမ်မနေပါနဲ့ အဘွားရယ် အဲဒီအထဲမှာ ဆရာတစ်ယောက်တည်း မဟုတ်ပါဘူး။ သူ့သူငယ်ချင်းတွေလဲ ရှိပါတယ်။ အင်း အဘွား ဘာမှခိုင်းစရာမရှိရင်လဲ သားပြန်တော့မယ်"

အရက်ကို အတတ်နိုင်ဆုံး လျှော့သောက်ပါ့မည်ဟု ကတိပေးခဲ့သောသားဖြစ်သူသည် ယခုအခါ အိမ်ကို ပင်ပြန်မလာနိုင်အောင် အမူးလွန်နေသည့်အတွက် ဒေါ်ဖွားမျှင် စိတ်မကောင်းကြီးစွာ ခံစားရလေသည်။ ဘေးမသီ ရန်မခပါစေနဲ့ဟုသာ ဆုတောင်းရင်း မေတ္တာပို့နေမိလေသည်။ သို့သော်လည်း ဒေါ်ဖွားမျှင်၏ ဆုတောင်းများ မပြည့်ဝခဲ့ပေ။ မနက်မိုးလင်းသော် ဒေါ်ဖွားမျှင် မမျှော်လင့်ထားသည့် သတင်းဆိုးကြီးဖြင့် သားဖြစ်သူဘဝက ကံဆိုးရလေတော့သည်။

"အဘွားရယ် သားတို့လဲ စိတ်မကောင်းပါဘူး ဒီအတွက်လဲ ရဲတွေ အနေနဲ့ သေမှုသေခင်းအရ သွေးရိုးသားရိုးသေဆုံးတာလား၊ တစ်စုံတစ်ယောက်ရဲ့ပယောဂကြောင့်လားဆိုတာ စုံစမ်းနေကြပါတယ်။ မနေ့ကတော့ သူက အလွန်အကျွံကိုသောက်ထားပြီး တအားမူးနေတာဗျ"

"ဟုတ်တယ် အဘွား။ ဆရာလေ၊ အရက်သောက်တာမှ ဇက်ကိုကျိုးကျနေအောင် သောက်ထားတာ"

"အမယ်လေး သားကြီးရယ် ဖြစ်မှဖြစ်ရလေ သားကြီးရယ် အခုတော့ သားကြိုက်တဲ့အရက်က သားကြီးကို ပြန်ပြီးသတ်သွားခဲ့ပြီမဟုတ်လားကွယ် အဟီး အီး အီး"

ဒေါ်ဖွားမျှင်မှာ သားဖြစ်သူအတွက် ပူဆွေးသောကရောက်ရလေသည်။ အိုကြီးအိုမဘဝဖြင့်လည်း ကိုယ့်ဘဝ ကိုယ့်ကိုယ်ကိုယ် မည်သို့မည်ပုံပင် ရှေ့ဆက်သွားရမည်နည်းဟုပင်တွေးကာလည်း ရင်မောရလေတော့သည်။

# မိုင်းဖြတ်မြို့နယ် ဘူးဖာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် ဩဂုတ် ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ဘူးဖာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင် ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးအရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထား ဆောင်ရွက်ကြရန်နှင့် ကျေးရွာနေ ပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၁၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဘူးဖာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀ ဦးထံသို့ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

**ဇင်မာ**

စိန်လှိုင်ဗိုလ်

# ဥပဒေနှင့်အညီတည့်မတ်ပေးခဲ့သော စီရင်ထုံးများ

တရားခံအပေါ် ၎င်း၏အကျိုးကို ထိခိုက်နစ်နာစေမည့် အမိန့်ချမှတ်ခြင်းနှင့် ပတ်သက်၍ ကိုယ်တိုင်သော်လည်းကောင်း၊ ရှေ့နေရှေ့ရပ်နှင့်သော်လည်းကောင်း ကြားနာရန် အခွင့်ပေးရခြင်းနှင့် တစ်ဖက်သတ်ကြားနာကာ တရားခံ၏အကျိုးကို ဆန့်ကျင်သည့်အမိန့်ချမှတ်ခြင်းသည် တရားဝင်အမိန့်ဖြစ်သည်ဟု မဆိုနိုင်ခြင်းနှင့်ပတ်သက်၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၉ (၂) ပြဋ္ဌာန်းချက်ကို ရည်ညွှန်း၍ စီရင်ဆုံးဖြတ်ထုံးဖွဲ့ထားသော သိမှတ်ဖွယ်ရာ အမှုတစ်ခုကို အကြောင်းပြု၍ ဥပဒေဗဟုသုတအလို့ငှာ ရေးသားတင်ပြပါမည်။

မောင်ရွှေဝင်းအပေါ် ဘားအံမြို့ ပထမရာဘက်ရာဇဝတ်တရားသူကြီးရုံး ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်-(၁၁)တွင် ရာဇသတ်ပုဒ်မ-၃၀၄ (က)အရ ရုံးတစ်ထိုင်ထောင်တစ်ရက်နှင့် ဒဏ်ငွေ ၆၅၀ ကျပ်ပေးဆောင်ရန်နှင့် ဒဏ်ငွေပေးဆောင်ရန်ပျက်ကွက်ပါက နောက်ထပ်အလုပ်နှင့်ထောင်ဒဏ်တစ်နှစ်ကျခံစေရန်အမိန့်ချမှတ်ခဲ့ပါသည်။

ထိုကဲ့သို့ချမှတ်သော အပြစ်ဒဏ်မှာ အလွန့်အလွန်သက်ညှာလွန်းသဖြင့် အပြစ်ဒဏ် တိုးမြှင့်ပေးရန် မော်လမြိုင်မြို့ရုံးထိုင် ကော်သူးလေပြည်နယ် (ကရင်ပြည်နယ်) စက်ရှင် တရားသူကြီးက ရာဇဝတ်ကျင့်ထုံးပုဒ်မ-၄၃၉ အရ တရားရုံးချုပ်သို့ ထောက်ခံခဲ့ပါသည်။ ထို့ကြောင့် တရားရုံးချုပ်၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်- (၁၀၄)(ခ) တွင် မောင်ရွှေဝင်းအပေါ် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၃၉(၂)အရ အကြောင်းကြားစာ ထုတ်ဆင့်ခဲ့သော်လည်း မလာရောက်သဖြင့် တစ်ဖက်သတ်ကြားနာကာ မူလပြစ်ဒဏ်များအပြင် အလုပ်နှင့်ထောင်ဒဏ်သုံးနှစ် တိုးမြှင့်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။ မောင်ရွှေဝင်းက နိုင်ငံတော်တရားရုံးချုပ်သို့ ရာဇဝတ်အသေးအဖွဲ့လျှောက်လွှာ တင်သွင်းခဲ့ပါသည်။

**နိုင်ငံတော်တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

လျှောက်ထားသူ မောင်ရွှေဝင်းက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၃၉ (၂)အရ တရားရုံးချုပ်မှ **ထုတ်ဆင့်လိုက်သည့် အကြောင်းကြားစာကို မိမိမရရှိကြောင်း၊** မိမိအပေါ် အပြစ်ဒဏ်တိုးမြှင့်ကြောင်း တစ်ဖက်သတ်ကြားနာအမိန့်ချမှတ်ပြီးမှ သိရှိရကြောင်း စသည်ဖြင့် ကျမ်းကျိန်လွှာတစ်စောင် တင်သွင်းလာပါသည်။

ဤရုံးမှ ရာဇဝတ်ကျင့်ထုံးပုဒ်မ-၄၃၉(၂)အရ အကြောင်းကြားစာပေါ်ရှိ လက်မှတ်နှင့် လျှောက်ထားသူ၏ ရှေ့နေကိုယ်စားလှယ်စာပေါ်ရှိ မောင်ရွှေဝင်း၏ လက်မှတ်တို့ကို တိုက်ဆိုင်ကြည့်ရှုရာ ကွဲလွဲနေသည်ကို တွေ့မြင်ရသည့်အလျောက် လျှောက်ထားသူ မောင်ရွှေဝင်းကို ရုံးရှေ့သို့ ခေါ်ယူပြီး နမူနာလက်မှတ်များ ရေးထိုးစေခဲ့ပါသည်။ ထိုနမူနာလက်မှတ်များမှ မောင်ရွှေဝင်း၏ ရှေ့နေကိုယ်စားလှယ်စာပေါ်ရှိ လက်မှတ်နှင့် နမူနာလက်မှတ်တူနေသည်ကိုတွေ့ရပြီး ရာဇဝတ်ကျင့်ထုံးပုဒ်မ-၄၃၉(၂) အရ ထုတ်ပေးသည့် အကြောင်းကြားစာပေါ်ရှိ လက်မှတ်နှင့် အတော်ပင်ကွဲပြားခြားနားနေသည်ကို တရားရုံးချုပ်က တွေ့မြင်ခဲ့ရပါသည်။ သို့ဖြစ်ရာ **လျှောက်ထားသူ မောင်ရွှေဝင်းသည် ဤရုံးမှထုတ်ပေးခဲ့သည့် မည်သည့်အတွက်ကြောင့် ပြစ်ဒဏ်မတိုးပေးသင့်ကြောင်း အကြောင်းပြရန် အကြောင်းကြားစာကို ရရှိခဲ့ခြင်းမရှိဟု** တရားရုံးချုပ်က ယူဆခဲ့ပါသည်။

**ရာဇဝတ်ကျင့်ထုံးပုဒ်မ-၄၃၉(၂)အရ တရားခံတစ်ဦးအပေါ် ၎င်း၏အကျိုးကို ထိခိုက်နစ်နာစေမည့် အမိန့်ကိုမချမှတ်မီ ၎င်းကိုကိုယ်တိုင်သော်လည်းကောင်း၊ ရှေ့နေရှေ့ရပ်နှင့်သော်လည်းကောင်း ကြားနာရန် အခွင့်အရေးပေးရမည်ဖြစ်ကြောင်း ထိုသို့အခွင့်မပေးဘဲ တစ်ဖက်သတ်ကြားနာကာ တရားခံ၏အကျိုးကို ဆန့်ကျင်သည့်အမိန့် ချမှတ်ခဲ့လျှင် ထိုအမိန့်သည် အဆိုပါပြဋ္ဌာန်းချက်ကို ချိုးဖောက်ရာရောက်သဖြင့် တရားဝင်အမိန့် ဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း၊** တရားခံတစ်ဦးအပေါ် ကြားနာရန်ခွင့်ပြုပြီးမှသာ အပြစ်ဒဏ်တိုးမြှင့်ပေးရမည်ဟု ဥပဒေက အတိအလင်းသတ်မှတ်ထားသည့်ကိစ္စတွင် ဥပဒေပါသတ်မှတ်ချက်ကို မလိုက်နာဘဲ အမိန့်ချမှတ်ပါက ထိုအမိန့်သည် စီရင်ပိုင်ခွင့်အာဏာအတွင်း ချမှတ်သည့်အမိန့်ဟု မဆိုနိုင်ကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။



ထိုသို့ စီရင်ပိုင်ခွင့်အာဏာအတွင်း ချမှတ်ထားသည့်အမိန့်မဟုတ်လျှင် ထိုအမိန့်သည် တရားဝင်အမိန့်အဖြစ် ရပ်တည်ခြင်းမပြုနိုင်သည့်အလျောက် တရားရုံးချုပ်အနေဖြင့် ဆက်လက်ကြားနာပြီး တရားဝင်အမိန့်တစ်ရပ် ချမှတ်နိုင်သည်ဟု ကျွန်ုပ်တို့ထင်မြင်ယူဆကြောင်း၊ ထိုကဲ့သို့ အမိန့်ချမှတ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ရာဇဝတ်ကျင့်ထုံးပုဒ်မ-၃၆၆ ကို ဆန့်ကျင်ရာမရောက်ကြောင်း စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

တရားရုံးချုပ်သည် **တီဆိုမူးနိုင်ဒူးနှင့် တစ်ဦး အေအိုင်အာရ် ၁၉၂၄ မဒရပ် ၆၄၀ စီရင်ထုံးနှင့် နိုင်ငံတော်နှင့် ကွန်ဂျန်ပီလေး အေအိုင်အာရ် ၁၉၅၂ တရယ်ဗယ်ကိုချင် ၂၁၀ (၂၁၇) စုံညီခုံ စီရင်ထုံးနှင့် နမ်မက်ရှ်မင်ဒယ် နှင့် ကာဒန်ဘီနီဒါစီ အေအိုင်အာရ် ၁၉၂၇ ကလကတ္တား ၇၀၂ စီရင်ထုံးနှင့် လက်ထောက်အစိုးရလွှတ်တော်ရှေ့နေနှင့် အူပင်ဒရာနတ်မူ ကာဂျီ အေအိုင်အာရ် ၁၉၃၁ ပတ္တနာ ၈၁ (၈၂) စီရင်ထုံးများကို** ရည်ညွှန်းကိုးကားခဲ့ပါသည်။

ယခုအမှုတွင် လျှောက်ထားသူ မောင်ရွှေဝင်းအပေါ် ရာဇဝတ်ကျင့်ထုံးပုဒ်မ-၄၃၉(၂)အရ ထုတ်ဆင့်ခဲ့သည့် အကြောင်းကြားစာ အတည်ဖြစ်သည်ဟု ယူဆကာ ၎င်းအပေါ်တစ်ဖက်သတ်ကြားနာပြီး အမိန့်ချမှတ်ခဲ့သည်။ အမှန်မှာ **ထိုအကြောင်းကြားစာသည် ၎င်းအပေါ် အတည်မဖြစ်သည့်အလျောက် ၎င်းအပေါ် အကြောင်းကြားစာမပေးဘဲ ကြားနာပြီး အမိန့်ချမှတ်ခဲ့သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊** ထိုအမိန့်မှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တရားဥပဒေနှင့်ညီညွတ်သည့် အမိန့်မဟုတ်၍ ကျွန်ုပ်တို့အနေဖြင့် လျှောက်ထားသူ မောင်ရွှေဝင်းကို ကြားနာပြီး တရားဝင်အမိန့်သစ်တစ်ခုချမှတ်ရန် တာဝန်ရှိကြောင်း ၎င်းတာဝန်ရှိသည့်အတိုင်း ရှေ့နေချုပ်အပေါ် အကြောင်းကြားစာထုတ်ပြီး ဆက်လက်ကြားနာရန် တရားရုံးချုပ်က အမိန့်ချမှတ်ခဲ့ပါသည်။ **မောင်ရွှေဝင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲ့ လျှောက်လွှာအမှတ် (၇၁) အမှု** စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြပါသည်။

"ဥပဒေဟူသည် ညီညွတ်ရမည်။ မျှတရမည်။ အများလက်ခံနိုင်ရမည်"ဟူသော စကားနှင့်အညီ တရားရုံးချုပ်သည် ဥပဒေနှင့်မညီညွတ်သည့် အမိန့်တစ်ရပ် လွဲမှားနေသည်ကို မှန်ကန်အောင်တည့်မတ်ပေးလိုက်သောအမှုဖြစ်ကြောင်း သိရှိနားလည်ရပါသည်။

နောက်ထပ်တစ်ဖန်ထပ်မံ၍ ပြည်သူအများ ဥပဒေဗဟုသုတရရှိစေရန်အလို့ငှာ ရာဇဝတ်မှုစီရင်ထုံးတစ်ခုကိုကိုးကား၍ ရေးသားတင်ပြပါဦးမည်။ တရားရုံးများ၏ စီရင်ပိုင်ခွင့်နှင့်သက်ဆိုင်သော သိမှတ်ဖွယ်ရာဖြစ်ပါသည်။

မောင်ကျော်ရှိန်က မောင်ထွန်းမြင့်အပေါ် မယားခိုးမှုဖြင့် **ဖျာပုံမြို့ ရာဇဝတ်တရားသူကြီးရုံး**တွင် ဦးတိုက်လျှောက်ထားစွဲဆိုခဲ့သည်။ အမှုသည် ဒေးဒရဲမြို့တွင်ဖြစ်ပွား၍ တရားသူကြီးက ၎င်းတွင် စီရင်ပိုင်ခွင့်အာဏာမရှိဟု ယခင်က ဖျာပုံခရိုင်စက်ရှင်တရားသူကြီးရုံးတွင် ချမှတ်ခဲ့သော အယူခံမှုတစ်မှုကို ကိုးကား၍ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် **မောင်ထွန်းမြင့်ကို တရားသေလွှတ်**ခဲ့ပါသည်။

မောင်ကျော်ရှိန်က ထိုအမိန့်ကို မကျေနပ်သဖြင့် ဖျာပုံခရိုင်စက်ရှင်ရုံးသို့ပြင်ဆင်မှု ဖွင့်လှစ်တက်ရောက်ခဲ့ပါသည်။ စက်ရှင်တရားသူကြီးက ဖျာပုံခရိုင်အတွင်းရှိ ရာဇဝတ်တရားသူကြီးများ၏ အာဏာသည် ခရိုင်တစ်ခုလုံးအထိပျံ့နှံ့ကြောင်း၊ ထို့ကြောင့် ဒေးဒရဲမြို့တွင် ဖြစ်ပွားခဲ့သော မယားခိုးမှုကို ဖျာပုံမြို့တွင် လာရောက်စွဲဆိုခြင်းသည် စီရင်ပိုင်ခွင့်အာဏာပြင်ပသို့ ကျရောက်သည်ဟု မဆိုနိုင်ကြောင်း၊ ထို့ကြောင့် မူလရုံးအမိန့်ကို သင့်တော်သလို ပြင်ဆင်ပေးသင့်ကြောင်း ထောက်ခံ၍ အမှုတွဲများကို တရားရုံးချုပ်သို့ ပေးပို့ခဲ့ပါသည်။

စက်ရှင်တရားသူကြီးက မောင်ကျော်ရှိန်သည် ရာဇဝတ် ကျင့်ထုံးပုဒ်မ-၄၁၇ အရ မောင်ထွန်းမြင့်ကို တရားသေလွှတ်မိန့်ကို အယူခံဝင်ရန် အစိုးရက လျှောက်ထားဆောင်ရွက်ခဲ့ခြင်းမရှိ စက်ရှင်ရုံးသို့သာ ပုဂ္ဂိုလ်အနေဖြင့် လာရောက်ပြင်ဆင်မှု ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားသေလွှတ်မိန့်ကို အထူးစဉ်းစားချင့်ချိန်၍ လက်ခံစဉ်းစားရကြောင်း၊ ဥပဒေအရ များစွာမှားယွင်းချွတ်ချော်ခြင်းများ၊ တရားမျှတမှုကင်းမဲ့ခြင်းများ တွေ့ရှိမှသာ အောက်ရုံးအမိန့်ကို ပြင်ဆင်ပေးရကြောင်းကို စက်ရှင်တရားသူကြီးက ညွှန်ပြခဲ့ပါသည်။ သို့ရာတွင် **ဤအမှု၌ကား စီရင်ပိုင်ခွင့်အာဏာနှင့်ပတ်သက်၍ အောက်ရုံးက မှားယွင်းဆုံးဖြတ်ခဲ့ခြင်းကြောင့်** တရားသေလွှတ်မိန့်ကို ပြင်ဆင်ပေးသင့်ပါကြောင်း တရားရုံးချုပ်သို့ ထောက်ခံပေးပို့ခဲ့ပါသည်။

အစိုးရမဟုတ်ဘဲ နစ်နာသောပုဂ္ဂိုလ်တစ်ဦးက တရားသေလွှတ်မိန့်တစ်ရပ်ကို မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ခြင်း ရှိ၊ မရှိနှင့်ပတ်သက်၍ တရားရုံးချုပ်သည် **ဦးဘမောင်နှင့် မောင်စိန်ရပါ ၂ တရားရုံးချုပ် ၁၉၆၆ ခု ရာဇဝတ်စောဒကမှုအမှတ်-၁** စီရင်ထုံးတွင် အကျယ်တဝင့်သုံးသပ်ခဲ့သည်ကို စိစစ်ခဲ့ပါသည်။ ထိုအမှုတွင် တရားရုံးချုပ်က ရာဇဝတ်ကျင့်ထုံး ပုဒ်မ-၄၁၇ အရ အစိုးရက အယူခံဝင်ရန် သင့်တော်သော တရားသေလွှတ်မိန့်ကို နစ်နာသည်ဆိုသော ပုဂ္ဂိုလ်တစ်ဦးက လာရောက်လျှောက်ထားရုံမျှနှင့် တရားရုံးချုပ်က လွယ်လွယ်လက်ခံ၍ စဉ်းစားရန်မဟုတ်ဟု ဆုံးဖြတ်ခဲ့ကြသည်။ အထူးသဖြင့် ခရိုင်ရာဇဝတ်တရားသူကြီးရုံး သို့မဟုတ် စက်ရှင်ရုံးသို့ ပြင်ဆင်မှုသွားရောက်ခြင်းမပြုဘဲ ၎င်းရုံးများကို ကျော်လွန်၍ တရားရုံးချုပ်သို့ တိုက်ရိုက်လာရောက် လျှောက်ထားခြင်းများကို သာမန်အားဖြင့် လက်ခံရန်မဟုတ်ကြောင်း မှတ်ချက်ပြုခဲ့ကြဖူးသည်ကို စိစစ်ဖော်ထုတ်ခဲ့ပါသည်။

သို့ရာတွင် ဤအမှုတွင်ကား တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာရှိလျက်နှင့် ဥပဒေကို အဓိပ္ပာယ်ကောက်ယူရာတွင် မှားယွင်းသဖြင့် ထိုအာဏာကို သုံးစွဲခြင်းမပြုခဲ့ခြင်းကို တွေ့ရကြောင်း၊ ထို့ပြင် နစ်နာသည်ဆိုသော ပုဂ္ဂိုလ်သည် စက်ရှင်ရုံးသို့ ဦးစွာသွားရောက်၍ ပြင်ဆင်မှုဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ စက်ရှင်တရားသူကြီးက နှစ်ဖက်ကို ကြားနာပြီးနောက် လက်ခံရန်သင့်လျော်သောအမှုဖြစ်သဖြင့် ပြင်ဆင်ပေးရန်ထောက်ခံ၍ တရားရုံးချုပ်သို့ ပို့ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အထက်တွင် ရည်ညွှန်းသော စီရင်ထုံးအရလည်း လက်ခံစဉ်းစားသင့်သောအမှုဖြစ်ကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

အစိုးရရှေ့နေကြီးကလည်း စက်ရှင်တရားသူကြီး၏ ထောက်ခံချက်ကို လက်ခံသင့်ပါကြောင်း၊ တရားရုံးသည် စီရင်ပိုင်ခွင့်အာဏာမရှိဟု သဘောရကာမျှနှင့် တရားခံကို တရားသေလွှတ်ရန်မဟုတ်ပါကြောင်း၊ အမှုကိုအပြည့်အစုံ စစ်ဆေးပြီးနောက် အမှုမှန်လျှင် မှန်သလို၊ မှားလျှင် မှားသလို သင့်လျော်သော အမိန့်ကို ချမှတ်ရန်ဖြစ်ပါသည်ဟု တရားရုံးချုပ်သို့ လျှောက်ထားခဲ့ပါသည်။

စက်ရှင်ရုံး၏ ထောက်ခံချက်ကို လက်ခံ၍ မူလရုံး၏ တရားသေလွှတ်မိန့်ကို တရားရုံးချုပ်က ပယ်ဖျက်လိုက်ပါသည်။ ဖျာပုံခရိုင်ရာဇဝတ်တရားသူကြီးက သင့်လျော်သည်ထင်သော ရာဇဝတ်တရားသူကြီးတစ်ဦးဦးကို အမှုကိုပြန်လည်စစ်ဆေးစေရန်ကိုလည်း တရားရုံးချုပ်က ညွှန်ကြားလိုက်ပါသည်။

အထက်ပါအမှုစီရင်ထုံးက ရာဇဝတ်တရားသူကြီးများ၏ စီရင်ပိုင်ခွင့်အာဏာကို ညွှန်ပြခြင်းနှင့် ရာဇဝတ်ကျင့်ထုံးပုဒ်မ-၄၁၇ အရ တရားသေလွှတ်မိန့်ကို အယူခံဝင်ရာတွင် အစိုးရ (ဥပဒေအရာရှိ) က ဝင်ရောက်ရမည်ဖြစ်သော်လည်း ထူးခြားသောဖြစ်စဉ်များတွင် နစ်နာသူပုဂ္ဂိုလ်က အယူခံဝင်ရောက်လာခြင်းကို ခြွင်းချက်တစ်ရပ်အနေဖြင့် တရားရုံးချုပ်က လက်ခံခဲ့ကြောင်း သိရှိနိုင်ကြခြင်းဖြစ်ပါသည်။ **ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန် လျှောက်ထားသူ)နှင့် မောင်ထွန်းမြင့် (ပြင်ဆင်ရန်လျှောက်ထားခံရသူ) ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၄၉ (ခ)** စီရင်ထုံးကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ယင်းမာပင် ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၈၀၆၆၂ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၈၄၃၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နှမ်း ၁၈၀၆၆၂ ကေ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ၁၈၈၄၃၈ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းမွန်ဖို့ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် နှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၅၀၆၄၈ ကေ၊ ကနီမြို့နယ်တွင် ကေ ၃၉၁၅၀၊ ဆားလင်းကြီးမြို့နယ်တွင် ကေ ၁၈၅၈၀၊ ပုလဲမြို့နယ်တွင် ကေ ၈၀၀၆၀ စုစုပေါင်း ၁၈၈၄၃၈ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်ရွှေမြို့နယ် သပြေကုန်း(အောက်)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF)လုပ်ငန်း စစ်ဆေး

**ညောင်ရွှေ ဩဂုတ် ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပုံ့မူကျေးရွာအုပ်စု သပြေကုန်း(အောက်)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)လုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ပုံ့မူကျေးရွာအုပ်စု သပြေကုန်း(အောက်)ကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေကျပ် ၁၀ သန်းဖြင့် ဆောင်ရွက်သော ကြံသကာချက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းသည် ကျေးလက် စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းအဖွဲ့ဝင်များ၊ ကြံသကာချက်လုပ်ငန်း ဆောင်ရွက်နေသည့်အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF)ရန်ပုံငွေဖြင့် ပုံ့မူကျေးရွာအုပ်စု သပြေကုန်း(အောက်)ကျေးရွာ၌ ကြံသကာချက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် အဖွဲ့ဝင်များကို ရန်ပုံငွေကျပ် ၁၀ သန်း ထုတ်ချေး ပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပခန်းစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ပခန်းစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက ပခန်းစပါး တင်းရေ ၅၀၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ပခန်းစပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်ကနေ ပြီးခဲ့တဲ့ တစ်လအတွင်း ရန်ကုန်ဈေးကွက်ကို ပခန်းစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပခန်းစပါးအမျိုးအစားကအကြမ်းအုပ်စုထဲမှာပါတဲ့စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက် ဝယ်လက်တွေက ဝယ်ယူအားများနေလို့တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဒေသတွင်းဆန်စပါးဈေးကွက်မှာလဲ ပခန်းစပါးကို ဝယ်ယူအား များနေပါတယ်"ဟု ကျုံပျော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။



ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါစပါးများအရောင်းအဝယ် ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လေးမျက်နှာမြို့နယ် ဘိသလွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**လေးမျက်နှာ ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ဘိသလွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၄ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၆ ဒသမ ၁၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဘိသလွန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၇ ဦးကို ငွေကျပ် ၃၃ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၂ ဒသမ ၇၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၉ ဦးကို ငွေကျပ် ၃၆ ဒသမ ၁၅သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# အောင်လံမြို့နယ် ကန်နှစ်ဆင့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**အောင်လံ ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်နှစ်ဆင့်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်၊ အောင်လံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ ကန်နှစ်ဆင့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း ကော်မတီဝင်များ အနေဖြင့် ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည် တည်တံ့ခိုင်မြဲအောင် ပြုပြင် ထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို (VDP) စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း၂၀၀တို့ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း အောင်လံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုလှိုင်**

# ပေါ်တူဂီနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုကြောင့် တောမီးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထား



**လစ္စဘွန်း ဩဂုတ် ၅**

ပေါ်တူဂီနိုင်ငံတွင် အပူလှိုင်း ဖြတ်သန်းကာ အပူချိန်မြင့်တက်လာမှုကြောင့် ပေါ်တူဂီ Minister of Internal Administration က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ဩဂုတ် ၄ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ပေါ်တူဂီနိုင်ငံတွင် အလန်တီဂျိုနယ်မြေ၊ တာဂတ်စ်ချိုင့်ဝှမ်းနှင့် ဒိုရိုကျေးလက်ဒေသတို့တွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်ပမာဏသည် ၄၁ ဒီဂရီစင်တီဂရိတ်မှ ၄၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး တောမီးလောင်ကျွမ်းမှုမှာ ကာလရှည်ကြာသွားနိုင်သကဲ့သို့ ပိုမိုဆိုးရွားလာနိုင်ကြောင်း Minister of Internal Administration က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"အပူလှိုင်းတွေ ဖြတ်သန်းနေပြီးတော့ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေပါတယ်။ အပူချိန်ပမာဏဟာ ၄၁ ဒီဂရီစင်တီဂရိတ်ကနေ ၄၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပါတယ်။ အလန်တီဂျိုနယ်မြေ၊ တာဂတ်စ်ချိုင့်ဝှမ်းနှင့် ဒိုရိုကျေးလက်ဒေသတွေမှာ တောမီးလောင်ကျွမ်းနေပြီး အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုဟာ အခြေအနေပိုဆိုးလာနိုင်ပါတယ်။ တောမီးလောင်ကျွမ်းမှုအန္တရာယ် သတိပေးချက်ကိုလဲ အဆင့်မြှင့်တင်ထားပါတယ်။ အပူလှိုင်းဖြတ်သန်းမှုဟာ ဩဂုတ် ၇ ရက်ထိ ကြာမြင့်သွားနိုင်ပြီး အပူချိန်မြင့်တက်မှုဟာလဲ ကာလရှည်ကြာသွားနိုင်တာကြောင့် တောမီးကိုထိန်းချုပ်နိုင်ဖို့ကလဲ ပိုပြီးခက်ခဲသွားနိုင်ပါတယ်"ဟု Minister of Internal Administration မှ ပြောရေးဆိုခွင့်ရှိသူ မာရီယာက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ပါကစ္စတန်နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု၊ ရေနစ်မှုနှင့် ယာဉ်မတော်တဆမှုများကြောင့် လူ ၃၀၀ ကျော် သေဆုံး

**အစ္စလာမ်မာဘတ် ဩဂုတ် ၅**

ပါကစ္စတန်နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှု၊ယာဉ်မတော်တဆမှုများနှင့် ရေနစ်မှုများကြောင့် သေဆုံးသူဦးရေ ၃၀၀ ကျော် ထိရှိလာကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ (NDMA) က ယနေ့တွင်ထုတ်ပြန်ခဲ့သည်။

ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် ဇွန် ၂၆ ရက်မှ ဩဂုတ် ၃ ရက်ထိ NDMA ၏ နောက်ဆုံးရ အစီရင်ခံစာအရ မိုးရွာသွန်းမှုနှင့် ဆက်နွှယ်သည့် ယာဉ်မတော်တဆမှုများနှင့် ရေနစ်မှုများကြောင့် အနည်းဆုံး လူ ၃၀၂ ဦး ထက်မနည်း အသက်ဆုံးရှုံးခဲ့ပြီး ၇၂၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ယနေ့ထိလည်း နိုင်ငံအနှံ့အပြားတွင် မိုးဆက်လက်ရွာသွန်းနေဆဲဖြစ်သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံအတွင်းရှိ ပြည်နယ်များစွာ ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ အဆိုပါပြည်နယ်များအနက် ပန်ဂျပ်ပြည်နယ်သည် အဆိုးရွားဆုံး ထိခိုက်မှုများဖြစ်ပေါ်ခဲ့ကာ လက်ရှိအချိန်ထိ လူ ၁၆၃ ဦး သေဆုံးကာ ၅၇၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



မိုးသည်းထန်စွာ ရွာသွန်းမှုသည် ဩဂုတ် ၁၀ ရက်ထိ ဆက်လက်ဖြစ်ပေါ်နိုင်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် မိုးဆက်လက် ရွာသွန်းမှုကြောင့် ထိခိုက်လွယ်သောဒေသများကို စောင့်ကြည့်ရန် ပြည်နယ်အစိုးရများကို အကြံပြုထားကာ နိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် နေထိုင်သူများ အနေဖြင့် ရေကြီးမှုအန္တရာယ်ကို သတိပြုနေထိုင်ကြရန်လိုကြောင်း နိုင်ငံပိုင် မိုးလေဝသဌာနက သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# နိုင်ဂျီးရီးယားနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းနေသည့်အတွက် ဆိုးရွားသောရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်ကြောင်း NiMet က သတိပေးထား

**အဘူဂျာ ဩဂုတ် ၅**

နိုင်ဂျီးရီးယားနိုင်ငံတစ်ဝန်း ဩဂုတ် ၄ ရက်မှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်နေပြီး မိုးရေချိန် မြင့်မားသည့်အတွက် ဆိုးရွားသော ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်ကြောင်း နိုင်ဂျီးရီးယား မိုးလေဝသညွှန်ကြားရေးအေဂျင်စီ NiMet က သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် ပြည်နယ်များမှာ အဒါမာဝါပြည်နယ်၊ တာရာဘာပြည်နယ်၊ ဆိုခိုတိုပြည်နယ်၊ ကက်ဘီပြည်နယ်၊ ဆမ်ဖာရာပြည်နယ်၊ ဂျီဂါဝါပြည်နယ်၊ ကာနိုပြည်နယ်နှင့် ကက်စီနာပြည်နယ်တို့ဖြစ်သည်ဟု NiMet က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ဩဂုတ် ၄ ရက် ညနေပိုင်းလောက်ကစပြီးတော့ မိုးသည်းထန်စွာရွာသွန်းခဲ့သလို မိုးသက်လေပြင်းပါ ကျရောက်ခဲ့ပါတယ်။ မိုးရေချိန် မြင့်မားတဲ့အတွက်ကြောင့် ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ် ရှိနေပါတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ်ရှိနေတဲ့ ပြည်နယ်ပေါင်း ရှစ်ခုလောက်ထိ ရှိနေပါတယ်။ တခြားပြည်နယ်တွေမှာတော့ မိုးရေချိန်က နည်းပါးပါတယ်။ နိုင်ငံတစ်ဝန်းနေရာအနှံ့မိုးသည်းထန်စွာရွာသွန်းနေတာဖြစ်ပြီးတော့ နိုင်ငံတစ်ဝန်း ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်တဲ့ အခြေအနေဖြစ်ပါတယ်"ဟု နိုင်ဂျီးရီးယား မိုးလေဝသညွှန်ကြားရေးအေဂျင်စီ NiMet မှ တာဝန်ရှိသူတစ်ဦးက သတိပေးပြောကြားခဲ့သည်။

နိုင်ဂျီးရီးယား အစိုးရအဖွဲ့ကလည်း နိုင်ငံတစ်ဝန်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်သောကြောင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် စီစဉ်နေကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ဒက်ဇ်တာအပူပိုင်းမုန်တိုင်းက အမေရိကန် ကမ်းခြေဒေသများကိုတိုက်ခတ်ပြီး ဘာမြူဒါဒေသများသို့ ဦးတည်လျက်ရှိနေ

**ဝါရှင်တန် ဩဂုတ် ၅**

ဒက်ဇ်တာဟုအမည်ပေးထားသောအပူပိုင်းမုန်တိုင်းသည် အမေရိကန် ကမ်းခြေဒေသများသို့ ဩဂုတ် ၃ ရက်တွင် တိုက်ခတ်ခဲ့ပြီးနောက် ဘာမြူဒေသသို့ ဦးတည်တိုက်ခတ်နေကြောင်း အမေရိကန်နေရှင်နယ် ဟာရီကိန်းစင်တာ (NHC) က ထုတ်ပြန်သွားခဲ့ကြောင်း ဩဂုတ် ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဒက်ဇ်တာမုန်တိုင်းသည် တစ်နာရီမိုင် ၃၀၀ နှုန်းဖြင့် ဘာမြူဒါဒေသသို့ ရွေ့ပြောင်းတိုက်ခတ်နေပြီးမုန်တိုင်းကြောင့် ဖြစ်ပေါ်နေသည့် လေတိုက်နှုန်းမှာ တစ်နာရီ ၄၅ မိုင်နှုန်းဖြစ်ကြောင်း၊ မုန်တိုင်းသည် အတ္တလန္တိတ် သမုဒ္ဒရာ အနောက်ဘက်ပိုင်းမှ အစပျိုးလာခဲ့ကြောင်း NHC က ထုတ်ပြန်ခဲ့သည်။

“ဒက်ဇ်တာလို့ အမည်ပေးထားတဲ့ အပူပိုင်းမုန်တိုင်းဟာ ဩဂုတ် ၃ ရက်မှာ အတ္တလန္တိတ် သမုဒ္ဒရာနဲ့ထိစပ်နေတဲ့ ကမ်းခြေဒေသတွေကို ဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းဟာ ဘာမြူဒါဒေသဘက်ကို တစ်နာရီကို မိုင် ၃၀၀ နှုန်းနဲ့ ဦးတည်ရွေ့လျားနေပါတယ်။ မုန်တိုင်းကြောင့် ဖြစ်ပေါ်လာတဲ့ လေတိုက်နှုန်းက တစ်နာရီကို ၄၅ မိုင်နှုန်း ဖြစ်ပါတယ်။ မုန်တိုင်း တိုက်ခတ်နှုန်းကတော့ အန္တရာယ်များတဲ့အဆင့် ဖြစ်ပါတယ်။ ဒါပေမဲ့ အမေရိကန် ကမ်းခြေဒေသတွေမှာတော့ မိုးရွာသွန်းတာနဲ့ မြစ်ရေပမာဏမြင့်တက်တာလောက်ပဲ ဖြစ်ပေါ်ခဲ့ပါတယ်။ ဘာမြူဒါဒေသမှာတော့ မုန်တိုင်း အားကောင်းနိုင်တဲ့အတွက် အန္တရာယ်ရှိနိုင်ပါတယ်" ဟု အမေရိကန်နေရှင်နယ် ဟာရီကိန်းစင်တာ (NHC)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဩစတြေးလျနိုင်ငံအရှေ့ပိုင်းတွင် ဆယ်စုနှစ်အတွင်း အထူထပ်ဆုံး ဆီးနှင်းဖုံးလွှမ်းမှုများ ဖြစ်ပေါ်

**ကင်ဘာရာ ဩဂုတ် ၅**

ဩစတြေးလျနိုင်ငံ အရှေ့ပိုင်းတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ဆယ်စုနှစ်များအတွင်း အထူထပ်ဆုံး ဆီးနှင်းဖုံးလွှမ်းမှုဖြစ်ပေါ်ခဲ့ကြောင်း ဩစတြေးလျ မိုးလေဝသဗျူရိုက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆီးနှင်းကျဆင်းမှုသည်ဩဂုတ် ၂ ရက်က စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နယူးဆောက်ဝေးလ်ပြည်နယ်မြောက်ပိုင်းဒေသများတွင် အဆိုးရွားဆုံးဖြစ်ခဲ့ကြောင်း၊ အဆိုပါဒေသတွင် ဆီးနှင်းထုထည်သည် ၁၆ လက်မထိ ရောက်ရှိနေကြောင်း သိရသည်။

ဆီးနှင်းများကျဆင်းမှုကြောင့် မော်တော်ကားများ မြင်ကွင်းမရှင်းသဖြင့် လမ်းမများပေါ်တွင် သောင်တင်နေပြီး အိမ်ခြေထောင်ပေါင်းများစွာလည်း လျှပ်စစ်မီးပြတ်တောက်ခဲ့သည်ဟု ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

"နိုင်ငံမှာ ဆီးနှင်းကျနေကျဖြစ်ပေမဲ့ ဒီတစ်ခါဆီးနှင်းကျဆင်းမှုကအဆိုးဆုံးလို့ဆိုရမှာပါ။ ဆီးနှင်းတွေအတော်လေးကျဆင်းခဲ့တာကြောင့် ယာဉ်မတော်တဆမှုများစွာဖြစ်ခဲ့ပါတယ်။ ဆီးနှင်းကျဆင်းမှုကြောင့် ကားအစီးရေ ၁၀၀ ကျော်လမ်းမပေါ်မှာ သောင်တင်ခဲ့ပါတယ်။ အိမ်ခြေထောင်ပေါင်းများစွာလဲ လျှပ်စစ်မီး ပြတ်တောက်ခဲ့ပါတယ်"ဟု ဩစတြေးလျ မိုးလေဝသဗျူရိုမှ မိုးလေဝသပညာရှင် မီရီရမ်ဘရတ်ဘာရီက ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံတွင် ဖြစ်ပေါ်နေသော ဆီးနှင်းကျဆင်းမှုကြောင့် လူပျောက်ဆုံးမှုများလည်း ရှိသဖြင့် ရှာဖွေမှုများကို လုပ်ဆောင်နေကြောင်း၊ လျှပ်စစ်မီး အမြန်ဆုံး ပြန်လည်ရရှိရေးလည်း ဆောင်ရွက်နေကြောင်း နယူးဆောက်ဝေးလ်ပြည်နယ် အာဏာပိုင်များက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ကြိုးသီချင်း

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

စောင်းတူရိယာ အတီးပညာသင်ကြားရာမှ ကြိုးသီချင်းစတင်ပေါ်ပေါက်လာသည်ဟု မှတ်သားရသည်။ စောင်းအတီးပညာ စတင်သင်ကြားရာ၌ စောင်းတွင် တပ်ဆင်ဖွဲ့ညှိထားသည့် ထံကြိုး၊ တျာကြိုး၊ တေကြိုး၊ တျော့ကြိုးဟုခေါ်ဆိုအပ်သော ကြိုးများ၏ နေရာအနေအထား၊ အသံအနေအထားနှင့် အဆိုပါ ကြိုးများဖြင့် တွဲဖက်တီးလေ့ရှိသော ကြိုးတွဲကြိုးဖက်များကို ရှေးဦးစွာလေ့လာသင်ကြားရန်လိုအပ်သည်။ စောင်းကြိုးများ၏ အသံအနေထား အတွဲအဖက်များကို လေ့လာသင်ကြားနိုင်စေရန် ရည်ရွယ်၍ ရေးသားစပ်ဆိုထားသော သီချင်းအမျိုးအစားကို ကြိုးသီချင်းဟု ခေါ်သည်။

မြန်မာလူမျိုးတို့ သီဆိုတီးမှုတ်ကြသော ရှေးအကျဆုံးသီချင်းကြီးများအနက် ကြိုးသီချင်းသည် ရှေးအကျဆုံး သီချင်းအမျိုးအစားဖြစ်သည်။ ကြိုးသီချင်းများ မည်သည့်ခေတ်အခါက စတင်ပေါ်ပေါက်ခဲ့သည်ကို အတိအကျမသိရသော်လည်း ပုဂံခေတ်က ထွန်းကားပေါ်ပေါက်ခဲ့သော စောင်းတူရိယာများနှင့် အတူ တစ်ပြိုင်တည်းပေါ်ပေါက်ထွန်းကားသည်ဟု မှတ်ယူနိုင်သည်။ မြန်မာသက္ကရာဇ် ၉၀၄ ခုနှစ် ရှင်အဂ္ဂသမာဓိ ရေးသားသော နေမိဘုံခန်းပျို့တွင် ဖလိကဝိမာနဘုံခန်းကိုဖွဲ့ဆိုရာ၌ "မှုတ်တီးငြင်းစောင်း၊ ရွှေနှင်းနှောင်းနှင့်၊ မိကျောင်းပြိုင်ဆော်၊ ပြည်တော်ပုလဲ၊ အောက်ပြန်လွှဲလျက်၊ ခွာရှဲစံပေါက်၊ အောက်ကလပ်တီး၊ ကင်းပတ်ဆီးလည်း၊ သီးသီးမနိုင်၊ သာကွင်းကိုင်လျက်၊ ကောက်ပြိုင်အဲအန်"ဟု စပ်ဆိုခဲ့သည်ကိုထောက်၍ ကလပ်ကြီးကြိုး၊ ကင်းပတ်ကြီးကြိုးသီချင်းအမျိုးအစားများ ထိုခေတ်အခါက ထွန်းကားပေါ်ပေါက်နေပြီဖြစ်ကြောင်း သိသာထင်ရှားလေသည်။

ထို့ပြင် တောင်ဖီလာဆရာတော်၏ ဩဝါဒစာတမ်းအရ သာလွန်မင်းတရားကြီးလက်ထက်တော်အခါက ရှေးသီချင်းရိုး ၃၇ မျိုးဖော်ပြရာ၌ ကြိုးသီချင်း ၃၇ မျိုးဖော်ပြထားသည်ကို ထောက်၍ ကြိုးသီချင်းများ မည်မျှလောက်ရှေးကျသည်ကို ခန့်မှန်းနိုင်သည်။ အချို့ရှေးကျသည့် ကြိုးသီချင်းများတွင် တကောင်းဖောင်ငင်ကြိုး၊ တကောင်းဖောင်ဆိုက်ကြိုး၊ တကောင်းဖောင်လားကြိုးဟူ၍လည်းကောင်း၊ နရပတိစည်သူမင်းတရားကြီးလက်ထက်တိုင်းခန်းလှည့်လည်တော်မူရာ မဟာသမုဒ္ဒရာသို့ရောက်သောအခါ ဖြစ်ပျက်သောအခြင်းအရာများနှင့်စပ်လျဉ်း၍ ဖွဲ့ဆိုသီကုံးထားသော ကင်းပတ်ကြီးကြိုး၊ ကင်းပတ်ငယ်ကြိုး၊ နရပတိစည်သူအမေးချင်းကြိုး၊ ဇမ္ဗူသပြေသီးကြွေသံကြိုးဟူ၍လည်းကောင်း စပ်ဆိုသီကုံးခဲ့သော သီချင်းအမျိုးအစားများတွေ့သည်ကိုထောက်၍ ကြိုးသီချင်းများ မည်မျှရှေးကျကြောင်းသိနိုင်သည်။ အေဒီလေးရာစုခန့်ကပင် မြန်မာ့ဂီတဖြစ်ပေါ်နေခဲ့ပြီဟု ခန့်မှန်းကြသည်။ အကြောင်းမှာ ခရစ်နှစ် ၈၀၂ ခုနှစ်ခန့်ကရေးခဲ့သော တရုတ်လူမျိုးတို့၏ မှတ်တမ်းစာစောင်အရ သရေခေတ္တရာမှ ပျူယဉ်ကျေးမှုအဖွဲ့တစ်ဖွဲ့သည် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ကြသည်တွင် သီချင်း ၁၂ မျိုးကို သီဆိုတီးမှုတ်ကပြခဲ့ကြောင်း ဖော်ပြရာ ထိုသီချင်းတို့သည် ကြိုး၊ ဘွဲ့တို့ဖြစ်မည်ဟုခန့်မှန်းရသည်။ ပျူတူရိယာ၂၂ မျိုးတွင်လည်း ကြိုးတပ်တူရိယာများ ပါရှိကြောင်း ဖော်ပြပြန်ရာ ကြိုးသီချင်းသည် ထိုကာလဝယ် သီဆိုတီးမှုတ်ကခုန်နေပြီဟု ဆိုရမည်သာဖြစ်သည်။

ကုန်းဘောင်ခေတ်အစလောက်မှ မြဝတီမင်းကြီးလက်ထက်ထိ ကြိုးသီချင်းများ၏ စပ်ဆိုသီကုံးမှုများသည် ရှေးခေတ်နှင့်မတူဘဲ တစ်မျိုးတစ်ဖုံဆန်းသစ်တိုးတက်လာခဲ့သည်။ ကုန်းဘောင်ခေတ်ထက်စောသောခေတ်များတွင် ကြိုးသီချင်းများကို စပ်ဆိုသီကုံးရာ၌ ၎င်းသီချင်းများ၏ အလိုက်တေးသွားများကို "ထံဒျန့်တျောတေလေဒူလေတျာ" အစရှိသော အမှတ်သင်္ကေတတစ်မျိုးဖြင့် လေ့လာမှတ်သားသီဆိုကြသော အစဉ်အလာတစ်ရပ် ပေါ်ပေါက်ထွန်းကားခဲ့သည်။ ဥပမာ- ငုံးမင်းကြိုးသီချင်းနောက်ဆုံးပိုဒ်ရှိ "မိုးသေးကျကာမြူးဘွယ်သာ၊ ပျော်စရာလေကြူး၊ ဖော်မကွာလေမြူး၊ လေချိုဖြူးပါလို့၊ ဝမ်းနူးဘွယ်လေတည့်၊ ဝမ်းနူးဘွယ်" ဟူသော အပိုဒ်ကို "ဒူတျောထပ်တျာ၊ တေးထံတျာ၊ ထပ်တျာတျော့တျော၊ တေဒူလေထံဒျန့်ဒျန့်၊ တေဒူလေထံဒျန့်ဒျန့်၊ တျောထပ်တျာလေတည့်၊ တျောထပ်တျာ" ဟူ၍ လေ့လာမှတ်သားတီးမှုတ်သီဆိုကြသည်။ ထိုကဲ့သို့ မှတ်သားသီဆိုကြသော အစဉ်အလာတစ်ရပ်ကြောင့် ကုန်းဘောင်ခေတ်မတိုင်မီ စပ်ဆိုသော အချို့ကြိုးသီချင်းကြီးများ၏ အပိုဒ်များတွင် မူလရေးသားစပ်ဆိုခဲ့သော သီချင်းစာသားများအစား ထံတျာဒျန့်တျောအစရှိသော အလိုက်တေးသွားသင်္ကေတများ သာရောပြွမ်း၍ ကျန်ရစ်ခဲ့သည်။

အလွန်ရှေးကျသော ကြိုးသီချင်းများကို စပ်ဆိုသီကုံးဖွဲ့နွဲ့ကြရာ၌ အထူးသဖြင့် အရာဝတ္ထုများ၏ သဘာဝဖြစ်ပေါ်လာသော အသံနှင့်တိရစ္ဆာန်များ၏ သဘာဝအပြုအမူအသံနှစ်မျိုးကို အကြောင်းပြု၍ ဖွဲ့နွဲ့စပ်ဆိုကြသည်ကို တွေ့ရှိရသည်။ အရာဝတ္ထုများ သဘာဝဖြစ်ပေါ်မှုအသံကြိုးသီချင်း ၁၀ ပုဒ်မျှကို လည်းကောင်း၊ တိရစ္ဆာန်တို့၏ သဘာဝပြုမူသံများနှင့်ပတ်သက်၍ ကြိုးသီချင်း ၁၈ ပုဒ်ကိုလည်းကောင်း လေ့လာတွေ့ရှိနိုင်သည်။

အချို့ကြိုးသီချင်း အမျိုးအစားများမှာ သိကြားမင်း၊ ရွှေပလ္လင်၊ ဆရာများအကြောင်းနှင့် စပ်လျဉ်း၍ စပ်ဆိုသီကုံးခဲ့သော သီချင်းအမျိုးအစားများဖြစ်သည်။ သိကြားမင်းအကြောင်းနှင့် စပ်လျဉ်း၍စပ်ဆိုကြသော သီချင်းအမျိုးအစားများမှာ "သိကြားမင်းအမေးချင်းကြိုး၊ သိကြားမင်းတုယင်သံကြိုး၊ သိကြားမင်းလက်လွှတ်ချင်းကြိုး၊ သိကြားမင်းခရုသင်းကြိုး၊ သိကြားမင်းအုပ်ဆောင်းသံကြိုး၊ သိကြားမင်းတမ်းချင်းကြိုး၊ သိကြားမင်းလေးညှို့ချင်းကြိုး၊ သိကြားရေကန်တည်သံကြိုး၊ သိကြားခလုတ်သံကြိုး၊ သိကြားမင်းရေကန်တင်သံကြိုး" များဖြစ်သည်။ ရွှေပလ္လင်အကြောင်းနှင့်စပ်လျဉ်း၍ စပ်ဆိုခဲ့သော သီချင်းအမျိုးအစားလေးမျိုးမှာ "ရွှေပလ္လင်တည်သံကြိုး၊ ရွှေပလ္လင်အောင်သံကြိုး၊ ရွှေပလ္လင်တက်သံကြိုး၊ ရွှေပလ္လင်သက်သံကြိုး" သီချင်းများဖြစ်ကြသည်။ ဆရာများအကြောင်းနှင့်စပ်လျဉ်း၍ စပ်ဆိုခဲ့ကြသော သီချင်းအမျိုးအစားလေးမျိုးမှာ "ဆရာတောင်းသံကြိုး၊ ဆရာပန်သံကြိုး၊ ဆရာညွှန်းသံကြိုး၊ ဆရာသွားသံကြိုး" များပင်ဖြစ်သည်။

ကြိုးသီချင်းများကို နှစ်ပုဒ်တစ်စုံမှ ငါးပုဒ်တစ်စုံထိ အတွဲလိုက်စပ်ဆိုသီကုံးကြသော အလေ့အထများ ပေါ်ပေါက်ခဲ့သည်ကို တွေ့ရသည်။ နှစ်ပုဒ်တစ်စုံစပ်ဆိုခဲ့သော ကြိုးသီချင်းများမှာ ကလပ်ကြီးကြိုး၊ ကလပ်ငယ်ကြိုး၊ ကြာချပ်ကြီးကြိုး၊ ကြာချပ်ငယ်ကြိုး၊ ကင်းပတ်ကြီးကြိုး၊ ကင်းပတ်ငယ်ကြိုး၊ အချီကြီးကြိုး၊ အချီငယ်ကြိုး၊ ကျားမကြီးရေသောက်ချင်းကြိုး၊ ကျားမငယ်ရေသောက်ချင်းကြိုး၊ ငါးကြင်းရေစုန်ကြိုး၊ ငါးကြင်းရေဆန်ကြိုး၊ ဝတ်ရုံတော်ကြိုး၊ ဝတ်တော်သိမ်းကြိုး အစရှိသည်တို့ဖြစ်သည်။

**❖ ကြိုးသီချင်းများကို နှစ်ပုဒ်တစ်စုံမှ ငါးပုဒ်တစ်စုံထိ အတွဲလိုက်စပ်ဆိုသီကုံးကြသော အလေ့အထများ ပေါ်ပေါက်ခဲ့သည်ကို တွေ့ရသည်။ နှစ်ပုဒ်တစ်စုံစပ်ဆိုခဲ့သော ကြိုးသီချင်းများမှာ ကလပ်ကြီးကြိုး၊ ကလပ်ငယ်ကြိုး၊ ကြာချပ်ကြီးကြိုး၊ ကြာချပ်ငယ်ကြိုး၊ ကင်းပတ်ကြီးကြိုး၊ ကင်းပတ်ငယ်ကြိုး၊ အချီကြီးကြိုး၊ အချီငယ်ကြိုး၊ ကျားမကြီးရေသောက်ချင်းကြိုး၊ ကျားမငယ်ရေသောက်ချင်းကြိုး၊ ငါးကြင်းရေစုန်ကြိုး၊ ငါးကြင်းရေဆန်ကြိုး၊ ဝတ်ရုံတော်ကြိုး၊ ဝတ်တော်သိမ်းကြိုး အစရှိသည်တို့ဖြစ်သည်။ ❖**

အချို့ကြိုးသီချင်း အမျိုးအစားများသည် စပ်ဆိုသီကုံးခဲ့သည့် အရပ်ဒေသအမည်များ ရှေ့မှတပ်၍ "မြင်းစိုင်းဆရာပန်ကြိုး၊ မြင်းစိုင်းကြေးခရာသံကြိုး၊ တောင်ငူဆရာပန်ကြိုး၊ တောင်ငူဆရာတောင်းကြိုး၊ တကောင်းဖောင်ငင်ကြိုး၊ တကောင်းဖောင်ဆိုက်ကြိုး" ဟူ၍ ခေါ်ဝေါ်သုံးနှုန်းကြသည်။

ကြိုးသီချင်း၏ အင်္ဂါရပ်များမှာ အခြားဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား၊ မွန်သီချင်းများ၏ သီချင်းအပိုဒ်များလောက် ရှည်လျားခြင်းမရှိဘဲ အပိုဒ်များကို တိုတိုတုတ်တုတ်စပ်ဆိုသီကုံးခြင်း၊ သီချင်းအစမှအဆုံးထိ တစ်ချက်စည်းဖြင့်သီဆိုတီးမှုတ်ရခြင်း၊ သီချင်းအစတွင် ဘွဲ့သီချင်းခံပတ်ပျိုး အစရှိသည့်သီချင်းများ စတင်သကဲ့သို့ အတွဲစည်းဖြင့်မစဘဲ နရီစည်းဖြင့် စတင်ခြင်း၊ သီချင်းအချပိုဒ်တွင် တံတျာတေရှင် အစချီပုစဉ်းတောင်သံကြိုး အဆုံးပိုဒ်ရှိတျောတေထံတျာတေဒျန့်၊ တျောတေတျာအပိုဒ်၏ အလိုက်တေးသွားသဘောနှင့်ကိုက်ညီခြင်း၊ သီချင်းပိုဒ်တစ်ပိုဒ်အဆုံးတွင် တောသည့်အတောမှာအများအားဖြင့် နှစ်စည်းနှစ်ဝါးရှိခြင်းများပင်ဖြစ်သည်။

ထိုင်ဆိုသီချင်းများ သီဆိုတီးမှုတ်ကြရာ၌ ကြိုးသီချင်းများကို တစ်ပုဒ်ချင်းအနေဖြင့် သီးခြားတီးမှုတ်သည့်အလေ့အထ အလွန်နည်းပါးလျက် ဘွဲ့သီချင်းအဆုံးမှလည်းကောင်း၊ သီချင်းခံအဆုံးမှလည်းကောင်း ကြိုးသီချင်းများကို ဆက်စပ်သီဆိုတီးမှုတ်လေ့ရှိကြသည်။ ကြိုးသီချင်းများကို စောင်းတူရိယာဖြင့် သီဆိုတီးမှုတ်မည်ဆိုလျှင် ညှင်းလုံးသံစဉ်၌သာလျှင် သီဆိုတီးမှုတ်ရသည်။ ဆိုင်းဖြင့် သီဆိုတီးမှုတ်မည်ဆိုလျှင် သံရိုးသံစဉ်၌ သီဆိုတီးမှုတ်ရသည်။ စောင်း၊ ဆိုင်းအတီးပညာများကို လေ့လာလိုက်စားလျှင် သင်ရိုးသီချင်းဟုခေါ်သော "ထံတျာတေရှင်အစချီ ပုစဉ်းတောင်သံကြိုး၊ သီဒါသီဒါအစချီ ကလပ်ကြီးကြိုး၊ သာယာသာယာအစချီ ကလပ်ငယ်ကြိုး၊ ဝေဘာဂီရိအစချီ ညွန့်တက်သံသာကြိုး၊ ထွေတလာအစချီ ဗောဓိရွက်သံကြိုး၊ ဘုံဆောင်မြင့်အစချီ ဖောင်လားကြိုး၊ ဇေယျာမြို့အစချီ ဖောင်ငင်ကြိုး၊ စိမ်းလဲ့လဲ့ညိုပြာအစချီ ဖောင်ဆိုက်ကြိုး၊ သာနိုးပျော်ဘွယ်ကြိုး ငါးပုဒ်အပါအဝင်ဖြစ်သော " စံရာတောင်ကျွန်း၊ ရွှေပြည်ကြီးရော၊ မြို့နန်းငယ်လေ၊ ကိုးပါးပေါင်းစု၊ ရွှေဘုန်းရွှေဘုန်းအစချီ ကြိုးသီချင်း ၁၃ ပုဒ်" ကို အစဉ်အတိုင်းရှေးဦးစွာ သင်ကြားလေ့လာကြရသည်။ ကြိုးသီချင်းများမှာ အသံနေအသံထား အတွဲအဖက်များကို လွယ်ကူစွာ လေ့လာသင်ကြားနိုင်စေရန် ရည်ရွယ်၍ ရေးသားစပ်ဆိုထားခြင်းဖြစ်သည်။ ဒေါ်စောမြအေးကြည်၏ ဂီတနှင့်အကစာအုပ်တွင် ဒေဝဏ္ဏဆရာကြီးက မဟာဂီတစာအုပ်ကိုင်၍ "မှတ်ထား၊ ဒီစာအုပ်ထဲမှာပါတဲ့ သီချင်းတွေဟာ၊ ထံတျာတေထဲက အသံတွေကိုယူပြီး သူ့ဉာဏ်စွမ်း၊ ကိုယ့်ဉာဏ်စွမ်းတွေနဲ့ချဲ့ပြီး ဖွဲ့ပြီးရေးထားတဲ့သီချင်း တွေချည်းပဲ" ဟု အမိန့်ရှိကြောင်း ဖော်ပြထားသည်။

ကြိုးသီချင်းကို တီးခြင်း၊ ဆိုခြင်းပြုရာ၌ မှားတတ်သော အမှားများကို သတိပြုရသည်။ ကြိုးတို့မည်သည်မှာ မည်သည့်ကြိုးမဆို အချိုးတစ်ပိုဒ်လျှင် ကျသံကိုယူ၍ အတောများတောပေးရသည်။ ထံ၊ တျာ၊ သီဒါ၊ သာယာတို့မှာ စတင်သင်ခန်းစာများဖြစ်၍ အပြည့်တောကြီးမဟုတ်ဘဲ၊ စောင်းဖြင့်လေးပင်ပစ်၍ (ပတ္တလားများ၌ အပျစ်တောငါးလုံးပစ်၍) တောရသည်။ရှေးကမူအတိုင်း ထံ၊ တျာ၊ တေသည် ဝါးကစ၍ ဝါးတွင်အဆုံးသတ်သည် (အစအဆုံး ၇၅ ဝါးနှင့် ၇၄ စည်းရှိသည်)။ အချို့သည် "ဒလုဒလုထုံးဒျန့်ဒျန့် တောပင်တောလုံးနှံ့ပါလို့လေး" ဟုအပျစ်တောမပါဘဲ အသုံးပြုကြသည်ကို တွေ့ဖူးသည်ဟု ဒေါ်စောမြအေးကြည်ကသူ၏ ဂီတနှင့်အက စာအုပ်တွင် သတိပေးရေးသားထားသည်။ သီချင်းဆိုရာတွင် တချို့ကအမှုမဲ့ပေါ့ဆစွာ သီဆိုလေ့ရှိသည်။ ထံတျာတေကြိုးသီချင်းတွင် "သည်မိုးသည်မိုးဒေဝါ၊ မိုးတည့်မိုးဒေဝါ" ကိုသီဆိုရာ၌ "မိုးဒေဝါ" မဟုတ်ဘဲ "မိုဒေဝါ" ဖြစ်တတ်ခြင်းမျိုးရှိသည်။ တစ်ဖန်ဝေဘာဂီရိကြိုးတွင် "ခြေသည်းလက်သည်းနီတျာ၊ နင်းတည့်နင်းခြေရာ" အပိုဒ်၌ "နင်းခြေရာ" မဟုတ်ဘဲ "နင်ခြေရာ" ဟုဖြစ်လေ့ဖြစ်ထရှိသည်။ ၎င်းသီချင်းမှာပင် "ဝေးဝေးထွက်ပြေးသွား" ကို "ဝေဝေထွက်ပြေးသွား" ဟုလည်းကောင်း၊ "ကျုံးကိုမုန်းလို့လား"ကို "ကျုံးကိုမုန်လိုလား"ဟု လည်းကောင်း အမှုမဲ့အမှတ်မဲ့ ဆိုကြသည်။

ထွေတလာကြိုးတွင်လည်း " မှိုင်းမှိုင်းဝေဝေ" ကို "မှိုင်းမှိုင်းဝေးဝေး" ဟုလည်းကောင်း၊ စံရာတောင်ကျွန်းကြိုးတွင် "သောင်းမြေပြင်" ကို "သောင်မြေပြင်" ဟုလည်းကောင်း၊ "ခွဲခွဲခြားခြားလားလား မုန်းထားကြိုး" တွင် " ခွဲခွဲခြာခြာလာလာ" ဟူ၍ လည်းကောင်း မှားတတ်ကြသည်ကို အထူးသတိပြုသင့်သည်။

အလွန်ရှေးကျသော ကြိုးသီချင်းမြောက်မြားစွာတို့ကိုရေးသားခဲ့သော စာဆိုတော်ကြီးများ၏ အမည်များရှာဖွေမတွေ့ရသော်လည်း ကုန်းဘောင်ခေတ်မစမီအချိန်လောက်မှစ၍ ကြိုးသီချင်းများ ရေးသားစီကုံးရာ၌ ကျော်စောခဲ့သည့် စာဆိုတော်ကြီးများမှာ ဝန်ကြီးပဒေသရာဇာ၊ မြဝတီမင်းကြီး ဦးမြတ်လှ၊ မင်းလက်ဝဲနော်ရထာ ဦးလွန်းပြေတို့ပင်ဖြစ်သည်။ "မဟာဂီတသီချင်းများ"ဟု ယနေ့သုံးစွဲနေသော စကားအရ ကြိုးသီချင်းများသည် မဟာဂီတလာ တန်ဖိုးမဖြတ်နိုင်သော သီချင်းများဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

**၁။ ရွှေနန်းသုံးမဟာဂီတ(ဦးအုန်းခင်နှင့်အဖွဲ့)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီးဖြစ်ပါသည်။

## ၅-၈-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၂၉၀။ | ကွယ်လွန်သူဦးမောင်ကြိုင်နှင့် ဒေါ်သိန်းတင်တို့အား ရည်စူး၍ သမီးဒေါ်ပြုံးပြုံးအိမိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၁၀၂၉၁။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဒေါက်တာရဲထွန်းဝင်းနှင့်ဇနီး ဒေါက်တာလှလှမွန်၊ (သမီး)မဖြူစင်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၁၀၂၉၂။ | ဦးခင်မောင်ဝင်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၂၉၃။ | ဦးသန်းထွန်းနှင့်ဇနီး ဒေါ်တင်ဥမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၂၉၄။ | ဦးအေးစိန်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၂၉၅။ | ဦးတင်ရွှေနှင့်ဇနီး ဒေါ်မြင့်ကြည်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၂၉၆။ | ဦးနေဝန်းနှင့်ဇနီး ဒေါ်ဆွေသင်းလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၉၇။ | ဒေါက်တာဇော်ငွေးနှင့်ဇနီး ဒေါ်ခင်ထားမေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၉၈။ | ကိုကိုကြီးနှင့်ဇနီး မပြည့်ဖြိုးခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၉၉။ | ဦးမျိုးအောင်နှင့်ဇနီး ဒေါ်မြတ်သီတာဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၀။ | ဦးသံချောင်းနှင့်ဇနီး ဒေါ်မြင့်မြင့်ရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၁။ | ဒေါ်အေးအေးမြင့်နှင့် သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၂။ | မိဘနှစ်ပါးအားအမှူးထား၍ ကိုသန့်ဇင်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၃။ | ဦးမျိုးခင်နှင့်ဇနီးဒေါ်သန်းသန်းငွေ၊ (သား)မောင်ချစ်မျိုးဆက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၄။ | နှစ်ဖက်သောမိဘများအားဦးထိပ်ထား၍ ဦးရဲဝင်းနိုင်နှင့်ဇနီး ဒေါ်သင်းသင်းမြတ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၅။ | ဦးစိုးသက်ထွန်းနှင့်ဇနီး ဒေါ်မိုးမိုးမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၆။ | ဦးဝင်းကိုဦးနှင့်ဇနီး ဒေါ်ဝင်းဝင်းငွေ၊ (သမီး)မမြတ်သွန်းဝတီကိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၇။ | ဦးကြည်မောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၈။ | ဦးဇော်ဇော်အောင်နှင့်ဇနီး ဒေါ်ထက်ထက်၊ (သား)မောင်ကောင်းဇော်ဟိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၉။ | ဦးပိုင်ဖြိုးဦးနှင့်ဇနီး ဒေါ်နန်းစိန်ဥမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၀။ | ကိုဝေလျှမ်းမောင်နှင့်ဇနီး မသူဇာနွယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၁။ | ဦးတင်ထွဋ်နှင့်ဇနီး ဒေါ်အောင်ကြည်စန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၂။ | ဦးဝေဇင်ထွန်းနှင့်ဇနီး ဒေါ်မီမီစိုး၊ (သမီး)မပိုင်မီမီဝေ၊ မတင့်နဒီထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၃။ | ဦးလှမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၄။ | ကိုမောင်ဦးနှင့်ဇနီး မမီးငယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၅။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ဖြူဖြူခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၆။ | ဒေါ်အိအိဖြိုးဆွေမွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၇။ | ဦးညီလှငယ်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၈။ | ကိုထက်ခိုင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၉။ | ကွယ်လွန်သူဦးတင်ထွန်းအားရည်စူး၍ ဒေါ်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၂၀။ | ကွယ်လွန်သူဦးမြင့်လွင်အားရည်စူးပြီး မိခင်ဒေါ်ကြည်ကြည်ဦးအားအမှူးထား၍ ဦးအောင်သူဟိန်းနှင့်ဇနီး ဒေါ်သက်သက်ခိုင်၊ (သမီး)မခင်စန္ဒာထွန်း၊ (မြေး)မသင်းသီရိအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၂၁။ | ဦးပြည့်ဖြိုးပိုင်နှင့်ဇနီး ဒေါ်မူမူဝင်းမိသားစုကောင်းမှု | ၇၅၀၀၀ |
| ၁၀၃၂၂။ | ဦးဝင်းမြင့်ဦးနှင့်ဇနီး ဒေါ်တင်တင်ဝင်းမိသားစုကောင်းမှု | ၇၀၀၀၀ |
| ၁၀၃၂၃။ | ဦးသန်းထွန်းနှင့်ဇနီး ဒေါ်မြင့်ဝေ မိသားစုကောင်းမှု | ၆၅၀၀၀ |
| ၁၀၃၂၄။ | ဦးဝင်းမောင်နှင့်ဇနီး ဒေါ်နန်းလိတ်လိတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၂၅။ | ဒေါ်ဇာကြည်ကျော်ကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၂၆။ | ဦးကောင်းဇေယျနှင့်ဇနီး ဒေါက်တာကေခိုင်စုသွယ်၊ (သမီး)မမေမြင့်မိုရ်ကောင်း၊ (သား)မောင်နေဘုန်းဇေယျ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၂၇။ | ဦးကျော်ရဲထွန်းနှင့်ဇနီး ဒေါ်သက်သက်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၂၈။ | ဦးမြင့်စိုးနှင့်ဇနီး ဒေါ်ခင်ကြူ၊ (သား)မောင်စိုးလှိုင်မြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၂၉။ | ဦးတင်အောင်နှင့်ဇနီး ဒေါ်ကြူလှ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၀။ | ကိုသိန်းထွန်းနှင့်ဇနီး မဇာဇာစန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၁။ | ဦးစန်းယုဝင်းနှင့်ဇနီး ဒေါ်ဆုရည်လှဲ့ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၂။ | ဦးစန်းအောင်နှင့်ဇနီး ဒေါ်စီငွေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၃။ | ဒေါ်လှလှ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၄။ | ဦးအောင်မြင့်လွင်နှင့်ဇနီး ဒေါ်ဇင်မောင်ဖေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၅။ | ဦးကြင်မောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၆။ | ဒေါ်မြလေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၇။ | ဦးစိုးမြင့်နှင့်ဇနီး ဒေါ်ခင်စောချူးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၈။ | ကိုစိုးမြင့်လေးနှင့်ဇနီး မရည်ရည်လီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၉။ | ဒုတိယအရာခံဗိုလ်ညွန့်ဝေနှင့်ဇနီးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၀။ | ကိုအောင်သူနှင့်ဇနီး မယွန်းရွှေရည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၁။ | ဦးထွန်းအောင်ကျော်နှင့်ဇနီး ဒေါ်သက်သက်ထွန်း၊ (သား)မောင်ရဲရင့်ဘုန်းမြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၂။ | ဦးမင်းဇော်နှင့်ဇနီး ဒေါ်ရင်ရင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၃။ | ဦးအေးငွေနှင့်ဇနီး ဒေါ်မီမီ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၄။ | ကိုမျိုးသီဟဇော်နှင့်ဇနီး ဒေါ်မေမြတ်နိုးလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၅။ | ကိုလင်းဇော်လင်းနှင့်ဇနီး မအိမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၆။ | ကိုကောင်းထက်စံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၇။ | ဦးမင်းထွဋ်နှင့်ဇနီး ဒေါ်စန္ဒာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၈။ | ဦးဝင်းဆွေနှင့်ဇနီး ဒေါ်နန်းနှင်းဆီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၉။ | ဦးမောင်စိန်နှင့်ဇနီး ဒေါ်လွဲ့လွဲ့စိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၅၀။ | ဦးရဲဝင်းထွန်းနှင့်ဇနီး ဒေါ်ထားထားကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၅၁။ | ဦးစောနိုင်နှင့်ဇနီး ဒေါ်သန်းသန်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၅၂။ | ဒေါ်တင်ကြွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၅၃။ | ကွယ်လွန်သူဦးကျော်ပိုင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၅၄။ | ကွယ်လွန်သူဒေါ်ခင်မြင့်အား ရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးကြည်မင်းဟန်** ၀၉-၆၇၀၇၅၈၈၄၇

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၈၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**








## ဖခင်အမည်မှန်

ချမ်းမြသာစည်မြို့နယ်၊ အထက(၃၄)ကျောင်း၊ Grade–7 မှ မောင်သူရိန်လင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးထွန်းအောင်ကျော် ဖြစ်ပါကြောင်း။

ဦးထွန်းအောင်ကျော်(၉/နထက(နိုင်)၁၂၀၇၃၆)

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ ၃၈ လမ်း၊ ၇၉ x ၈၀လမ်းကြား၊ အမှတ်(၂၈)နေ ဒေါ်ဝေဝေ(၉/မရမ(နိုင်)၀၀၅၈၉၈)၏ ဖခင်အမည်မှာ ဦးရှောင်ရှိရှိုး (ခ) ဦးရှောင်ရှီရှို (ခ) ဦးရှောင်ရှိရှိသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးရှောင်ရှိရှိုး(ခ) ဦးရှောင်ရှီရှို(ခ) ဦးရှောင်ရှိရှိ (၉/မရတ(နိုင်)၁၃၀၉၆၁)

## ဖခင်အမည်မှန်

အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး (ဘက) မှ Grade–10 တွင် ပညာသင်ကြားနေသော မပန်းသဇင်နှင့် မတ္တရာမြို့နယ် လှိုင်ကျွန်း၊ အထက(ခွဲ) Grade–6 မှ မောင်ရှိန်းထက်ဇော်တို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးကျော်မိုးဖြစ်ပါကြောင်း။

ဦးကျော်မိုး(၉/မတရ(နိုင်)၁၁၂၂၃၇)

## မွေးသက္ကရာဇ်မှန်ကန်ကြောင်း

အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ အထက–တောင်ပြုံးတွင် အထက်တန်းပြတာဝန်ထမ်းဆောင်နေသော ဒေါ်တိုးတိုးခိုင်(၉/မတရ(နိုင်)၁၁၄၂၀၈)၏ မွေးသက္ကရာဇ်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ (၇–၃–၁၉၇၅)ဖြစ်ပါကြောင်း။

ဒေါ်တိုးတိုးခိုင်(၇–၃–၁၉၇၅)






## အမည်ပြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မြတ်ရတနာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–4 တွင် ပညာသင်ကြားနေသော (ဘ) ဦးရဲမင်းလတ်၏သား မောင်သွန်းထက်အောင်အား မောင်ဟိန်းထက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းထက်အောင်**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော မဝေဇာလင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးစောထွန်းဖြစ်ပါကြောင်း။

ဦးစောထွန်း(၅/ရဥန(နိုင်)၀၆၈၁၀၅)

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တတ–၁၇၊ (စ)ရပ်ကွက်နေ မခင်ရူပါကျော် (ဘ) ဦးမင်းကျော်ထွန်း(၉/ပကခ(နိုင်)၀၈၉၂၈၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA–576892)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–269129594**

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အောင်ကျော်ဖြိုး (ဘ) ဦးဘထိ(၉/မခန(နိုင်)၁၆၂၀၅၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–43014976**


သစ်တောနဲ့
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရှေ့တိုက်
ကိုစိုး






❖ MSME လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်ခြင်းရည်ရွယ်ချက်မှာ အဓိကပြည်တွင်းစီးပွားရေး တစ်နည်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြုလုပ်သော မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲများနှင့် ကွာတားဖိုင်နယ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ



နေပြည်တော် ဩဂုတ် ၅

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးသည်။

ယနေ့ အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များတွင် မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက

စာမျက်နှာ ၂၀ ကော်လံ ၄ ☆

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ဆက်လက်တည်ရှိနိုင်ပြီး သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

နေပြည်တော် ဩဂုတ် ၅

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ် ယှဉ်ပြိုင်မှုများ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၅

၁၃ ကြိမ်မြောက် အာဆီယံအမျိုးသမီးတံခွန်စိုက်ဘောလုံးပြိုင်ပွဲများကို ဩဂုတ် ၆ ရက်မှ ၁၉ ရက်ထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည်ဖြစ်ရာ အဆိုပါပွဲစဉ်များအနက် မြန်မာအမျိုးသမီးဘောလုံးလက်ရွေးစင်အသင်းနှင့် ဩစတြေးလျအမျိုးသမီး U-23 အသင်းတို့သည် ဩဂုတ် ၇ ရက် ညနေ ၄ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၄ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဟာဗောဓိသို့ စစ်ကိုင်းမင်းပို့ခဲ့သည့် ကျောက်စာ ဆောင်းပါး စာမျက်နှာ- ၄

နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ စာမျက်နှာ- ၁၈

ဇန္နုလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉ ၂၅၄၇၈၁၀၆၀၊ ၀၉ ၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉ ၂၆၁၄၀၀၈၅၅
ရွှေမင်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ဥသမ်ခိုသူ Online Easy Ticket, Go - Auto Ticket
ရန်ကုန်
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ခမီ
- တောင်ငူ - ဆွာ - ရေနီ
- ပုသိမ်

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု